မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၂၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် — ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။

ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု

- ကံဟုမူလ၊ သမ္မုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
- ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဘုံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
- လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မဃဒေဝ)

ပိမိတို့၏ မျှော်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ပိမိတို့နိုင်ငံ၌ ထာဝရငြိမ်းချမ်းရေးရရှိရန် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန်နှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံဖြစ်ရန်ဟူသည့် မျှော်မှန်းချက်သုံးရပ်ပင်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ် (၃၉) အကြီးစားစက်ရုံအတွင်း လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွှေသိမ်တော်ဘုရားကွင်း၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးမောင်မြင့်၊ ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်အစိုးရသည်

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတကာ

အာဂျင်တီးနားထောက်လှမ်းရေးအေဂျင်စီ ဖျက်သိမ်းရန် သမ္မတဖာနန်ဒက် ကြေညာချက်ထုတ်ပြန်

စာမျက်နှာ ❖ ၄

ဆောင်းပါး

မြန်မာ့ခရီးသွားကဏ္ဍ၏ သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူ

စာမျက်နှာ ❖ ၆

ပြည်တွင်း

သြစတြေးလျ-မြန်မာ နှစ်နိုင်ငံလေကြောင်းသဘောတူစာချုပ် ပြန်လည်ချုပ်ဆို

စာမျက်နှာ ❖ ၁၂

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းဆီရှိုင်းအနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘဘတဘမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Show Room(4) - Mandalay အမှတ်(၄၁၁)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့ Ph: 09-795594006, 09-795594008

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့ရက်ကန်းအဆင့်မြှင့်တင်

မြန်မာနိုင်ငံ၌ စက်ရက်ကန်းများမပေါ်ပေါက်မီက လက်ရက်ကန်းများ ထွန်းကားခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။ အထူးသဖြင့် အထက်မြန်မာနိုင်ငံ အနှံ့အပြားတွင် မြို့ပေါ်၌သာမက တောနယ်ကျေးရွာများအထိ ထွန်းကားခဲ့သည်။ မြန်မာနိုင်ငံ၌ ဝံသာနုရက္ခိတစိတ်ဓာတ်များ အပြင်းထန်ဆုံးအချိန်ဟု ဆိုအပ်သော လွတ်လပ်ရေးမရမီက မြန်မာလူမျိုးအများစုသည် မိမိနိုင်ငံပြည်တွင်းဖြစ် အဝတ်အထည်များကို ဝတ်ဆင်ကြလေ့ရှိရာ လက်ရက်ကန်းအတတ်ပညာသည်လည်း တစ်ဟုန်ထိုးတိုးတက်ခဲ့လေသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းသည် မြန်မာ့ရက်ကန်းသမိုင်းတွင် ထင်ရှားအောင်မြင်လာပြီး ယနေ့ခေတ်တိုင် ရက်ကန်းအတတ်ပညာရှင်များမွေးထုတ်ပေးရာ သင်တန်းကျောင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တွင် တရားရေးမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Mr.L.H Saunder က အင်္ဂလန်မှ လွန်းပြန်လက်ခတ်တစ်ခုကို ယူဆောင်၍ အမရပူရမြို့တွင်ရှိသော ရိုးရာလက်ရက်ကန်းစင်၌ တပ်ဆင်အသုံးပြုခဲ့ပြီး ရက်ကန်းအတတ်ပညာများကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရန် ၁၉၁၄ ခုနှစ်တွင် အမရပူရမြို့ ယခုလက်ရှိနေရာ၌ ရက်ကန်းပညာသင်တန်းကျောင်းတစ်ကျောင်းကို စတင်တည်ဆောက်ခဲ့သည်။ ရက်ကန်းပညာသင်တန်းကျောင်းကို စတင်တည်ထောင်ပေးခဲ့သော Mr.L.H Saunder ကို ဂုဏ်ပြုသောအားဖြင့် ယင်းရက်ကန်းကျောင်းကို ဆောင်းဒါးရက်ကန်းကျောင်းဟု အမည်ပေးခဲ့ရာ ယခုအခါ နှစ် ၁၀၀ တိုင်ခဲ့လေပြီ။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် အဆိုပါရက်ကန်းကျောင်းသို့ ဇန်နဝါရီ ၂၂ ရက်က ရောက်ရှိစဉ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၏ ရည်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ အကောင်းဆုံးသော ရက်ကန်းစင်တာနှင့် အရှေ့တောင်အာရှ၏ သဘာဝဆိုးဆေးနှင့် လက်ရက်ထည်ကဏ္ဍ ထိပ်တန်းနည်းပညာသင်ကြားပေးနိုင်သည့်ကျောင်းအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးပမ်းသွားရန်ဖြစ်ကြောင်း၊ ဆောင်းဒါးရက်ကန်း သိပ္ပံမှာ သမိုင်းအစဉ်အလာကြီးမားသည့် ကျောင်းကြီးဖြစ်ပြီး "လွန်းပြန်အစဆောင်းဒါးက" ဟူသည့် ဆောင်ပုဒ်ကို တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ ရိုးရာရက်ကန်း အမွေအနှစ်များကို ဆက်လက်ရပ်တည်နိုင်ရေး၊ ရှင်သန်ရေး၊ ရေရှည်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့်နေရာဖြစ်အောင် ဖန်တီးသွားရန်၊ ဆောင်းဒါးရက်ကန်းထည်များကို ဈေးကွက်ထိုးဖောက်ရာတွင် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် တီထွင်ဖန်တီးနိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသည် ဒေသအသီးသီးရှိ အထက်တန်းရက်ကန်းကျောင်း ရှစ်ကျောင်း၊ အခြေခံရက်ကန်းကျောင်းငါးကျောင်းတို့နှင့် ချိတ်ဆက်ကာ ရက်ကန်းပညာရပ်များ သင်ကြားပို့ချပေးနေသောကျောင်းကြီးဖြစ်ပြီး ဒီပလိုမာလက်မှတ်များပေးအပ်ချီးမြှင့်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ မြန်မာလူမျိုးတို့၏ လက်မှုအမွေအနှစ်တစ်ရပ်ဖြစ်သည့် ရက်ကန်းအတတ်ပညာများ မတိမ်ကောအောင် ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ရက်ကန်းအတတ်ပညာရှင် အများအပြားမွေးထုတ်ကာ မြန်မာ့ရက်ကန်းထည်များ ပိုမိုကောင်းမွန်အောင် ထုတ်လုပ်ခြင်းဖြင့် မြန်မာ့ရက်ကန်းအဆင့်အတန်းကို မြှင့်တင်သွားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး သတ္တမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၇

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ စေတီတော် ဂေါပကရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ဆပ်ကော်မတီအသီးသီးနှင့် တက်ရောက်လာသော ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

သတ္တမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မတ်လ ၃ ရက် ညနေပိုင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ မတ် ၄ ရက် (တပေါင်းလပြည့်နေ့) နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ နေ့လယ်ပိုင်းတွင် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ပူဇော်ခြင်းများပြုလုပ်မှုအပြင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ပွဲတော်ကွင်းအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရွှေမြန်မာဇာတ်ပွဲ၊ ရွှေမန်းသဘင်၊ စွမ်းဇာနည်ဇာတ်သဘင်၊ ရွှေမန်း ပန်တျာကြည်လင်တို့၏ မျိုးဆက်သစ်ဇာတ်ပွဲနှင့် ဟားငါးကောင်အဖွဲ့ စုစုပေါင်း ဇာတ်သဘင်အဖွဲ့ကြီး ငါးဖွဲ့တို့၏ အခမဲ့ကပြ ဖျော်ဖြေမှုများနှင့်အတူ ပျော်ပွဲ ရှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အသက် ၁၀၀ နှင့်အထက်အဘိုးအဘွားများအား ချီးမြှင့်ငွေထောက်ပံ့

မြစ်ကြီးနား ဇန်နဝါရီ ၂၇

ကချင်ပြည်နယ် အတွင်းရှိ အသက် ၁၀၀ နှင့်အထက် အဘိုး ၃၅ ဦး၊ အဘွား ၄၉ ဦး စုစုပေါင်း ၈၄ ဦးတို့ကို နိုင်ငံတော်သမ္မတ၏ အသိအမှတ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးသည့် အသိအမှတ်ပြု မှတ်တမ်းလွှာနှင့်အတူ အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီပေးအပ်ခဲ့ရာ ပြည်နယ်မှ အဘိုး အဘွား ၈၄ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၆၈ သိန်းကို ယနေ့ အခမ်းအနားဖြင့် ပူဇော်ဂါရဝပြု ထောက်ပံ့ပေးနိုင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာသည့် အဘိုးအဘွားငါးဦးတို့ကို တစ်ဦးလျှင်ငွေကျပ် နှစ်သိန်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် ထောက်ပံ့ချီးမြှင့်ငွေကျပ်ငါးသောင်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဂုဏ်ပြုခံအဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကွင်းဆင်းစစ်ဆေး

ပြည် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်၊ စက်မှုလယ်ယာဦးစီးဌာနတိုင်းဦးစီးမှူး ဦးလှမြင့်နှင့် အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စု (GAP) ဧက ၁၀၀ စံပြကွက်ရှိ တောင်သူ ဦးမြင့်ရွှေ၏ ပုလဲသွယ်စိုက်ခင်းပေါင်းလိုက်၊ တမန်းနှုး၊ မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

မြင့်နိုင် (ပြည်)

ဆင်းမ်ကတ်ရှစ်သန်းကျော် လာမည့်ဘဏ္ဍာနှစ်အတွင်း ထပ်မံရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၂၇

လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွင်းတစ်နိုင်ငံလုံး တယ်လီဖုန်းသိပ်သည်းဆ ၈၀ ရာခိုင်နှုန်းအထိ ရှိလာစေရန် ရည်ရွယ်လျက် ဆင်းမ်ကတ်ရှစ်သန်းကျော် ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငွေကျပ် ၁၅၀၀တန် GSM နှင့် WCDMA ဆင်းမ်ကတ် ရှစ်သန်းကျော်ကို လာမယ့်ဘဏ္ဍာနှစ်အတွင်း တယ်လီဖုန်း သိပ်သည်းဆ တိုးလာစေဖို့ တိုးမြှင့်ရောင်းချပေးသွားဖို့ စီစဉ်လျက်ရှိပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လာမည့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြို့ပေါင်း ၃၆၀ ကို လွှမ်းခြုံလျက်GSM နှင့်WCDMA ဆင်းမ်ကတ် ၈၀၅၅၃၀၀ နှင့် အော်တိုတယ်လီဖုန်း ၁၈၃၄၀ ထပ်မံရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်လူဦးရေ၏ တယ်လီဖုန်းသုံးစွဲနိုင်မှု သိပ်သည်းဆကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆကို ၅၀ ရာခိုင်နှုန်းနှင့် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သိပ်သည်းဆ ၈၀ ရာခိုင်နှုန်းခန့် ရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ လာမည့်ဘဏ္ဍာနှစ်အတွင်း မိုဘိုင်းဖုန်းအလုံးရေ ရှစ်သန်းကျော် ရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

သတင်း-ကြဲတိုင်းအောင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၇၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၇-၁၀၃၂
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၂၅
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၉၀-၄၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၂၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၀၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၅၃၀-၇၀၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၈၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ဒီဇိုင်း-စေ့ငှတင်ပြသည်။

ပြည်တွင်းသတင်း

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက် မဟာဓမ္မဗိမာန်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သဘာပတိအဖြစ် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမဟာဝိသုဒ္ဓါရုံ သက်တော်ရှည် ဝါဆိုဆရာတော်ကြီးက ဆောင်ရွက်တော်မူပြီး အခမ်းအနားအဖွင့် ထုတိဝေဒလ္လမင်္ဂလာဂါထာကို ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဂန္ဓာရုံကျောင်းဆရာတော် သာသနဓဇဓမ္မာစရိယဓမ္မကထိက ဘဒ္ဒန္တဝဏ္ဏိတက ဖတ်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး (ကိုယ်စား) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက ရဟန်းတို့သည် အမြဲမပြတ် တိုင်ပင်ညှိနှိုင်းဆွေးနွေး၍ သာသနာ့ကိစ္စများကို လုပ်ဆောင်နေသမျှ ကာလပတ်လုံး ကြီးပွား တိုးတက်နေကြလိမ့်မည်။ မည်သည့်အခါမျှ ဆုတ်ယုတ်လျော့ပါးခြင်း မဖြစ်နိုင်ဟူသော မြတ်ဗုဒ္ဓ၏ မိန့်မှာချက်နှင့်အညီ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားတိုးတက်ရေးအတွက် ရွှေကျင်နိကာယဂိုဏ်း အစည်းအဝေးကြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခု အစည်းအဝေးကြီးက မြတ်ဗုဒ္ဓ၏ မိန့်မှာချက်နှင့်အညီ ပြဋ္ဌာန်းသတ်မှတ်ထားသည့် လုပ်ငန်းကိစ္စများနှင့် မိမိတို့ဒေသဆိုင်ရာ သံဃာ့အစည်းအဝေးများ၏ ပြဋ္ဌာန်း ဆုံးဖြတ်ချက်တို့ကိုလည်း ညီညီညွတ်ညွတ် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရွှေကျင်နိကာယဂိုဏ်းဝင် သံဃာတော်တို့သည် သာရဏီယတရား ခြောက်ပါးကို လက်ကိုင်ကျင့်သုံးပြီး ရွှေကျင်ဂိုဏ်းအစည်းအဝေးက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးကာ မြတ်ဗုဒ္ဓသာသနာထွန်းကားရေးကို ကြိုးစားဆောင်ရွက်တော်မူကြရန်ဖြစ်ကြောင်း အစရှိသည့် သာရဏီယဩဝါဒကထာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မန္တလေး မဟာဝိသုဒ္ဓါရုံ မတ္တရာသူဌေးကျောင်းဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ကျင်းပရခြင်း အကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယကောဝိဒ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂီသက ကြိုဆိုနှုတ်ခွန်းဆက် (ပစ္စုဂ္ဂမနအဘိမင်္ဂလကထာ)ကိုလည်းကောင်း လျှောက်ထားတော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လျှောက်ထားရာတွင် ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို ယခုကဲ့သို့ ပုံမှန်ကျင်းပပြုလုပ်ခြင်းသည် သံဃာညီညွတ်ခြင်းတို့ကြောင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ညီညွတ်သော သံဃာတော်အပေါင်းကို ဖူးမြော်ကြည်ညိုခွင့်ရရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်တကွ စေတနာရှင် ပြည်သူ၊ ပြည်သားအပေါင်းတို့မှာ စေတနာ၊ သဒ္ဓါအကျိုး ပွားတိုး ခံစားရသကဲ့သို့ အမျိုး၊ ဘာသာ၊ သာသနာ အကျိုးများ တိုး၍တိုး၍ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသား ဒါယကာ ဒါယိကာမအပေါင်းတို့အား ငြိမ်းချမ်းခြင်း၊ ညီညွတ်မှုတခြင်း တရားများ ဟောကြားညွှန်ပြတော်မူ၍ အစဉ်ထာဝရ စောင့်ရှောက်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံ ပေါကုနုဝိတ သိရိဝိနယာလင်္ကာရာရာမကျောင်း ဘဒ္ဒန္တဓမ္မရက္ခိတထေရ်က သီရိလင်္ကာနိုင်ငံ ရွှေကျင်နိကာယ သာသနာရေးရာ လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားတော်မူသည်။

ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့ အမေရိကန်၊ ဂျာမနီ၊ ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ သီရိလင်္ကာ၊ ဂျပန် စသည့်နိုင်ငံများမှ ဆရာတော်၊ သံဃာတော် (၃၈)ပါးနှင့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော် တစ်ထောင်ကျော် တက်ရောက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးကြီးကို ဇန်နဝါရီ ၂၉ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ပြီး ရွှေကျင်နိကာယသာသနာ စတင်ရောက်ရှိ ပြန့်ပွားပုံစာတမ်း၊ မျက်မှောက်ခေတ် သာသနာရေးနှင့် ရွှေကျင်ဂိုဏ်း စာတမ်းများ ဖတ်ကြားခြင်း၊ အစည်းအဝေးများနှင့် ညပိုင်းတွင် ဓမ္မသဘင်များ ကျင်းပခြင်းတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သံဃာဂိုဏ်း (၉) ဂိုဏ်းရှိရာ ရွှေကျင်ဂိုဏ်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး သံဃာငါးသောင်းကျော်ရှိသည်။ "အုတ်ကျစ် ကျော် အေးမန္တလေး" ဟူသော မှတ်တမ်းများအရ မန္တလေး ရတနာပုံမြို့ကို မင်းတုန်းမင်းကြီးက မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်တည်ခဲ့ပြီး "အင် ကြင်း ခက် ကျိုင်း ရွှေကျင်ဂိုဏ်း" ဟူသော မှတ်တမ်းစကားအရ ထိုနှစ်မှာပင် ရွှေကျင်ဆရာတော်ကြီးအား ကျောင်းတိုက်တည်ဆောက်လှူဒါန်းကာ ပင့်တင်ကိုးကွယ်ချိန်မှစတင်ပြီး ရွှေကျင်ဂိုဏ်းတည်ရှိလာခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။ ပထမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို ၁၂၈၂ ခုနှစ်က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ အဖွဲ့ဝင် ၁၃ ဦးနှင့် သင်တန်းသား/သင်တန်းသူ ၂၇ ဦးတို့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ အဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်း၊ ကြိုတင်မဲကိစ္စ၊ ပြည်တွင်းလေ့လာစောင့်ကြည့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲပေးမှုစနစ်နှင့် ပါတီဆိုင်ရာကိစ္စရပ်များကို မေးမြန်းရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းကြည်က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဦးညွန့်တင်က ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဦးဝင်းကိုက ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု၊ မဲဆန္ဒရှင်ပညာပေးခြင်းကိစ္စ၊ မဲပေးမှုစနစ်နှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်ပတ်သက်၍လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အာဂျင်တီးနားထောက်လှမ်းရေးအေဂျင်စီ ဖျက်သိမ်းရန် သမ္မတဖာနန်ဒက်ကြေညာချက်ထုတ်ပြန်

သေဆုံးခဲ့သော အစိုးရရှေ့နေ အယ်လ်ဘတ်တိုနစ္စမန်းနှင့်အာဂျင်တီးနားထောက်လှမ်းရေးအေဂျင်စီအား ဖျက်သိမ်းကြောင်းကြေညာချက်ကို တွေ့ရစဉ်။

ဗျူနိုအေရိစ် ဇန်နဝါရီ ၂၇

သမ္မတ ခရစ္စတီးနားဖာနန်ဒက် ဒီကစ်ရှ်နားက အာဂျင်တီးနား ထောက်လှမ်းရေးအေဂျင်စီအား ဖျက်သိမ်းရန် စီစဉ်နေကြောင်း ကြေညာလိုက်သည်။

ထောက်လှမ်းရေးအဖွဲ့အစည်း သစ်တစ်ရပ်ထူထောင်သွားရန် မူကြမ်းတစ်ရပ်ရေးဆွဲနေကြောင်း ၎င်းက ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။ အာဂျင်တီးနားထောက်လှမ်းရေးလုပ်ငန်းသည် ၁၉၈၃ ခုနှစ်တွင် အဆုံးသတ်သွားသော စစ်အစိုးရကာလအတွင်းတည်ဆောက်ခဲ့သည့် ပုံစံအတိုင်း ဖြစ်နေကြောင်းဖြင့်လည်း မစ္စစ်ဖာနန်ဒက်က ပြောသည်။

ထိပ်တန်းအရာရှိများအား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စီစဉ်နေစဉ် စစ်ဆေးမှုမပြုလုပ်မီ တစ်နာရီခန့်က အစိုးရရှေ့နေ အယ်လ်ဘတ်တိုနစ္စမန်း ထူးဆန်းစွာ သေဆုံးခဲ့ခြင်းနှင့် ပတ်သက်ပြီး ဤဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အစိုးရ ရှေ့နေအယ်လ်ဘတ်တိုနစ္စမန်းသည် ၁၉၉၄ ခုနှစ်က မြို့တော်ရှိ ဂျူးစင်တာ၌ ဗုံးခွဲမှုကြောင့် လူပေါင်း ၈၅ ဦး သေဆုံးခဲ့သောအမှုကို စုံစမ်းဖော်ထုတ်ရန် ကြိုးစားနေသူဖြစ်သည်။

မိမိအနေဖြင့် ထောက်လှမ်းရေးအေဂျင်စီကို ပြုပြင်ပြောင်းလဲသွားရန် မူကြမ်းတစ်ရပ်ရေးဆွဲထားပါကြောင်း သမ္မတက ပြောကြားသည်။

လက်ရှိထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းပြီး ပြည်ထောင်စုထောက်လှမ်းရေးအေဂျင်စီအဖြစ် ပြုပြင်ပြောင်းလဲရန်နှင့် ခေါင်းဆောင်အသစ်ကို သမ္မတက ရွေးချယ်၍ လွှတ်တော်မှ အတည်ပြုချက်ရယူရန်လိုကြောင်း သမ္မတက ပြောသည်။

မစ္စတာ နစ္စမန်းသည် ဇန်နဝါရီ ၁၈ ရက်က ဗျူနိုအေရိစ်ရှိ ၎င်း၏ အခန်း၌သေဆုံးခဲ့ရာ ၎င်းနှင့်အတူ သေနတ်တစ်လက်လည်း ဘေးတွင် တွေ့ရှိခဲ့သည်။ **(ဘီဘီစီ)**

ဆီးရီးယားတပ်မတော်တပ်မှူးတစ်ဦး မျိုးနွယ်စုခေါင်းဆောင်များနှင့် တွေ့ဆုံ၍ အိုင်အက်စ်များကို တိုက်ခိုက်ရန်ဆွေးနွေး

ဒမတ်စကတ် ဇန်နဝါရီ ၂၇

နိုင်ငံခြားမှကျောထောက်နောက်ခံပြုထားသည့် တက်ခ်ဖရီအကြမ်းဖက်သမားများကို ဆန့်ကျင်၍ ပူးပေါင်းတိုက်စစ်ဆင်နွှဲရန် ဆီးရီးယားတပ်မတော်မှ တပ်မှူးတစ်ဦးသည် ဒေသဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များနှင့် ဆီးရီးယားနိုင်ငံအရှေ့မြောက်ဘက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။ အစည်းအဝေးကို မြို့တော်အယ်လ်ဟာဆာခါတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နှစ်ဖက်အုပ်စုများသည် တက်ခ်ဖရီစစ်သွေးကြွများကို တိုက်ခိုက်ရန်အတွက် တပ်ဖွဲ့ဝင်သစ်များစုဆောင်းနိုင်မှုအလားအလာများကို ဆွေးနွေးခဲ့ကြသည်။

လွန်ခဲ့သောအပတ်က အကြမ်းဖက်သမားများသည် အဆိုပါ ပြည်နယ်ရှိ အပြစ်မဲ့ ပြည်သူဒါဇင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။ မည်သူမည်ဝါ၏ လက်ချက်ဟု အတိအကျဖော်ပြခြင်းမပြုဘဲ ဒေသဆိုင်ရာသတင်းရင်းမြစ်များက အိုင်အက်စ်အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၂ ရက်နေ့တွင် တယ်မာဂစ်နှင့်အမ်ရာဂါဘာ့ရှိ ကျေးရွာပေါင်းအတော်များများကို အဓမ္မသိမ်းပိုက်ခဲ့ပြီး လူဒါဇင်ပေါင်းများစွာကို ပစ်သတ်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထို့နောက် အကြမ်းဖက်သမားများသည် အိမ်များကို ဖျက်ဆီးခဲ့ကြောင်း ဆာနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ **(ပရက်စ်တီဗွီ)**

ရဲအရာရှိသုံးဦး၏ပစ်ခတ်မှုကြောင့် အသက် ၁၇ နှစ်အရွယ် မိန်းကလေးသေဆုံး

တက္ကဆက် ဇန်နဝါရီ ၂၇

တက္ကဆက်ပြည်နယ် လောင်းဗျူးရဲစခန်း၌အသက် ၁၇ နှစ်အရွယ်ရှိ ခရစ္စတီယာနာခွိုင်နဒ်ကို အမေရိကန်ရဲအရာရှိသုံးဦးက ပစ်သတ်မှုဖြစ်ပွားခဲ့ပြီးနောက် ထိုရဲအရာရှိ သုံးဦးကို တာဝန်မှရပ်ဆိုင်းထားခဲ့သည်။

ကြာသပတေးနေ့ လောင်းဗျူးရဲဌာနချုပ်၌ ရဲအရာရှိတစ်ဦးနှင့်စကားပြောရန် သွားရောက်စဉ် ၎င်းကိုသေနတ်ဖြင့် လေးကြိမ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရဲစခန်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ခရစ္စတီဘရိုင်ယန်က ထိုရဲအရာရှိသုံးဦး၏ အမည်ကိုထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။

အပစ်ခံရသူမိန်းကလေးသည် ရဲအရာရှိများကို လက်နက်ဖြင့် ရင်ဆိုင်ခဲ့ကြောင်း၊ ၎င်းသည်ရဲအရာရှိများကို လက်နက်ဖြင့်ဝှေ့ယမ်းရန်မူပြီးနောက် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ သူမကိုင်ဆောင်သည့် လက်နက်ကိုမူ မသိရကြောင်းနှင့်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ရဲစခန်းအတွင်း၌ လူရှုပ်ထွေးခြင်းမရှိဘဲ ရှင်းလင်းနေကြောင်း ဘရိုင်ယန်က ပြောကြားခဲ့သည်။

လောင်းဗျူးမြို့တော်ဝန် ဂျေးဒင်းက မိန်းကလေးအနေဖြင့် ဓားကိုင်ဆောင်ကာ ရဲစခန်းအတွင်းဝင်ရောက်လာခဲ့သည်ဟု သိရကြောင်း ပြောကြားခဲ့သည်။ အွန်လိုင်းမှအမည်မသိ ဟက်ကာတစ်ဦးမှဆယ်ကျော်သက်မိန်းကလေး အသတ်ခံရမှုနှင့်ပတ်သက်၍ ရဲများကိုလက်တုံ့ပြန်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ တက္ကဆက်ရိန်းဂျားတပ်ဖွဲ့မှ အဆိုပါဆယ်ကျော်သက် မိန်းကလေး အသတ်ခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

တရုတ်တွင် ကိုယ်ဝန်ပျက်ကျနှုန်းမြင့်၍ အမျိုးသမီးငယ်များအတွက် စိုးရိမ်ဖွယ်ဖြစ်လာ

ပေကျင်း ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံတွင် ကလေးပျက်ကျမှုနှုန်းမြင့်မားလာသည့်အတွက် အမျိုးသမီးငယ်များအားအကာအကွယ်ပေးရေးပူးပေါင်းဆောင်ရွက်ရန် ကျန်းမာရေးဌာနများနှင့် မိဘများအားဖိတ်ခေါ်လျက် ကျွမ်းကျင်ပညာရှင်များက လူငယ်များအား အသိပညာပေးခြင်းအပေါ် ပြည်သူလူထု၏စိုးရိမ်ပူပန်မှုမှာ ကြီးထွားလာခဲ့သည်။

နိုင်ငံတွင်နှစ်စဉ်ကလေးပျက်ကျမှုသည် ၁၃ သန်းခန့်ရှိနေပြီး ပျက်ကျမှု၏ ၆၂ ရာခိုင်နှုန်းမှာ အသက် ၂၀ နှင့် ၂၉ ကြား လူလွတ်အမျိုးသမီးများဖြစ်ကာ ၂၀ ရာခိုင်နှုန်းနီးပါးသည် ကလေးတစ်ကြိမ်မက ပျက်ကျသူများဖြစ်သည်ဟု အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံခန့်ခွဲမှုကော်မရှင်လက်အောက်ရှိ သုတေသနပြုချက်အရ သိရသည်။

တရုတ်နိုင်ငံတွင် ကိုယ်ဝန်ဖျက်ခြင်းကို ဘေးထွက်ဆိုးကျိုးနည်းပါးပြီး လွယ်ကူသည့်အရာဖြစ်သည်ဟု ထင်မြင်စေကာ မနာမကျင်ဘဲကိုယ်ဝန်ပျက်ကျခြင်းကို အားပေးသည့်ကြော်ငြာများ အမြဲလိုလိုမြင်တွေ့နေရသည်။ ထိုကြော်ငြာများသည် အမျိုးသမီးများအား ကိုယ်ဝန်ဖျက်ချရာတွင် အန္တရာယ်အခက်အခဲမရှိဟူ၍ အလွယ်တကူလိမ်လည်လှည့်ဖြားနေသည်ဟု ပေကျင်းရှိ မီးယပ်နှင့်သားဖွားဆေးရုံမှ သားဖွားဆရာဝန်ရှန်ဒန်က ဆိုသည်။

ဗက်တီးရီးယားရောဂါပိုးကူးစက်မှုကြောင့်လည်း ကိုယ်ဝန်ပျက်ကျနိုင်ပြီး ၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသော အမျိုးသမီးများမှာ ကိုယ်ဝန်ဖျက်ချမှုကြောင့် သားသမီးမရရှိနိုင်တော့ကြောင်း ၎င်းက ပြောသည်။ **(ဆင်ဟွာ)**

လေးလကြာတိုက်ပွဲဆင်နွှဲအပြီး ကိုဘာနီမြို့ကို ကာဒစ်တပ်များက အကြမ်းဖက်သမားများလက်မှ ပြန်ရယူ

ကိုဘာနီ ဇန်နဝါရီ ၂၇

ကာဒစ်တပ်ဖွဲ့ဝင်များက ဆီးရီးယားမြောက်ပိုင်း ကိုဘာနီမြို့၌ လေးလကြာတိုက်ပွဲဆင်နွှဲခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွများကို အဆိုပါမြို့မှ ပြန်လည်မောင်းထုတ်နိုင်ခဲ့သည်။

ဂျီဟတ်များ တပ်ဆုတ်သွားပြီးနောက် ကိုဘာနီမြို့အရှေ့ပိုင်းဒေသများသို့ ပေါ်ပြူလာပရိုတက်ရှင်ယူနစ် (YPG)မှ တိုက်ခိုက်ရေးသမားများ ဝင်ရောက်နိုင်ခဲ့ပြီဟု ဆိုသည်။

အိုင်အက်စ်ဆန့်ကျင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် ကိုဘာနီမြို့၏ ၉၀ ရာခိုင်နှုန်း ထိန်းချုပ်ထားပြီဖြစ်ကြောင်း အမေရိကန်က ပြောသည်။

ဆီးရီးယားရှိ အိုင်အက်စ်တို့အား လေကြောင်းတိုက်ခိုက်မှု ပြုရာတွင် ကိုဘာနီမြို့သည် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ မဟာဗျူဟာမြောက် စစ်ဆင်ရေးကို အဓိကစမ်းသပ်ရာ မြို့တစ်မြို့ဖြစ်သည်။

အိုင်အက်စ်တို့က စက်တင်ဘာလတွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် တူရကီနယ်စပ်အနီး ထောင်ပေါင်းများစွာသော ပြည်သူများ ထွက်ပြေးခဲ့ရသည်။ ကာဒစ်တို့မတိုက်ခိုက်မီ စစ်သွေးကြွများက ကျေးရွာပေါင်း ၃၀၀ နီးပါးကိုလည်း သိမ်းပိုက်ထားသည်။

တိုက်ပွဲများအတွင်း လူပေါင်း အနည်းဆုံး ၁၆၀၀ သေဆုံးခဲ့ပြီး ယင်းတို့တွင် ဂျီဟတ်ဝါဒီ ၁၁၉၆ ဦး ပါဝင်ကြောင်း ယူကေအခြေစိုက် ဆီးရီးယား အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ **(ဘီဘီစီ)**

ဂရိကြွေးမြီများကို အကျေပြန်ဆပ်ရန်မှာ မဖြစ်နိုင်ကြောင်း အနိုင်ရ ဆိုင်ရီဇာပါတီပြောကြား

အေသင် ဇန်နဝါရီ ၂၇

ဂရိနိုင်ငံ၏ များပြားသော ကြွေးမြီများကို အကျေပြန်လည်ပေးဆပ်ရန်မှာ မဖြစ်နိုင်ကြောင်း အနိုင်ရ ဆိုင်ရီဇာပါတီမှ စီးပွားရေးပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။



တနင်္ဂနွေနေ့က အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဆိုင်ရီဇာပါတီသည် နိုင်ငံတကာမှ ချေးယူထားသော ဂရိနိုင်ငံ၏ ကြွေးမြီ ယူရို ၂၄၀ ဘီလီယံ၊ (ပေါင် ၁၇၅ ဘီလီယံ၊ ဒေါ်လာ ၂၇၀ ဘီလီယံ)နှင့် ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လိုသည့်ဆန္ဒရှိနေသည်။

"ဂရိနိုင်ငံ၏ ကြွေးမြီများကို ရေရှည်ထိ ဆွဲထားနိုင်မယ်ဆိုတာ ဘယ်သူမှ မယုံကြည်နိုင်ဘူး" ဟု ပါလီမန်အဖွဲ့ဝင် ယူကလစ်ဒ်ဆာကလိုတော့စ်က ပြောခဲ့သည်။

ဂရိအစိုးရသစ်ကို၎င်း၏ကြွေးရှင်များနှင့်သက်ဆိုင်သော ကတိကဝတ်များကို ဖြည့်စွမ်းရန် ဥရောပသမဂ္ဂခေါင်းဆောင်များက သတိပေးခဲ့သည်။ တနင်္လာနေ့က ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဆိုင်ရီဇာပါတီခေါင်းဆောင် အလက်ဇစ် ဆီပရက်စ်က ၎င်း၏အစိုးရသစ်ယန္တရားကို အင်္ဂါနေ့နှောင်းပိုင်းတွင် လည်ပတ်နိုင်ရန် မျှော်လင့်ထားသည်။

ဂရိပြိုဆင်းသွားလျှင် ယူရိုငွေကြေးဈေးကွက်လည်း ပြိုဆင်းနိုင်ကြောင်း၊ ယူရိုငွေကြေးဈေးကွက်သည် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ ဤကဲ့သို့ ဖြစ်ခြင်းသည်ဂရိ၏ခြိုးခြံချွေတာမှုမူဝါဒကြောင့်ဖြစ်ကြောင်း မစ္စတာ ယူကလစ်ဒ်ဆာကလိုတော့စ်က ပြောခဲ့သည်။ ကျန်သော ယူရိုသုံးနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ အဆင်ပြေခဲ့လျှင် အခြား၌လည်း ချွေတာမှု တိုက်ဖျက်ရေးပါတီများသည် မယုံကြည်နိုင်လောက်အောင် ထောက်ခံမှုရရှိနိုင်ကြောင်း သိရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ဇီဝလက်နက်နှင့်ဓာတုလက်နက်တားဆီးပိတ်ပင်ရေး သဘောတူစာချုပ်နှင့် လက်နက်မပြန့်ပွားရေးနယ်ပယ်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် ရေးရာဆောင် (I-20)၌ အမေရိကန်ပြည်ထောင်စု လက်နက်ထိန်းချုပ်ရေးနှင့် စစ်ဆေးရေးဌာနမှ လက်ထောက်အတွင်းရေးမှူးဖြစ်သူ Mr. Frank A.Rose ဦးဆောင်သော အဖွဲ့မှ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇီဝလက်နက် တားဆီးပိတ်ပင်ရေး သဘောတူစာချုပ်၊ ဓာတုလက်နက်တားဆီးပိတ်ပင်ရေး သဘောတူစာချုပ်နှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နောက်ဆက်တွဲ သဘောတူစာချုပ်အပါအဝင် လက်နက်မပြန့်ပွားရေးနယ်ပယ်ဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အာဆီယံခရီးသွားလုပ်ငန်း ကွန်ဖရင့်နှင့် နိုင်ငံအလိုက်သတင်းမီဒီယာများနှင့်တွေ့ဆုံသည့်အစီအစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ၏ ဆဋ္ဌမမြောက်နေ့အဖြစ် အာဆီယံခရီးသွားလုပ်ငန်း ကွန်ဖရင့်နှင့် အာဆီယံနိုင်ငံများအလိုက် သတင်းမီဒီယာများနှင့် တွေ့ဆုံသည့် အစီအစဉ်များကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် ASEAN Tourism Forum 2015 ၏ ခရီးသွားလုပ်ငန်းပြပွဲ (TRAVEX) ဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ၏ ပြပွဲများ စီမံခန့်ခွဲသူ စင်ကာပူနိုင်ငံ MP International Pte.Ltd, မှ ဥက္ကဋ္ဌ Mr. James Chia တို့နှင့်အတူ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်များသည် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံအားပေးကြည့်ရှုခဲ့ကြသည်။ အဆိုပါ ASEAN Tourism Forum 2015 ၏ ခရီးသွားလုပ်ငန်းပြပွဲ (TRAVEX) တွင် ပြည်တွင်း ပြည်ပမှ ပြသထားသည့် ပြခန်းစုစုပေါင်း ၅၂၇ ခန်းရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ASEAN Tourism Forum 2015 အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ **(ဝဲပုံ)**

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ၏ ဆဋ္ဌမမြောက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် Royal Golf Club ၌ PICO Art International မှ တာဝန်ယူဆောင်ရွက်ပေး၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်ခေါင်းဆောင်များ စုပေါင်းပါဝင်သည့် ဂေါက်သီးရိုက်ပွဲအား ကျင်းပပြုလုပ်ပေးခဲ့ပြီး နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ တာဝန်ရှိသူများက နိုင်ငံအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံသည့် အစီအစဉ်များ၊ ခရီးစဉ်ဒေသရောင်းချသူများနှင့် ဝယ်ယူသူများ တွေ့ဆုံသည့် အစီအစဉ်များကို ကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညပိုင်းတွင် သင်္ဂဟဟိုတယ်၌ ဖိလစ်ပိုင်နိုင်ငံမှ ပြုလုပ်သော **"အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၆"** အကြိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူများက ဝန်ထမ်းများကိုယုံကြည်လျှင် လုပ်သမျှအားလုံးအောင်မြင်မည်

မန္တလေး ဇန်နဝါရီ ၂၇

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယလှိုင်းနှင့်တာဝန်ခံမှု၊ တာဝန်ယူမှုစနစ်အပေါ် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့(၆၆)လမ်းနှင့်(၂၆)လမ်းထောင့်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က သုံးသပ်ဆွေးနွေးရာ အဖွဲ့အစည်းတွင် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှစ်ခုရှိကြောင်း၊ ယခုအခါ ထိုနှစ်ခုဖြင့် မလုံလောက်တော့ဘဲ အရပ်ဘက်အဖွဲ့အစည်းလည်း လိုကြောင်း၊ နိုင်ငံတိုးတက်ရန် အဆိုပါသုံးဖွဲ့ ဟန်ချက်ညီရန်လိုကြောင်း၊ ဝန်ထမ်းတွေ ယုံကြည်မှုမရှိလျှင် ဘာမျှမရကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိရန်လိုကြောင်း၊ ပြည်သူနှင့်ဝန်ထမ်းများကြား ယုံကြည်မှုရှိရမည်ဖြစ်ကြောင်း၊ မယုံကြည်သည်ကို ယုံကြည်လာအောင်လုပ်ရန်မှာ ဝန်ထမ်းများ၏ တာဝန်သာဖြစ်ကြောင်း၊ ရလဒ်တစ်ခုတည်းကိုမကြည့်ဘဲ ဘယ်နည်းဖြင့် ရလဒ်ရသလဲဆိုသည်က အရေးကြီးကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက အတူတူဖြစ်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးသည် ပြည်သူ၏ဝန်ကိုထမ်းသော လူများဖြစ်သည်နှင့်အညီ မျှတရမည်၊ ရိုးသားရမည်၊ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရမည်ဖြစ်ကြောင်း၊ ပြည်သူများက ဝန်ထမ်းများကို ယုံကြည်လျှင် လုပ်သမျှအားလုံး အောင်မြင်မည်ဖြစ်ကြောင်း၊ အထက်နှင့်အောက် နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ တကယ် တာဝန်ယူသူ၊ တာဝန်ကျေသူများသည် ရိုးသားရမည်၊ တက်တက်ကြွကြွ လုပ်ဆောင်ရမည်၊ ပြည်သူကို ဂရုစိုက်ရမည်၊ ကူညီရမည်၊ ယုံကြည်ရမည်ဖြစ်ကြောင်းစသဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

တင်မောင်(မန္တလေး)

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း

တစ်နှစ်တာကာလအတွင်း ချို့တဲ့ကင်ဆာလူနာများအား ငွေကြေးပံ့ပိုးနိုင်ရန်အတွက် ဖောင်ဒေးရှင်းသို့ အလှူငွေများ လှူဒါန်းခဲ့ကြသော အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံး တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် (တနင်္ဂနွေနေ့)။
အချိန် - နံနက် (၈:၃၀) နာရီမှ (၁၀:၃၀) နာရီထိ။
နေရာ - အင်းယားလိတ်ဟိုတယ် (မြကန်ခင်းမြင်)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၀၅၅၀၇၀၀၃၊ ၀၉-၂၅၀၅၅၀၇၀၀၄။

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွားဖွံ့လို့ဖြိုး

သတင်းဆောင်းပါး

မြန်မာ့ခရီးသွားကဏ္ဍ၏ သမိုင်းမှတ်တိုင်သစ်တစ်ရပ်စိုက်ထူ

သတင်းဆောင်းပါး-ဇင်ဦး (မြန်မာ့အလင်း)၊ ဓာတ်ပုံ-အောင်ပိုင်

မြန်မာနိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ပေါင်းစပ်မှုရလဒ်အဖြစ် မြန်မာ့ခရီးသွား အခန်းကဏ္ဍအတွင်း သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ပြီဖြစ်သည်။ ယင်းမှာ ခရီးသွားကဏ္ဍတွင် ဩဇာတိက္ကမကြီးမားသော စာဖတ်ပရိသတ် များပြားလှသည့် ကမ္ဘာကျော်ပုဂ္ဂလိကပိုင် မီဒီယာအုပ်စုကြီးဖြစ်သည့် Lonely Planet Traveller မဂ္ဂဇင်းကြီးမှ မြန်မာနိုင်ငံကို အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု Best in Travel - AEC Country ကို ချီးမြှင့်လိုက်ခြင်းကြောင့်ဖြစ်သည်။

အလားတူ "အာဆီယံ ငြိမ်းချမ်းဝေစည်တွဲလက်ညီ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ" ဆောင်ပုဒ်နှင့်အညီ ယခုအခါ (၃၄)ကြိမ်မြောက် အာဆီယံခရီးသွားဖိုရမ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေချိန်နှင့်လည်း ကိုက်ညီနေပေသည်။ အာဆီယံဒေသကို ဆွဲဆောင်မှုရှိ၍ ဘက်စုံကောင်းမွန်ပြီး တစ်ပေါင်းတည်းသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ရန် အာရှ-ပစိဖိတ် ဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော ခရီးစဉ်ဒေသတစ်ခုဖြစ်စေရန်၊ အာဆီယံနိုင်ငံသားများ အာဆီယံဒေသတွင်း ခရီးသွားလာမှု မြှင့်တင်ရေးနှင့် အာဆီယံခရီးသွားလုပ်ငန်း၏ ကဏ္ဍခွဲများအတွင်း ပူးပေါင်း ဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးရည်ရွယ်လျက် အစည်းအဝေးများကို နေပြည်တော်၌ ကျင်းပလျက်ရှိပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန် အာဆီယံထိပ်သီး အစည်းအဝေးများကိုလည်း အောင်မြင်စွာ ကျင်းပပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကာလအတွင်း ခရီးသွားလုပ်ငန်းအခန်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အထူးတိုးတက်ခဲ့ကြောင်းကိုလည်း သိရှိရသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားလုပ်ငန်းစာရင်းဇယားများဆိုင်ရာ လေ့လာချက်များအရ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ၂၀၁၃ ခုနှစ်အတွင်း တိုးတက်မှုငါးရာခိုင်နှုန်းရှိကာ ခရီးသည်ဝင်ရောက်မှု ၁ ဒသမ ၀၈ ဘီလီယံ ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၅၉ ဘီလီယံ ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ခရီးသွားလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ကိုးရာခိုင်နှုန်းရှိပြီး ကမ္ဘာ့စီးပွားရေး သာယာဝပြောမှုနှင့် တည်ငြိမ်မှုအတွက် ခရီးသွားလုပ်ငန်းများမှာ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

ထို့အတူ အာဆီယံဒေသသို့ ၂၀၁၃ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုမှာ ၉၉ ဒသမ ၂ သန်းကျော်ရှိပြီး ၁၁ ဒသမ ၇၃ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း၊ အာဆီယံဒေသတွင်း အာဆီယံနိုင်ငံသားများခရီးသွားလာမှုသည် ၄၅ ဒသမ ၆ သန်းရှိခဲ့ပြီး စုစုပေါင်း ခရီးသည်ဝင်ရောက်မှု ပမာဏ၏ ၄၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည် တစ်သန်းကျော်ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၃ခုနှစ်တွင် ခရီးသည် ၂ ဒသမ ၀၄ သန်းကျော် ဝင်ရောက်ခဲ့ကာ ၂၀၁၄ ခုနှစ်အတွင်း တိုးတက်မှု ၅၁ ရာခိုင်နှုန်းနှင့်အတူ ခရီးသည် စုစုပေါင်း သုံးသန်းကျော်ထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတိုးတက်မှုနှုန်းအတိုင်း ဆက်လက်ထိန်းထားပါက ယခု ၂၀၁၅ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၄ ဒသမ ၅ သန်းကျော်ထိ တိုးတက် ဝင်ရောက်ရန် မျှော်လင့်ထားကြောင်း မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ထိုသို့ အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှု ရလဒ်အဖြစ် မြန်မာနိုင်ငံသည် ယခုအခါ ကမ္ဘာ့အလယ်တွင် အကောင်းဆုံးခရီးစဉ် ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီး ၂၀၁၄ ခုနှစ်အတွက် Lonely Planet Traveller မဂ္ဂဇင်းကြီးမှ ပေးအပ်သည့် AEC နိုင်ငံ ခရီးသွားဆု Best in Travel -AEC Country Award ၂၀၁၄ ကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ၂၀၁၄ ခုနှစ်အတွက် Best in Travel AEC Country ဆု လက်ခံယူစဉ်။

ထို့အတူ ၂၀၁၄ ခုနှစ်အတွင်း ဥပင် မြန်မာနိုင်ငံအနေဖြင့် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကို ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အောင်မြင်စွာ သတ်မှတ် ထည့်သွင်းခြင်းခံခဲ့ရပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းဝင်နေရာဒေသတစ်ခုအဖြစ် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်များ ဖြစ်ပေါ်လာစေရေး အထောက်အပံ့ပေးနိုင်မည့် သမိုင်းမှတ်တိုင်သစ်တစ်ရပ်အဖြစ် စိုက်ထူနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတကာခရီးစဉ်များအတွင်း အာဆီယံဒေသအတွင်း တည်ရှိနေသည့် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ တိုးတက်ဝင်ရောက်မှု၊ သမိုင်းဝင်အမွေအနှစ်နှင့် ယဉ်ကျေးမှုများထွန်းကားပြီး စိတ်ဝင်စားစရာကောင်းသော နိုင်ငံတစ်ခုအဖြစ် အကောင်းဆုံး AEC နိုင်ငံခရီးသွားဆုကို ရရှိခဲ့ခြင်းလည်းဖြစ်ပေသည်။ Destination Awards International အမျိုးအစားတွင် ပေးအပ်ခဲ့သော ဆုတံဆိပ်အမျိုးအစားများမှာ Best in Travel Oversea City, Best Value Travel Destination, Best Destination or Festival, Best Destination for Art and Architecture, Best Destination for Romantic travel, Best Destination for Family Holiday, Best Destination for Adventure, Best Destination for AEC Country နှင့် Ultimate Dream Destination ဟူ၍ စုစုပေါင်း ဆုတံဆိပ်(၉) မျိုးအနက် မြန်မာနိုင်ငံမှ အကောင်းဆုံး AEC နိုင်ငံ ခရီးသွားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခရီးသွားကဏ္ဍနှင့် ပတ်သက်ပြီး ဆုများပေးအပ်ချီးမြှင့်သော Lonely Planet Traveller မဂ္ဂဇင်းကြီးသည် ကမ္ဘာလှည့်ခရီးသွားများအပေါ် ဩဇာလွှမ်းမိုးမှုများစွာရှိကြောင်း သိရှိရသည်။ Lonely Planet Traveller မဂ္ဂဇင်းသည် ပုဂ္ဂလိကပိုင် မီဒီယာလုပ်ငန်းတစ်ခုဖြစ်ပြီး ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် အခြေစိုက်သော ကမ္ဘာ့အကြီးဆုံး ခရီးသွားလမ်းညွှန်စာအုပ်များ ပုံနှိပ်ထုတ်ဝေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ခရီးသွားလာခြင်းကို ဝါသနာကြီးသော Mr. Tony Wheeler နှင့် Mrs. Maureen Wheeler ဇနီးမောင်နှံက ၎င်းတို့၏ မင်္ဂလာဦးပျားရည်ဆမ်းခရီးမှ စတင်အခြေပြုခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ပထမဆုံးစာအုပ်ကို Across Asia on The Cheap အမည်ဖြင့် ထုတ်ဝေခဲ့ပြီး တစ်စတစ်စ အောင်မြင်မှုရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် Wheeler ဇနီးမောင်နှံနှင့် ရှယ်ယာရှင်များက BBC သို့ ကုမ္ပဏီ၏ရှယ်ယာ ၇၅ ရာခိုင်နှုန်းကို ရောင်းချခဲ့သည်။

ထို့နောက် Lonely Planet's Online Community "Thorn Tree" ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖန်တီးခဲ့ပြီး ကမ္ဘာလှည့်ခရီးသည် သန်းပေါင်းများစွာထံမှ ခရီးသွားအတွေ့အကြုံများ ဖလှယ်ခြင်းနှင့် အကြံဉာဏ်များရယူခြင်း ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် BBC မှ အမေရိကန်ဘီလျံနာ Brod Kellely ၏ NC2 Media သို့ ရောင်းချခဲ့ကြောင်း သိရသည်။ ယခုအခါ Lonely Planet မှ အမေရိကန်၊ အင်္ဂလန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများတွင် ရုံးခွဲများ ဖွင့်လှစ်ပြီး ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ Lonely Planet Travel Guide Book သန်း ၁၂၀ ကျော်ရောင်းချနိုင်သော ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါမှုရှိသော မီဒီယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပေးအပ်သော ဆုတံဆိပ်သည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ကမ္ဘာလှည့်ခရီးသွားများအား အကောင်းဆုံးနိုင်ငံများသို့ လည်ပတ်နိုင်ရေး အားပေးတိုက်တွန်းရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ပြီး အွန်လိုင်းမှ စာဖတ်သူများ၏ ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း အားပေးမှုရလဒ်များကို လေ့လာဆန်းစစ်ချက်များအပေါ်အခြေခံ၍ ဆုများ ရွေးချယ်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

> "သမိုင်းဝင် အမွေအနှစ်နှင့် ယဉ်ကျေးမှုများ ထွန်းကားပြီး စိတ်ဝင်စားစရာကောင်းသော နိုင်ငံတစ်ခုအဖြစ် အကောင်းဆုံး AEC နိုင်ငံ ခရီးသွား ဆုကိုရရှိခဲ့"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ရှမ်းပြည်နယ်ခရီးစဉ်တွင် ဇန်နဝါရီ ၂၀ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရေချမ်းစင်ကျေးရွာနေ အသက် (၁၀၃)နှစ်ရှိ အဘွားဒေါ်ပေါကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့်ထောက်ပံ့ငွေကျပ်နှစ်သိန်းကို နိုင်ငံတော်ကိုယ်စား အိမ်တိုင်ရာရောက် သွားရောက်ချီးမြှင့်ပေးအပ်စဉ်။
အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာအမျိုးသားလေကြောင်းတွင် လက်မှတ်အရောင်းကိုယ်စားလှယ် လျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ပျံသန်းပြေးဆွဲနေသော ပြည်တွင်းခရီးစဉ်လေယာဉ်လက်မှတ်များကို အရောင်းကိုယ်စားလှယ်စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ အရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများသည် ဖုန်း-၀၁-၃၇၉၄၇၂ နှင့် ၀၁-၃၇၁၃၁၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြစ်ကြီးနားတက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၇

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြစ်ကြီးနားတက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက မြစ်ကြီးနားတက္ကသိုလ်အားကစားဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်း သတ်မှတ်နေရာများတွင် နေရာယူခဲ့ကြပြီး တာဝန်ခံ ပါမောက္ခချုပ်ကိုယ်စား ဒေါက်တာနီလာထွန်း၊ ပါမောက္ခ(ဌာနမှူး) ဓာတုဗေဒဌာနက အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်ကစားသမားများက အားကစားသစ္စာခံဌာန်များကို ပြိုင်တူရွတ်ဆိုခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြိုင်ပွဲတွင် မီတာ ၁၀၀/၂၀၀/၄၀၀/၈၀၀ နှင့် မီတာ ၁၀၀×၄၊ လက်ဆင့်ကမ်း အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲများ၊ အလျားခုန် အမျိုးသား/အမျိုးသမီးနှင့် သံပြားဝိုင်းပစ်၊ လုံတံပစ် အမျိုးသား/အမျိုးသမီး ပြိုင်ပွဲများ ပါဝင်၍ပြိုင်ပွဲကိုဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန လိုင်စင်အသွင် ကူးပြောင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၇

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် လိုင်စင်အသွင်ကူးပြောင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ဇန်နဝါရီ ၁၂ ရက်က အမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လိုင်စင်အသွင်ကူးပြောင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http://www.mcit.gov.mm/content/law-regulation.html) တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၂၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် အစီအစဉ်(၆)ခုဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများ၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာများ**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ဆက်လက် ရှင်းလင်းတင်ပြကြသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သားငါးထွက်ပစ္စည်းနှင့် သားငါးထွက်ပစ္စည်း မွမ်းမံထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာအကူအညီဖြင့် ကျေးလက်လမ်းတံတားများ၊ ရပ်ရွာအခြေခံအဆောက်အအုံများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ ရေပေးဝေရေး၊ ကျေးလက်မီးလင်းရေး၊ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အသုံးစရိတ်လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝန်ကြီးဌာန၏ ရငွေစာရင်း၊ အသုံးစရိတ်စာရင်း၊ ကြွေးမြီစာရင်း အခြေအနေများနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကဏ္ဍ၏ တယ်လီဖုန်းသိပ်သည်းဆ (၇၅)ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဆက်သွယ်ရေးကဏ္ဍ၏ ဂျီဒီပီတန်ဖိုးတိုးတက်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသုံးစရိတ်နှင့်ပတ်သက်၍ အရင်းအမြစ်များအကျိုးရှိစွာ ခွဲဝေသုံးချဆောင်ရွက်နိုင်ရေးနှင့် အခွန်ကောက်ခံရာတွင် စနစ်တကျ ကောက်ခံနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ခေတ်ကာလနှင့် လျော်ညီခြင်းမရှိသည့် ဘဏ္ဍာရေးစည်းမျဉ်းများကို သုံးသပ်ပြင်ဆင်မည့် လုပ်ငန်းစဉ်များ၊ မြန်မာ့စီးပွားရေးဘဏ် ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ အရအသုံး ခန့်မှန်းခြေငွေစာရင်း အခြေအနေများ၊ အခွန်အကောက်ရငွေ အခြေအနေများ၊ အသုံးစရိတ်လျာထားမှု အခြေအနေများ၊ ပြည်ပချေးငွေနှင့် အတိုးပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ဝန်ကြီးဌာန၏ သာမန်ရငွေ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အခြေအနေ၊ သာမန်အသုံးစရိတ်တွင် ပါဝင်သည့် လစာနှင့်စရိတ်၊ ခရီးသွားလာစရိတ်၊ လုပ်အားဆောင်ရွက်မှုကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေ၊ ညှိခံကျွေးမွေးစရိတ်နှင့် ထောက်ပံ့ငွေအသုံးစရိတ်တို့အတွက် လျာထားတောင်းခံထားမှု အခြေအနေ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင်ပါဝင်သည့် ဆောက်လုပ်ရေးနှင့် စက်ပစ္စည်းများအတွက် လျာထားတောင်းခံထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေမည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် အစီအစဉ် (၁၀)ခုဖြင့် ကျင်းပပြီး မေးခွန်း(၂)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၂)ခု တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း(၁)ခု အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **"နိုင်ငံတော်အတွင်း လယ်ယာမြေဆုံးရှုံးမှုကိစ္စများနှင့် အခြေခံလူတန်းစားများအတွက် အရစ်ကျပေးချေသည့် တိုက်ခန်းကိစ္စများ မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လယ်ယာမြေဆုံးရှုံးမှုကိစ္စများသည် မြို့သစ်စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် အများပြည်သူအကျိုးအတွက် လယ်မြေများကို အခြားနည်းဖြင့် အသုံးပြုခဲ့ခြင်းဖြစ်ပြီး မြို့သစ်စီမံကိန်းများမှာလည်း အမှန်တကယ်တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မြို့ပြစီမံကိန်းများ ဖော်ထုတ်စဉ်အချိန်ကာလတွင် လူနေထိုင်မှုရှိသော အဆောက်အအုံ၊ လယ်တဲ၊ ကျူးကျော်တဲများကို နေထိုင်မှုအဆင်ပြေစေရန် ပေ(၂၀ × ၆၀)၊ ပေ(၄၀ × ၆၀)

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

မြေကွက်များကို မြေစည်ပင်စရိတ်အခမဲ့ဖြင့်လည်းကောင်း၊ မြေစည်ပင်စရိတ် ပေးသွင်းခြင်းဖြင့်လည်းကောင်း ပြန်လည် နေရာချထားပေးခဲ့ပါကြောင်း၊ အချို့ဒေသများတွင် မစိုက်ပျိုးထားသော လယ်မြေတစ်ဧကလျှင် ကျပ် တစ်သောင်းနှုန်း၊ စိုက်ပျိုးထားသော လယ်မြေတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် လျော်ကြေးပေးခဲ့ပြီး ထိုအချိန်ကာလ ပေါက်စျေးထက် ကျော်လွန်၍ ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

အနေကြာ ကျူးကျော်သူများအတွက် အငှားချပြည်သူ့အိမ်ရာစနစ်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နေထိုင်ရန်တိုက်ခန်းများကို အခြေခံလူတန်းစားများအတွက် အမှန်တကယ်လက်တွေ့ကျကျဖြစ်နိုင်သည့် လစဉ်အရစ်ကျ

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ပေးသွင်းသည့်စနစ်မျိုးနှင့် ပတ်သက်၍ လစာဝင်ငွေပုံမှန်ရှိသော အလုပ်အကိုင်ရှိသူတိုင်း အကျုံးဝင်မည့် တစ်ဦးကျ ဝင်ငွေစုဆောင်းမှုစနစ်ကို ထူထောင်ရန်နှင့် ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေမည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လစဉ်အရစ်ကျပေးသွင်းနိုင်ရေးအတွက် နှစ်ရှည်အရစ်ကျပေးသွင်းသည့် စနစ်ဖြင့် ဝယ်ယူနိုင်အောင် အသေးစိတ်တွက်ချက်၍ စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်၏ **"ပျူမြို့ဟောင်း သုံးမြို့သည် ပုဂံခေတ်အား မြန်မာမှုလက်ရာမြောက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုများ ကျန်ရစ်အောင် မျိုးစေ့ချပေးခဲ့ခြင်းဆိုသည့် အကြောင်းအရာ**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးချိန်တွင် ဖွံ့ဖြိုးရေးနှင့်စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်စွာလုပ်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ မီးဖွားခွင့်ခံစားခြင်းကို ကလေးမိခင်ဖခင်များ ထိရောက်စွာ ခံစားနိုင်စေရန် တိကျသည့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများတွင် မီးဖွားခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထား

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ရှိသော နည်းဥပဒေ ၁၀၁ နှင့် နည်းဥပဒေ ၁၀၂ ပါ စကားရပ်များသည် နီးနွယ်သက်ဆိုင်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့် ညှိနှိုင်းဆွေးနွေးရရှိချက်များအပေါ် မူတည်၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ တိကျလုံလောက်မှုရှိပြီး ဒွိဟဖြစ်စရာမရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၁၊ နည်းဥပဒေခွဲ(ဇ)တွင် **"မီးဖွားသူဝန်ထမ်း အမျိုးသမီး၏ခင်ပွန်း"** ဟူ၍ တိကျစွာ ဖော်ပြသုံးနှုန်းထားရှိရာ ဝန်ထမ်းမဟုတ်သော အမျိုးသမီးများ မီးဖွားခြင်းနှင့် အကျုံးမဝင်သည့်အပြင်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် မေးမြန်းစဉ်။ (သတင်းစဉ်)

ဝန်ထမ်းဖြစ်သည့် ခင်ပွန်းသည်အား ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ် (၂)ပတ် ခံစားခွင့်ပြုရမည်ဆိုပါကလည်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများနှင့် ညီညွတ်မှုရှိမည်မဟုတ်ပါကြောင်း၊ သို့ရာတွင် ဝန်ထမ်းမဟုတ်သော ဇနီးဖြစ်သူမီးဖွားသဖြင့် ပြုစုစောင့်ရှောက်ရန် အမျိုးသားဝန်ထမ်းသည် ခွင့်ခံစားလိုပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၁၄ ပါ ခွင့်အမျိုးအစား (၁၀)မျိုးအနက် ဆီလျော်သည့် ခွင့်တစ်မျိုးမျိုးကို ခံစားနိုင်သည့် အခွင့်အလမ်းရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မီးဖွားခွင့်ကို ခံစားနေစဉ်ကာလအတွင်း မွေးကင်းစကလေးငယ်သေဆုံးခဲ့ပါက မိခင်ဖြစ်သူဝန်ထမ်းအား သတ်မှတ်ထားသော (၆)လအနက်မှ ကျန်ရှိနေသည့် ခွင့်ကာလကို ဆက်လက်ခံစားခွင့် ပြုနိုင်ပါကြောင်း၊ သို့ရာတွင် နည်းဥပဒေ ၁၀၁၊ နည်းဥပဒေ(ဇ)အရ မွေးကင်းစကလေးအား ပြုစုစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ဖခင်ဖြစ်သူအား ခံစားခွင့်ပြုထားသည့် ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ်(၂)ပတ်ကိုမူ ခွင့်ပြုကာလထက် ကျော်လွန်၍ ခံစားခွင့်ပြုရန် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ပြုပြင်ပြောင်းလဲရေး မူဝါဒများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားတွင် ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်း လုပ်ငန်းများအတွက် အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့်အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းစဉ်(၃)ရပ်ကို မန္တလေးတိုင်း ဒေသကြီး၌ အကောင်အထည်ဖော် ဆောင်ရွက်သည့် တတိယအကြိမ်မြောက် အခမ်းအနားဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များသည် အခြေခံပြည်သူများ၏ ဆင်းရဲမှုကိုလျှော့ကျနိုင်ရေးအတွက် အခြေခံဖြစ်ခြင်း၊ အခြေခံပြည်သူများ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်နိုင်ရေးအတွက် အခြေခံဖြစ်ခြင်း၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်ခြင်းတို့ကြောင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ထိုသို့အောင်မြင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပါကြောင်း။

ယနေ့ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ ကျပ်သန်းပေါင်း ၄၅၈၄၅ ဒသမ ၈၃၀၈ သန်းကို ထုတ်ပေးမည်ဖြစ်ပြီး လာမည့်မေလနှင့် ဇွန်လအတွင်းတွင် ချေးငွေမရကြသေးသည့် ကျေးရွာပေါင်း ၁၅၉၉ မှ အသင်းသားအသစ် ၁၄၄၅၂၄ ဦးအတွက် ကျပ်သန်းပေါင်း ၁၁၉၈၆ ဒသမ ၃၆ သန်းကို ထုတ်ချေးပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ပိုမိုထိရောက်စွာ ရင်းနှီးလုပ်ကိုင်နိုင်ရေးအတွက် ချေးငွေရရှိပြီးကျေးရွာ ၁၀၉၆ ရွာမှ သတ်မှတ်စံနှုန်းများနှင့်ညီညွတ်သည့် အသင်းသားဟောင်း ၄၇၄၈၅ ဦးကိုလည်း တိုးမြှင့်ချေးငွေ ကျပ်သန်းပေါင်း ၈၀၁၁ ဒသမ ၇သန်းကို ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးမှ ပြည်သူများက အဆိုပြုထားသည့် တန်ဖိုးငွေကျပ်သန်းပေါင်း ၄၅၄၀ ဒသမ ၃၆၇သန်းရှိ ဒေဝူ ကုမ္ပဏီထုတ် လက်တွန်းထွန်စက် ၅၃ စီး၊ ထွန်စက်အမျိုးမျိုး ၁၆၆ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးတို့ကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူများ ဝယ်လိုသည့် ဈေးကွက်အတွင်းရှိ တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံထုတ် လယ်ယာသုံး စက်ကိရိယာပေါင်း ၂၂၀ စီး၊ တန်ဖိုးကျပ်သန်း ၁၁၃၁ ဒသမ ၇၄၃သန်းကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ အလိုရှိသည့်အပ်ချုပ်စက်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် လယ်ယာသုံးကား စသည့်လုပ်ငန်းသုံးပစ္စည်း အခု ၁၆၀၊ တန်ဖိုးကျပ်သန်း ၅၀၁ ဒသမ ၃၉သန်းကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် တစ်ပါတည်းရောင်းချပေးသွားမည် ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခင် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားသည်မှာ ၂၀၆ စီးသာဖြစ်ပြီး ယခုအခါ အရေအတွက်များစွာတိုးတက်ပြီး လုပ်ငန်းများ ပိုမိုတိုးတက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများအတွက်လည်း ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ ကျပ်သန်းပေါင်း ၉၇၆၇၈ ဒသမ ၈၃၃ သန်းကို ပြန်လည်ထုတ်ချေးသွားမည် ဖြစ်ပါကြောင်း၊ လာမည့် မေလနှင့် ဇွန်လအတွင်းတွင်လည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ချေးငွေမရရှိကြသေးသည့် ကျေးရွာပေါင်း ၉၅၇၉ရွာမှ မိသားစုပေါင်း ၇၁၆၈၉၉ စုအတွက် ချေးငွေကျပ်သန်းပေါင်း ၆၄၁၅၃ ဒသမ ၃၇သန်းကို ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း၊ ချေးငွေရရှိပြီးသည့် ကျေးရွာပေါင်း ၆၇၇၁ရွာမှ မိသားစုပေါင်း ၂၈၉၆၃၄ စုအတွက်ကိုလည်း လုပ်ငန်းထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုးမြှင့်ချေးငွေ ကျပ်သန်းပေါင်း ၅၇၃၉၅ ဒသမ ၅၄၇ သန်းကိုလည်း ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများတွင်လည်း နောက်ထပ်ကျပ် ၅၀ဘီလီယံကျော် အသစ်ထပ်မံထုတ်ချေးပေးပြီး တစ်နိုင်ငံလုံးအတွင်းရှိ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ ပိုမိုသက်သာ ချောင်ချိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နောက်ထပ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း၃၀၀ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် အတိုးနှုန်းကို ၁ ကျပ် ၁၅ ပြားသာ ရယူတော့မည်ဖြစ်ပါကြောင်း၊ သမဝါယမအသင်းအသီးသီး၏ ပိုင်ဆိုင်မှုများကို အပေါင်ထားပြီး ရယူသည့်ချေးငွေနှင့် လုပ်ရသည့်လုပ်ငန်းများတွင် အတိုး တစ်ကျပ် ၅၀ပြားနှင့်သာ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းကို ပြည်သူများအတိုးကြီးပေး ငွေချေးယူနေရသည့် အခြေအနေမှ လတ်တလော သက်သာစေရန်နှင့် နောင်လေးငါးနှစ်အတွင်းတွင် ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်နိုင်အောင်၊ ထိုမှတစ်ဆင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်သည့် Sustainable Development ဖြစ်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လုပ်ငန်းဆောင်ရွက်ကြသည့် ကျေးရွာတိုင်းသည် နောင်လေးနှစ်ပြည့်သည့်အခါ ချေးငွေများပြန်ဆပ်ပြီးနောက် အသင်းနှင့်အသင်းသားပိုင်ရန်ပုံငွေ ကျပ်သိန်း ၁၀၀ကျော် ရှိလာမည်ဖြစ်ပါကြောင်း၊ ထိုအခါ ကျေးရွာတိုင်းသည် ပြင်ပမှငွေချေးစရာ မလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိဘာသာလုပ်ငန်းများဆောင်ရွက်သွားနိုင်မည့် Sustainable Development အခြေအနေကို ရရှိလာတော့မည် ဖြစ်ပါကြောင်း၊ ထို့အပြင် အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းကြောင့် ပြည်သူများအနေဖြင့် လစဉ်ကျပ် ၁၆ ဘီလီယံကျော် သက်သာမှုရရှိပြီး ထိုသက်သာသည့်ငွေများကို မိမိတို့၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အကျိုးရှိစွာ သုံးစွဲနိုင်နေကြပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ကျနိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူများကို အနာဂတ်အာမခံချက်ပေးနိုင်ရေးအတွက် လည်းကောင်း၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အခြေခံလက်တွေ့ကျသည့် မှန်ကန်သည့် လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များ အောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားလည်း အမှန်တကယ် တိုးတက်လာမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်အတွင်းတွင်ရှိသည့် သမဝါယမအသင်း ၃၂၄၆သင်းအတွက် ကျပ်သန်းပေါင်း ၄၅၈၄၅ ဒသမ ၈၃၀၈ကို အသင်းသူ အသင်းသား ၄၃၈၈၇၇ ဦးအား စိုက်ပျိုးစရိတ်ချေးငွေများ ပံ့ပိုးပေးခြင်း၊ လယ်ယာသုံး/လုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာများကို အရစ်ကျစနစ်ဖြင့် သမဝါယမအသင်းပေါင်း ၃၀၅ သင်းမှ အသင်းသားပေါင်း ၆၀၃ဦးကို ကျပ်သန်းပေါင်း ၆၁၇၃ ဒသမ ၅၀၂၉ တန်ဖိုးရှိသည့် စက်ပစ္စည်း ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကျေးရွာ/ ရပ်ကွက်ပေါင်း ၅၀၇၃ ရှိသည့်အနက် သမဝါယမအသင်းပေါင်း ၄၅၂၇ သင်း ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရပါကြောင်း၊ သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသည့် ကျေးရွာများတွင်လည်း အခြေခံသမဝါယမအသင်းတစ်သင်းရှိလာအောင် စီမံချက်များချမှတ်ပြီး တိုးချဲ့ဖွဲ့စည်းနေပါကြောင်း။

ယနေ့သမဝါယမက ဖော်ဆောင်ပေးလျက်ရှိသည့် အသေးစားအရင်းအနှီးချေးငွေ (Microfinance) လုပ်ငန်းဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသူ/အသင်းသားပြည်သူများသို့ ကျပ်သန်းပေါင်း ၄၅၈၄၅ ဒသမ ၈၃၀၈ ကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါထုတ်ချေးငွေများကို ပြင်ပအတိုးနှုန်း ပျမ်းမျှငါးကျပ်အတိုးနှုန်းဖြင့်တွက်လျှင်ပင် ပြည်သူများက တစ်လအတိုး ကျပ်သန်းပေါင်း ၂၂၉၂ ဒသမ ၂၉၁၅သန်း ပေးရမည်ဖြစ်ပါကြောင်း၊ သမဝါယမ၏ အတိုးနှုန်းသည် ၁ ကျပ် ၅၀ပြားဖြစ်၍ သမဝါယမသို့ တစ်လပေးရမည့် အတိုးမှာ ကျပ်သန်းပေါင်း ၆၈၇ ဒသမ ၆၈၇၅ သာဖြစ်၍ ပြည်သူများအနေဖြင့် လစဉ်အတိုးကျပ်သန်းပေါင်း ၁၆၀၄ ဒသမ ၆၀၄ သက်သာ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ ကျပ်သန်းပေါင်း ၄၅၈၄၅ ဒသမ ၈၃၀၈ သန်းကို ထုတ်ပေးမည်ဖြစ်ပြီး လာမည့် မေလနှင့်ဇွန်လအတွင်းတွင် ချေးငွေမရကြသေးသည့် ကျေးရွာပေါင်း ၁၅၉၉ မှ အသင်းသားအသစ် ၁၄၄၅၂၄ ဦးအတွက် ကျပ်သန်းပေါင်း ၁၁၉၈၆ ဒသမ ၃၆ သန်းကို ထုတ်ချေးပေးမည်ဖြစ်၊

ပြည်သူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ပိုမိုထိရောက်စွာ ရင်းနှီးလုပ်ကိုင်နိုင်ရေးအတွက် ချေးငွေရရှိပြီး ကျေးရွာ ၁၀၉၆ ရွာမှ သတ်မှတ်စံနှုန်းများနှင့်ညီညွတ်သည့် အသင်းသားဟောင်း ၄၇၄၈၅ ဦးကိုလည်း တိုးမြှင့်ချေးငွေ ကျပ်သန်းပေါင်း ၈၀၁၁ ဒသမ ၇သန်းကို ထုတ်ချေးပေးသွားမည်

အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများအတွက်လည်း ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ ကျပ်သန်းပေါင်း ၉၇၆၇၈ ဒသမ ၈၃၃ သန်းကို ပြန်လည်ထုတ်ချေးသွားမည်ဖြစ်၊ လာမည့် မေလနှင့် ဇွန်လအတွင်းတွင်လည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ချေးငွေမရရှိကြသေးသည့် ကျေးရွာပေါင်း ၉၅၇၉ရွာမှ မိသားစုပေါင်း ၇၁၆၈၉၉ စုအတွက် ချေးငွေကျပ်သန်းပေါင်း ၆၄၁၅၃ ဒသမ ၃၇ သန်းကို ထုတ်ချေးပေးသွားမည်၊

ချေးငွေရရှိပြီးသည့် ကျေးရွာပေါင်း ၆၇၇၁ရွာမှ မိသားစုပေါင်း ၂၈၉၆၃၄ စုအတွက်ကိုလည်း လုပ်ငန်း ထိရောက်စွာဆောင်ရွက်နိုင်ရေး တိုးမြှင့်ချေးငွေ ကျပ်သန်းပေါင်း ၅၇၃၉၅ ဒသမ ၅၄၇ သန်းကိုလည်း ထုတ်ချေးပေးသွားမည်၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများတွင်လည်း နောက်ထပ်ကျပ် ၅၀ဘီလီယံကျော် အသစ်ထပ်မံထုတ်ချေးပေးပြီး တစ်နိုင်ငံလုံးအတွင်းရှိ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် ဆောင်ရွက်ပေးသွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် အမှတ်(၃၉) အကြီးစားစက်ရုံကို တွေ့ရစဉ်။

ှ် လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အသင်းဖွဲ့စည်း
့် ကျေးရွာများ
ခံသမဝါယမ
ာအောင် စီမံ
းချဲ့ဖွဲ့စည်းနေ

က ဖော်ဆောင်
သားစားအရင်း
icrofinance)
သးတိုင်းဒေသ
မအသင်းသူ/
များသို့ ကျပ်
ဒသမ ၈၃၀၈

ကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါထုတ်ချေးငွေများကို ပြင်ပအတိုးနှုန်း ပျမ်းမျှငါးကျပ်အတိုးနှုန်းဖြင့်တွက်လျှင်ပင် ပြည်သူများက တစ်လအတိုး ကျပ်သန်းပေါင်း ၂၂၉၂ ဒသမ ၂၉၁၅သန်း ပေးရမည်ဖြစ်ပါကြောင်း၊ သမဝါယမ၏ အတိုးနှုန်းသည် ၁ ကျပ် ၅၀ပြားဖြစ်၍ သမဝါယမသို့ တစ်လပေးရမည့်အတိုးမှာ ကျပ်သန်းပေါင်း ၆၈၇ ဒသမ ၆၈၇၅ သာဖြစ်၍ ပြည်သူများအနေဖြင့် လစဉ်အတိုးကျပ်သန်းပေါင်း ၁၆၀၄ ဒသမ ၆၀၄ သက်သာ

**းအတွက်လည်း ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ
လည်ထုတ်ချေးသွားမည်ဖြစ်၊ လာမည့် မေလနှင့်
ပြည်နယ်များတွင် ချေးငွေမရရှိကြသေးသည့်
အတွက် ချေးငွေကျပ်သန်းပေါင်း ၆၄၁၅၃ ဒသမ**

**မိသားစုပေါင်း ၂၈၉၆၃၄ စုအတွက်ကိုလည်း
ငွ ကျပ်သန်းပေါင်း ၅၇၃၉၅ ဒသမ ၅၄၇ သန်း
စက်တင်ဘာ၊ အောက်တိုဘာလများတွင်လည်း
ျးပေးပြီး တစ်နိုင်ငံလုံးအတွင်းရှိ ကျေးရွာအားလုံး**

ည့် အမှတ်(၁၉) အကြီးစားစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

လျက်ရှိသည်ကို တွေ့ရပါကြောင်း။

ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီနှင့်ပူးပေါင်း၍ လုပ်ငန်းသုံး/လယ်ယာသုံးစက်ကိရိယာ ၆၀၆ စီး၊ တန်ဖိုးအားဖြင့် ကျပ် ၆၁၇၃ ဒသမ ၅၀၂၉ သန်းကို ဆိုင်းငံ့ကာလ တစ်နှစ်၊ ပြန်ဆပ်ကာလ ခြောက်နှစ်ပေါင်းချေးငွေကာလ ခုနစ်နှစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အသင်းသားများ အဆင်ပြေစွာဝယ်ယူနိုင်ရေးအတွက် ခြောက်လတစ်ကြိမ် အရင်း/အတိုးဆပ်စနစ်ဖြင့် ဝယ်ယူနိုင်အောင် စီစဉ်ထားသည်ကို တွေ့ရပါကြောင်း၊ သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဘက်ဘက်ကပံ့ပိုးမှုများ၊ တက်ညီလက်ညီ ကြိုးပမ်းအားထုတ်မှုများကြောင့် ယနေ့အချိန်တွင် အသက်ဝင် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရပါကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် သမဝါယမအသင်းသားဖြစ်သည့် တောင်သူလယ်သမားများ၊ မြို့ပေါ်ရပ်ကွက်များမှ ဝင်ငွေနည်းပါးသူများအတွက် ကုန်ထုတ်အရင်းအနှီးများ စီမံဖန်တီးပေးရန် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကုန်ထုတ်အရင်းအနှီးများ ရရှိအောင် ဆောင်ရွက်ပေးရခြင်းမှာ ဆင်းရဲနွမ်းပါးမှုကို လျော့နည်းစေရန်၊ ဝင်ငွေရရှိသည့် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်းအနှီးများ ရရှိစေရန်နှင့် ပုံမှန်ဝင်ငွေရရှိပြီး စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းများ မြင့်မားလာစေရန် ဖြစ်ပါကြောင်း။

သမဝါယမ အသင်းသားများအတွက် အရင်းအနှီးများဖန်တီးပေးရာတွင် စိုက်ပျိုးစရိတ်များ၊ ချေးငွေများကဲ့သို့သော ငွေကြေးအရင်းအနှီးများ ပါဝင်သကဲ့သို့ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်ကဲ့သို့သော လုပ်ငန်းသုံးပစ္စည်းအရင်းအနှီးများ၊ ပြည်ပချေးငွေဖြင့် စက်ပစ္စည်းများ အရစ်ကျရောင်းချပေးသည့် ချေးငွေအရင်းအနှီးများလည်း ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ၌ ရေမြေ၊ သယံဇာတများပေါများခြင်း၊ သင့်တင့်မျှတသည့် ရာသီဥတုရှိခြင်း၊ ကြီးမားသည့် ဈေးကွက်များနှင့် ဆက်စပ်နေခြင်း စသည့်အခြေအနေကောင်းများ ပိုင်ဆိုင်ထားသကဲ့သို့ အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များလည်း ရှိနေကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရသကဲ့သို့ သက်သာသော အတိုးနှုန်းထားများဖြင့် ချေးငွေများ ရယူဆောင်ရွက်နေရကြောင်း၊ ထိုကဲ့သို့ ပြည်ပမှ ချေးငွေများရယူပြီး ကုန်ထုတ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်ခြင်းကို ရင်းနှီးမြှုပ်နှံမှုအဖြစ်ရှုမြင်ရန် လိုအပ်ကြောင်း၊ နှစ်ရှည်ချေးငွေများကို စနစ်တကျရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြည်ပချေးငွေများကို စနစ်တကျစီမံခန့်ခွဲပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ အသင်းသားများကလည်း မိမိတို့ရရှိသည့် ချေးငွေများကို စနစ်တကျစီမံခန့်ခွဲပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရ၏ရည်မှန်းချက်မှာ ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရန်ပင်ဖြစ်ကြောင်း၊ ထိုဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးဟူသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်လေးရပ်ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိ၏မျှော်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၌ ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDC)အဖြစ်မှ လွတ်မြောက်ရန်နှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံဖြစ်ရန်ဟူသည့် မျှော်မှန်းချက်သုံးရပ်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုမှာ မဖြစ်မနေလိုအပ်သည့်အတွက် တည်ငြိမ် အေးချမ်းရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား မြင်းခြံခရိုင် သမဝါယမအသင်းသား ဦးသိန်းအောင်က သမဝါယမဝန်ကြီးဌာန အနေဖြင့် ယနေ့အချိန်တွင် အခြေခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် လက်လုပ်လက်စားများအတွက် အမှန်တကယ်လိုအပ်နေသည့် အရင်းအနှီးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် Microfinance လုပ်ငန်းဖြင့် တစ်နိုင်ငံလုံးသို့ ချေးငွေကျပ်ဘီလီယံ ၂၀၀ ကျော်ကို အတိုး ၁ ကျပ် ၅၀ ပြားနှုန်းဖြင့် ထုတ်ချေးလျက်ရှိသည်ကို သိရပါကြောင်း၊ ပြင်ပအတိုးနှုန်း ၁၀ ကျပ်နှုန်းဖြင့်တွက်လျှင်ပင် ငွေရှင်ကြေးရှင်များကို တစ်လအတိုး ကျပ်သန်းပေါင်း၂၀၀၀၀ ကျော် ပေးရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း သမဝါယမက ၁ ကျပ် ၅၀ ပြားအတိုးနှုန်းဖြစ်သည့်အတွက် တစ်လပေးရသည့်အတိုးငွေမှာ ကျပ်သန်းပေါင်း ၃၇၀၀ ကျော်သာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ပြည်သူများအနေဖြင့် လစဉ်အတိုးကျပ်သန်း ၁၆၀၀၀ကျော် သက်သာလျက်ရှိနေသည်ကို သိမြင်လာရပြီဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက ယခုဆောင်ရွက်ပေးနေသည့် စိုက်ပျိုးစရိတ် ထုတ်ချေးခြင်း၊ မွေးမြူစရိတ် ထုတ်ချေးခြင်းနှင့် လက်လုပ်လက်စားများကို ငွေထုတ်ချေးသည့်ပမာဏသည် အမှန်တကယ် ကုန်ကျစရိတ်နှင့်ဆိုလျှင် လုံလောက်မှု မရှိသေးသည့်အတွက် ပြည်သူများ ပြင်ပမှအတိုးကြီးကြီးဖြင့် ချေးယူနေရဆဲ ဖြစ်ပါကြောင်း၊ ထို့ကြောင့် သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း သမဝါယမစည်းကမ်းစနစ်များ လိုက်နာကျင့်သုံးသည့် အသင်းသားများကို ချေးငွေတိုးမြှင့်ထုတ်ချေးပေးရန် တင်ပြလိုပါကြောင်း၊ အသင်းသားများလိုအပ်သည့်မျိုး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ရရှိရေးအတွက် သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များက ပေါင်းစပ်ပြီး ဆောင်ရွက်ပေးရန် ဆွေးနွေးတင်ပြလိုပါကြောင်း၊ သီးနှံများရောင်းဝယ်ဖောက်ကားရေးနှင့် ပတ်သက်၍ ရသင့်ရထိုက်သည့် ဈေးနှုန်းများ ရရှိပြီး ပိုမိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန်ကိုလည်း တင်ပြလိုပါကြောင်း၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်သည်လည်း ဧကန်မုချအောင်မြင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများ၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံး စက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမှတ်(၁၉) အကြီးစားစက်မှုလုပ်ငန်း ဧည့်ခန်းမသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အမှတ် (၁၉) အကြီးစားစက်ရုံအတွင်း လယ်ယာသုံးစက်ပစ္စည်းကိရိယာထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုရာ စက်ရုံမှူး ဦးထွန်းသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက “ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ် ပြင်ဆင်ပေးနိုင်ပါရန် ”သဝဏ်လွှာပေးပို့ခဲ့ရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ဖြည့်စွက်လိုက်သည့် အကြောင်းအရာများပါဝင်သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာပါက လွှတ်တော်အသီးသီးနှင့် သက်ဆိုင်သူများညှိနှိုင်းဆွေးနွေး၍ ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပြန်လည်ပေးပို့ခဲ့သည်။

အမျိုးသား ပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအနက် ကျောင်းသားများက ပြင်ဆင်ပေးရန် တောင်းဆိုလျက်ရှိသည့်အချက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အမျိုးသား ပညာရေးဥပဒေအပေါ် ကျောင်းသားများ ကန့်ကွက်ဆန္ဒပြနေခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပါအချက်များအနက် ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်သို့ပေးပို့ရန်ရှိကြောင်း၊ လွှတ်တော်အပိုင်းကလည်း ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် UNFPA (The United National Fund For Population Agency) မှ Ms. Janet E.Jackson (UNFPA Represntative) နှင့် Ms.Elaine Chan (Human Rights Officer, OHCHR) တို့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ် (I-2) ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထို့သို့တွေ့ဆုံရာတွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

ကိစ္စရပ်များကို သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ပျူယဉ်ကျေးမှု(ဝါ) ပျူမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သောနှစ်(၂၀၀၀) ခန့်က ဘာသာ၊ စာပေ၊ ကိုးကွယ်မှု၊ ဓလေ့ထုံးစံ၊ ဗိသုကာ၊ အနုပညာ၊ အတတ်ပညာတို့သည် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံသော မြို့ပြမြို့ဟောင်းများဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါကြောင်း။

အနော်ရထာခေတ် မတိုင်မီကတည်းက ပုဂံဒေသ၌ ပျူ၏ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဗိသုကာ၊ အနုပညာလက်ရာများ ရှိနေသည့် အထောက်အထားများရှိပါကြောင်း၊ ပုဂံနှင့်ပျူ ကောင်းစွာဆက်စပ်နေကြောင်းကိုလည်း ပညာရှင်အသီးသီးက လေ့လာဆန်းစစ်တင်ပြပြီးဖြစ်ပါကြောင်း၊ ပုဂံဒေသတွင် တွေ့ရှိရသော ပျူ မွန်၊ မြန်မာတို့၏ ပေါင်းစပ်ဖွဲ့စည်းထားသော ယဉ်ကျေးမှုဆိုင်ရာ သက်သေသာဓကများသည် ပုဂံယဉ်ကျေးမှုမြင့်ကွင်းအတွက် အရေးပါသောအချက်ဟု မှတ်ယူနိုင်ပါကြောင်း၊ ရှေးဟောင်းသမိုင်းမှတ်တမ်းများတွင် ဖော်ပြချက်များကို ရှေးဟောင်းသုတေသန အထောက်အထားများဖြင့် ပိုမိုပြည့်စုံစွာ ပုံဖော်တည်ဆောက်ခြင်းဖြင့် သက်ဆိုင်ရာယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုကို ဖန်တီးခဲ့သော လူမှုအဖွဲ့အစည်း၏ကြီးကျယ်မှု၊ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပုဂံခေတ် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတို့သည် ပျူယဉ်ကျေးမှုနှင့် ပျူလူမျိုးများက ပါဝင်၍ မျိုးစေ့ချခဲ့သည်ကို သမိုင်းဆိုင်ရာ ရှေးဟောင်းသုတေသန အထောက်အထားများက ထောက်ခံညွှန်ပြလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဓနအင်အားဖွံ့ဖြိုးရေးတွင် အရေးပါလှသော နိုင်ငံခြားအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်ပူးတွဲ၍ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန စသည်တို့တွင် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ဆောင်ရန် ထုတ်လုပ်မှုခွဲဝေရေး စာချုပ်စာတမ်းများ (Product Sharing Contract) ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်သည့်ကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ချုပ်ဆိုသော ထုတ်လုပ်မှုခွဲဝေခံစားရေးစာချုပ်များသည် လုပ်ငန်းသဘာဝအရ တစ်ခုနှင့်တစ်ခု တူညီမှုမရှိပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်း၌ပင် လုပ်ငန်းသဘောသဘာဝအရ ချုပ်ဆိုသည့်စာချုပ် တစ်ခုနှင့်တစ်ခု ကွဲပြားမှုရှိပါကြောင်း။

စီးပွားရေး စာချုပ်စာတမ်းများနှင့်ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်ပါက နိုင်ငံတကာတွင် အငြင်းပွားမှုဖြေရှင်းရာ၌ အမှုတစ်ခုချင်းစီအလိုက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများကျင့်သုံးပြီး ဆုံးဖြတ်လေ့ရှိပါကြောင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းများကို နယူးယောက်ကွန်ဗင်းရှင်းအရ အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ယင်းကွန်ဗင်းရှင်းသည် မြန်မာနိုင်ငံတွင် အာဏာအသက်ဝင်ပြီးဖြစ်သဖြင့် အဆိုပါကွန်ဗင်းရှင်းကို ပြည်တွင်းဥပဒေပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဥပဒေရေးဆွဲလျက်ရှိပါကြောင်း။

စာချုပ်စာတမ်းများနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာများပေါ်ပေါက်သည့်ကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့်ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဥပဒေကြောင်းအရ မလွယ်ကူပါကြောင်း၊ စာချုပ်ပါအချက်များကို ကြီးကြပ်ရာတွင် သက်ဆိုင်ရာစာချုပ်ကို ချုပ်ဆိုသောအဖွဲ့အစည်းကသာ ကြီးကြပ်ရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းဌာနအဆင့် ချုပ်ဆိုမှုများအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ တာဝန်ယူသင့်ပါကြောင်း၊ ကော်မတီတစ်ရပ်ဖွဲ့စည်းပါက ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီမှုမရှိဘဲ ဗဟိုကချုပ်ကိုင်သည့် သဘောသက်ရောက်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခိုင်မာလာသည့် အချိန်ကျမှသာ အငြင်းပွားမှုဖြေရှင်းရေးစင်တာများထူထောင်၍ အငြင်းပွားမှုများကို ကိစ္စရပ်တစ်ခုချင်းအလိုက် ဖြေရှင်းခြင်းအား စဉ်းစားသင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

"ငြိမ်းချမ်းရေး ဖော်ဆောင်နေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းတို့နှင့် ဆက်စပ်နေသော တိုင်းရင်းသားများက ၎င်းတို့နယ်မြေအတွင်း နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်အတွက် လာရောက်ကြသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို တားဆီးခြင်းအပေါ် မည်သို့ညှိနှိုင်းပေးမည်ကို သိရှိလိုခြင်း" မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၆)ဖွဲ့အနက် (၁၄)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးထားပြီး လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် နှစ်ဖွဲ့အနက်မှ KIO အဖွဲ့နှင့် ပဋိပက္ခများလျှော့ချရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် သဘောတူညီမှု (၃၈) ခုကို လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ လက်ရှိသဘောတူညီချက်များအရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်လျက်ရှိသော ဒေသများ၌ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ထိုဒေသရှိ အပစ်အခတ် ရပ်စဲရေး သဘောတူညီထားသည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်၍ လုပ်ဆောင်သွားရန် သဘောတူညီထားပါကြောင်း။

ယခုလက်ရှိ အခြေအနေတွင် သဘောတူညီမှုရရှိရန် ဆောင်ရွက်နေသည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နယ်မြေများ၌ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရန်နှင့် ပတ်သက်သည့် အချက်များပါရှိပါကြောင်း၊ ထိုသဘောတူညီချက် လက်မှတ်ရေးထိုးပြီးချိန်တွင် ဖွံ့ဖြိုးရေးနှင့် စီးပွားရေး လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်မှုများကို ပို၍ထိရောက်စွာ လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကြားတွင် ငြိမ်းချမ်းရေးကို နောက်ကြောင်း ပြန်သွားစေနိုင်မည့် မည်သည့်အပြုအမူကိုမဆို နှစ်ဖက်စလုံးက လုပ်ဆောင်ခြင်းမပြုကြရန် သဘောတူညီပြီးဖြစ်ပါကြောင်း၊ မတော်တဆချိုးဖောက်မှုများရှိလာသည့်အခါ နှစ်ဖက်ပူးပေါင်းညှိနှိုင်းပြီး နှစ်ဖက်လိုက်နာရမည့် အခြေခံကျင့်ဝတ်စည်းကမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် နောက်ကြောင်းပြန်သွားစေမည့် အပြုအမူ အသုံးအနှုန်းများနှင့် လက်မှတ်ရေးထိုးသူတိုင်း တိကျစွာ လိုက်နာရမည့် အခြေခံကျင့်ဝတ်စည်းကမ်းများကို ပြီးပြည့်စုံစွာ ထည့်သွင်းသွားရန် ညှိနှိုင်းထားပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော၏ "ရထားလမ်းသစ်စီမံကိန်းများတွင် Standard Guage စနစ်ဖြင့် စတင်ပြင်ဆင် ဖောက်လုပ်သွားရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)၏ စီမံကိန်းတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်မည့် အာရှရထားလမ်းမကြီးစီမံကိန်းနှင့် စင်ကာပူ-ကူမင်း ရထားလမ်း စီမံကိန်းတို့၏ ရထားကွန်ရက်သည် မြန်မာနိုင်ငံကို ဖြတ်သန်းဖောက်လုပ်ရန် ရေရှည်လုပ်ငန်းစဉ်အဖြစ် ရေးဆွဲထားရှိပါကြောင်း၊ ထိုသို့ ရထားလမ်းဖောက်လုပ်ပါက Standard Gauge အဖြစ် ဖောက်လုပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် Meter Gauge နှင့် Standard Gauge နှစ်မျိုးအသုံးပြုနိုင်သည့် Dual Gauge ကွန်ကရစ်ဇလီဖားများကို စမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာ့မီးရထားအနေဖြင့် Standard Gauge ဖောက်လုပ်ရေးအတွက် နောင်အနာဂတ်တွင် ပေါ်ပေါက်လာမည့် နည်းပညာများနှင့်အညီ နှစ်ရှည်အစီအစဉ်ဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယခုနှစ်ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး တောင်ကိုရီးယားအသင်းသည် ၁၉၅၆၊ ၁၉၆၀ တို့တွင် ဖလားနှစ်ကြိမ်ရရှိထားသည်။ ဒုတိယနေရာ သုံးကြိမ်၊ တတိယနေရာ လေးကြိမ် ရရှိထားသည့် အစဉ်အလာရှိသော အသင်းဖြစ်သည်။

အာရှဖလား အများဆုံးဗိုလ်စွဲထားသည့် ဂျပန်အသင်းသည် ဖလားလေးကြိမ် ရရှိထားပြီး ဆော်ဒီအာရေဗျ သုံးကြိမ်၊ အီရန် သုံးကြိမ်၊ တောင်ကိုရီးယား နှစ်ကြိမ်၊ အစ္စရေး တစ်ကြိမ်၊ ကူဝိတ် တစ်ကြိမ်၊ အီရတ် တစ်ကြိမ်တို့ ဖြစ်ကြ သည်။

၂၀၁၅ အာရှဖလား ဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၃၁ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တတိယနေရာလုပွဲစဉ်ကို ဇန်နဝါရီ ၃၀ ရက်နေ့တွင် အီရတ်နှင့် ယူအေအီးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်အတွင်းရေးမှူး ဦးဝင်းမြင့် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ခင်ကြည်ဝင်း ခေါင်းဆောင်သည့် ပါတီဝင် ၂၉ ဦး၊ စုစုပေါင်း ၁၄၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၇ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၁၂ မိနစ် ၁၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အနောက်တောင်ဘက်ကိုးမိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ပွဲခင်းအတွင်း ဓားထိုးခံရပြီး လူငယ်တစ်ဦးသေဆုံးမှု ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

မော်လူး ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မော်လူးဒေသ ဟဲနုကျေးရွာတပ်ဦးဓာတ်ပေါင်းစု ဘုရားပွဲ၌ ဇန်နဝါရီ ၁၅ ရက် ည ၁၀ နာရီ ၂၃ မိနစ်က ပွဲခင်းအတွင်းဓားထိုးခံရပြီး သေဆုံးသွားသည့် လူငယ်အားဓားဖြင့်ထိုးခဲ့သည့် ပြစ်မှုကျူးလွန်သူကို ဇန်နဝါရီ ၂၅ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် ည ၁၁ နာရီ ၂၃ မိနစ်တွင် အင်းတော်မြို့နယ် မော်လူးဒေသ မင်းသာကျေးရွာနေ အောင်မျိုးဦး (၁၈နှစ်)သည် ဟဲနုကျေးရွာတပ်ဦး ဓာတ်ပေါင်းစုဘုရားပွဲသို့ သူငယ်ချင်းများနှင့် သွားရောက်ကြရာ ပွဲခင်းအတွင်း ကခုန်ကြရင်းထိခိုက်မိရာမှ ဓားထိုးခံရမှု ဖြစ်ပွားခဲ့သည်။ ၎င်းသည်ဒဏ်ရာတစ်ချက်ရရှိပြီး စိုးရိမ်ရ၍မော်လူးမှ ပူညာဂါရဝ လူမှုကူညီရေးအသင်းပိုင် မော်တော်ကားဖြင့် ကသာမြို့ ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဆေးရုံမရောက်မီ ဇန်နဝါရီ ၁၆ ရက် နံနက် ၂ နာရီ ၅ မိနစ်တွင် သေဆုံးသွားခဲ့သည်။ ၎င်းသေဆုံးမှုကိုဖခင်ဖြစ်သူ ဦးမျိုးမြင့်က အရေးယူပေးပါရန် တိုင်ကြားမှုအပေါ် ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် ကသာခရိုင် ဒုတိယရဲမှူးကြီး လှစိန်၊ အင်းတော်မြို့(ခေတ္တ)ဒုရဲမှူး မြင့်စိုး၏ ညွှန်ကြားမှုဖြင့် မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းသိန်း၊ ပင်ဝဲရဲကင်း ရဲအုပ် မင်းသိန်းထွန်းနှင့် တာဝန်ရှိသူတို့က စုံစမ်းဖော်ထုတ်ခဲ့ရာ မော်လူးဒေသ ပုန်းဟုန်ကျေးရွာအုပ်စု စဥ့်ခိုးကျေးရွာနေ ထက်သျှား(ခ) ထက်ရှားကို ဇန်နဝါရီ ၂၅ ရက်က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ အဆိုပါအမှုနှင့် ပတ်သက်၍ မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၇၁)

အိပ်ပျော်နေသည့် နွားကျောင်းသား ရထားကြိတ်၍ သေဆုံး

ရေတာရှည် ဇန်နဝါရီ ၂၇

ဇွန် ၂၆ ရက် ညနေ ၄ နာရီက ရေတာရှည်မြို့နယ်၌ အိပ်ပျော်နေသည့် နွားကျောင်းသားတစ်ဦး အမြန်ရထားကြိတ်၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ရေတာရှည်မြို့ တောင်ဘက် ခင်တန်းကြီးကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာအနီး ရထားလမ်းပေါ်၌ အမျိုးသားတစ်ဦးရထားကြိတ်ခံရကာ သေဆုံးနေကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူးကျော်ဇေယျဦးစီးသည့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နွားကျောင်းရင်းရထားလမ်းပေါ် ခြေထောက်တင်ကာ အိပ်ပျော်နေသော စိုးပိုင်(၃၇ နှစ်)ကို ရန်ကုန်-နေပြည်တော် အမှတ်(၃) အဆန်အမြန်ရထားက ဖြတ်တိုက်သွားခဲ့သည်။ ရထားတိုက်မိမှုကြောင့် စိုးပိုင်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီးနေ ကျွန်တော်၊ ကျွန်မတို့၏သား [illegible] ၁၂/[illegible] (2nd Mate FG / [illegible]) [illegible]

(ရှမ်းပြည်နယ်ကျောက်မဲမြို့သည်ယာကောင်း) [illegible]
ဦး[illegible] + ဒေါ်[illegible]

ပျောက်ဆုံးကြောင်း

ဒေါ်စောမာ ၁၂/ဗဟန(နိုင်)၀၆၁၉၂၄ အမည်ဖြင့် တင်သွင်းလာသည့် Toyota Crown 2001 Model, ID No.823- 200 (27-2-13) မော်တော်ယာဉ်၏ Customs Statement နှင့် မှတ်တမ်းတင်ဓာတ်ပုံ စာရွက်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။ **(ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။)** **ဒေါ်စောမာ**
ဖုန်း-၀၉-၄၂၁၀၆၇၁၈၀၊ ၀၉-၇၃၀၁၅၆၂၄

စာအုပ်စာပေ လှူမိတ်ဆွေ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် U Thein Htay (12/ Tha Ka Ta (N) 117996) ၏ သွင်းကုန်ကြေညာလွှာအမှတ်-804279 (15-11-2012)နှင့်သွင်းကုန်ပါမစ်အမှတ် ISP IDVY 8/12-13/6321 (6-11-2012) မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၂၃၇၈၆၊ ၀၉-၇၃၂၁၅၅၀၈**

ပျောက်ဆုံးကြောင်း

ကျွန်မ မကေသီဝင်းအောင် ၁၂/ဥကတ(နိုင်)၁၇၃၉၀၄၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၂၂၄၃**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Kyaw Ye Win Export Import Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၀၅/၂၀၀၉-၂၀၁၀)၏ သွင်းကုန်ကြေညာလွှာအမှတ်-803384 (18-12-2012), 113641 (5-6-2012), 139427 (18-9-2012), 151046 (5-11-2012), 159751 (7-12-2012), 742921 (21-5-2012) နှင့် 1361600 (11-7-2012) မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၂၃၇၈၆၊ ၀၉-၇၃၂၁၅၅၀၈

ပြည်တွင်းသတင်း

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်

မုဒုံ ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်း အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းစွာ အတူတကွလက်တွဲကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် စစ်ဘေးဒဏ်ခံစားနေရသော နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အမြန်ဆုံးလက်မှတ်ရေးထိုးရန်ရည်ရွယ်၍ မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့၌ ပြည်သူ ၄၀၀ ခန့်က ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ကမာဝက်မြို့ ကျိုက်ဇယ်စေတီတော်မုခ်ဦးရှေ့မှ စတင်ကာ ခြသေ့်ကျောင်းတိုက်ရှေ့အထိ လမ်းမကြီးတစ်လျှောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ အပစ်အခတ်ရပ်စဲမှု အမြန်ဆုံး လက်မှတ်ရေးထိုးရေး၊ ပြည်သူများ၏ တောင်းဆိုချက်အောင်ရမည် စသည့်ကြွေးကြော်သံများဖြင့် စုပေါင်းဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

"ယခုလို ငြိမ်းချမ်းရေးရရှိဖို့အတွက် ဆန္ဒထုတ်ဖော်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားလုပ်သားပြည်သူတွေအနေနဲ့ မိမိတို့ဒေသအသီးသီးမှာ အေးချမ်းစွာနေထိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဘယ်နေရာ ဘယ်ဒေသဖြစ်ဖြစ် မတည်ငြိမ်မအေးချမ်းတဲ့အခါ ပြည်သူလူထုတွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းဆောင်တာတွေကို အေးအေးချမ်းချမ်း မလုပ်ဆောင်နိုင်တော့ဘူး။ အဲဒီအခါ လူမှုစီးပွားဘဝက ဘက်စုံထောင့်စုံက ချွတ်ခြုံကျရတာပေါ့ဗျာ။ အခုဆိုရင် ကချင်တို့၊ ရှမ်းတို့ဘက်မှာ တိုက်ပွဲတွေပြန်ဖြစ်တော့ အဲဒီမှာရှိတဲ့ ပြည်သူတွေ အတိဒုက္ခရောက်ကြရတယ်။ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် လိုအပ်ချက်တွေ ပိုမိုများပြားလာတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြည်သူတွေအေးချမ်းစွာနဲ့ နေချင်ကြပြီ။ ကျွန်တော်တို့လိုပဲ တစ်နိုင်ငံလုံးက ပြည်သူတွေအားလုံးကလည်း အေးအေးချမ်းချမ်းနဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာ နေချင်ကြမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ် ။ နောက်တစ်ခုက နိုင်ငံတော်သမ္မတဦးဆောင်ပြီးတော့ လာမယ့်ပြည်ထောင်စုနေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးဖို့ လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီလုပ်ငန်းစဉ်ကို အောင်မြင်စေချင်ပါတယ်၊ အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်" ဟု ဆန္ဒထုတ်ဖော်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူ ကမာဝက်မြို့ ကျိုက်ဇယ်စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမင်းထွန်းသောင်းက ပြောကြားသည်။

အဆိုပါ စုပေါင်းဆန္ဒထုတ်ဖော်ပွဲ ဖြစ်မြောက်ရန်အတွက် ဇန်နဝါရီ ၂၁ ရက်နေ့တွင် ကမာဝက်မြို့ ဒေသခံများက သက်ဆိုင်ရာသို့ ခွင့်ပြုချက်တောင်းခံခဲ့ပြီး ၂၃ ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ကြောင်း၊ ၂၇ ရက်နေ့တွင် စုပေါင်းဆန္ဒထုတ်ဖော်ရန် စီစဉ်ဆောင်ရွက်ခဲ့ရခြင်းမှာ ဒေသခံပြည်သူများ၏ဆန္ဒအရ ဆရာတော် ဘဒ္ဒန္တစန္ဒကုမာရ၏ သက်တော်(၇၅) နှစ်ပြည့်နှင့်တိုက်ဆိုင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်ငယ်ငယ် ရွာမှာနေတုန်းက တိုက်ပွဲသံတွေ၊ သေနတ်သံတွေကြားမှာ ကြီးပြင်းခဲ့ရတာမို့ အခုလို အေးအေးချမ်းချမ်းနဲ့နေရတဲ့အခါ ငြိမ်းချမ်းမှုရဲ့အရသာကို ကျွန်တော် သူများတွေထက် ပိုသိသလို ပိုပြီးခံစားတတ်ပါတယ်။ အရင်တုန်းကဆိုရင် ကျွန်တော်တို့ဒေသမှာ မငြိမ်းချမ်းတဲ့အတွက် အခြေတကျနေထိုင်လုပ်ကိုင်စားသောက်လို့မရခဲ့ဘူး၊ အခုဆိုရင် ကိုယ့်ဒေသက ငြိမ်းချမ်းနေပြီဖြစ်လို့ ကိုယ်လုပ်သလောက် ဖြစ်ထွန်းလာတဲ့ အကျိုးကျေးဇူးကို ခံစားနေရပြီ။ ကျွန်တော်တို့နည်းတူ တစ်နိုင်ငံလုံးမှာရှိကြတဲ့ ပြည်သူလူထုတွေ အေးအေးချမ်းချမ်းလေး ဖြစ်စေချင်ပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ ရင်းနှီးတဲ့သူတွေကိုတတ်နိုင်သလောက် စည်းရုံးပြီးတော့ ကမာဝက်မှာလုပ်တဲ့ ငြိမ်းချမ်းရေး ဆန္ဒထုတ်ဖော်ပွဲမှာ ပူးပေါင်းပါဝင် ဆန္ဒထုတ်ဖော်ခဲ့ကြတာ ဖြစ်ပါတယ်"ဟု လက်ရှိ မုဒုံမြို့၌ အခြေချနေထိုင်သူ ဦးသန်းစိုးအောင်က ပြောသည် ။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အချို့ဒေသများ၌ တိုက်ပွဲများ တစ်ဖန် ပြန်လည်ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါတိုက်ပွဲများ ဆက်လက်မဖြစ်ပွားစေရန်နှင့် အပစ်အခတ်ရပ်စဲရေး အမြန်လက်မှတ်ရေးထိုးနိုင်ရန်၊ ထို့မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ကမာဝက်မြို့ ပြည်သူများက ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

◆ *ကျောဖုံးမှ*

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားအသင်းများအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုမှကိုယ်စားပြု၍ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမား စုစုပေါင်း ၅၇၂၉ ဦး၊ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်မှအသင်းလေးသင်း၊ ဝန်ကြီးဌာနပေါင်းစုံမှ ခြောက်သင်း၊ NGO အသင်းများမှ သုံးသင်းစုစုပေါင်း ၁၃ သင်းမှ အားကစားသမား ၄၀၇ ဦးစာရင်းပေးသွင်း မှတ်ပုံတင်ထားရှိပြီး ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ထားဝယ်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ထားဝယ် ဇန်နဝါရီ ၂၇

ထားဝယ်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်အားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်၊ ထားဝယ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဘဟန်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမဆုရ သင်္ချာအသင်း၊ ဒုတိယဆုရ ဘူမိဗေဒအသင်း၊ တတိယဆုရ ဓာတုဗေဒအသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပထမဆုရ ပထဝီဝင်အသင်း၊ ဒုတိယဆုရ သင်္ချာအသင်း၊ တတိယဆုရ မြန်မာစာအသင်းနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက ဆုများချီးမြှင့်သည်။

ထားဝယ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပပြီး ဘာသာရပ် ၁၁ ခုမှ အမျိုးသား ၁၁ သင်းနှင့် အမျိုးသမီး ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

● *ကျောဖုံးမှ*

ရည်ရွယ်ချက်ကတော့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒီပြိုင်ပွဲကနေ တက္ကသိုလ်ပေါင်းစုံ ပြိုင်ပွဲ၊ အဲဒီကမှတစ်ဆင့် နိုင်ငံတကာကို ရင်ပေါင်တန်း သွားရောက်ယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံကိုယ်စားပြု ကာယဗလမောင်နဲ့ မယ်တွေအဆင့်အထိ ဖြစ်လာစေဖို့ ကျင်းပပေးရခြင်းဖြစ်ပါတယ်။ ထူးခြားတာက ဒီနှစ်မှာ ပြိုင်ပွဲတစ်ခုတိုးလာတာက ကမ္ဘာ့နိုင်ငံအသီးသီးမှာကျင်းပနေတဲ့ အလှမယ် အမျိုးသမီးများရဲ့ ကာယကြံ့ခိုင်မှုပြိုင်ပွဲကိုလည်း ထည့်သွင်းထားပါတယ်"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးအေးမြင့်က ပြောကြားသည်။

ပြိုင်ပွဲတွင် ယခင်နှစ်များက ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲများသာ ကျင်းပခဲ့သော်လည်း ယနေ့ မြန်မာအမျိုးသမီးများ ကမ္ဘာ့အလှမယ်ပြိုင်ပွဲများတွင် ရင်ပေါင်တန်းပါဝင်ယှဉ်ပြိုင်နိုင်ရန် ကာယကြံ့ခိုင်မှုပြိုင်ပွဲကိုလည်း ထပ်မံတိုးမြှင့်ကျင်းပခဲ့သည်။ ကာယဗလပြိုင်ပွဲတွင် အမျိုးသားငါးဦး၊ ကာယအလှမယ်ပြိုင်ပွဲတွင် အမျိုးသမီး ကိုးဦးနှင့် နိုင်ငံတကာအလှမယ် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အလှမယ်ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရန်ကုန်ပညာရေးတက္ကသိုလ်၏ ကာယဗလ၊ ကာယအလှနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ကျင်းပသည့် ပြိုင်ပွဲသည် ပဉ္စမမြောက်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲများ၌ ဒိုင်များအဖြစ် အားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အတွေ့အကြုံရဒိုင်များက လာရောက်အကဲဖြတ်အမှတ်ပေးကူညီဆောင်ရွက်ခဲ့သည်။

"ကျွန်မတို့ ဒီပြိုင်ပွဲကို ဒိုင်အဖြစ်လာရောက်လုပ်ပေးတဲ့အခါမှာ အပြည်ပြည်ဆိုင်ရာနဲ့ မတူတဲ့ဟာလေး တော့ နည်းနည်း ကွဲပြားနေတာတွေ့ရပါတယ်။ ဟိုးအရင် ၂၀၁၂ မတိုင်ခင်က ကျင်းပခဲ့တဲ့ပွဲတွေနဲ့ နောက်ပိုင်းကျင်းပခဲ့တဲ့ ပြိုင်ပွဲတွေက တကယ်တော့ မတူတော့ပါဘူး။ နောက်ပိုင်းကျင်းပခဲ့တဲ့ပွဲတွေမှာ မြန်မာအမျိုးသမီးတွေ မြန်မာနိုင်ငံအလှမယ်ဆု တစ်ခုတည်းနဲ့ ရပ်တည်မနေဘဲ နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွေကို ရင်ပေါင်တန်းဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ယခင်ကျင်းပခဲ့တဲ့ အမျိုးသမီးတွေရဲ့ ကာယအလှမယ်ပြိုင်ပွဲကို ကာယကြံ့ခိုင်မှုပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာက ဒီနှစ်မှ စတင်ထည့်သွင်းကျင်းပတာပါ။ အခြားနိုင်ငံတွေလို အလျင်စလိုသွားလို့တော့ မရဘူးပေါ့။ ဖြည်းဖြည်းချင်းတော့ ကိုယ့်ဆီက ပြိုင်ပွဲဝင်တွေကို အားကစားဖြစ်တဲ့အတွက် အားကစားတစ်ခုလို မြင်စေပြီး အပြည်ပြည်ဆိုင်ရာကို ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် မွေးမြူသွားရမှာဖြစ်ပါတယ်" ဟု ယနေ့ပွဲတွင် ဒိုင်အဖြစ် လာရောက်ကူညီ ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ အမှုဆောင် ဒေါ်ရီရီဝင်း (မြန်မာနိုင်ငံအမျိုးသမီးနည်းပြချုပ်) က ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများ၌ ကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆု ကျော်လင်းထွန်း၊ ဒုတိယဆု စစ်နိုင်မင်း၊ တတိယဆု သိန်းမြင့်မောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆု မယမင်းဆွေ၊ ဒုတိယဆု မနော်သဇင်ဖွေးနှင့် တတိယဆု မသီဂီဆွေတို့ ရရှိကြပြီး အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ပထမဆု ဖြိုးဖြိုးလှိုင်၊ ဒုတိယဆု လဲ့နေရည်ဦးနှင့် တတိယဆု လှိုင်အိဖြူတို့ရရှိခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

❀ *ကျောဖုံးမှ*

တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းက လေယာဉ်ကွင်းငယ်တွေရှိတဲ့ မြို့တွေအတော်များများ အဆင့်မြှင့်တင်နေပါတယ်။ လေကြောင်းခရီးက အချိန်ကုန်သက်သာတဲ့အတွက် ပြည်တွင်းခရီးစဉ်တွေကို တိုးချဲ့ပြေးဆွဲရမှာဖြစ်ပါတယ်။ မာန်အောင် (စမုံတဲ) လေယာဉ်ကွင်းအတွင်းမှာ အေတီအာလေယာဉ်အမျိုးအစားတွေပါ ဆင်းသက်နိုင်အောင် အဆင့်မြှင့်တင်သွားဖို့ ရည်ရွယ်ထားတယ်" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က မာန်အောင် (စမုံတဲ)လေဆိပ်သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည်။

မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းသည် မာန်အောင်မြို့မှ သုံးမိုင်ကွာဝေးပြီး ၁၉၆၉ ခုနှစ်ကတည်းက ဒါကိုတာလေယာဉ်ကွင်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ကွင်းအနီးအနားမှရရှိသည့် လွန်ကျောက်ငယ်များကို နှစ်လက်မထုခန့်ဖြန့်ခင်းကာ မြက်ခင်းကွင်းအဖြစ် ဖန်တီး၍ စတင်အသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကွင်းအတွင်း ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နွေရာသီတွင် အော်တာလေယာဉ်ဖြင့် တစ်ပတ် နှစ်ကြိမ်ခန့် ဆင်းသက်ခဲ့ပြီး ၁၉၈၃-၁၉၈၄ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အော်တာလေယာဉ်များ ရာသီမရွေး ဆင်းတက်နိုင်ရေးအတွက် ပေ ၂၀၀၀ အရှည်ရှိ ကတ္တရာကွင်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ထားကြောင်း သိရသည်။

၁၉၈၄-၁၉၈၅ ခုနှစ်တွင် အော်တာလေယာဉ်များကို ရုပ်သိမ်းခဲ့သဖြင့် ဖော်ကာအက်ဖ် ၂၇ လေယာဉ်များ ဆင်းသက်နိုင်ရန် အလျား ပေ ၄၀၀၀ ခန့် အရှည်ရှိသော လေယာဉ်ပြေးလမ်းကိုတိုးချဲ့ရန် ဆောင်ရွက်ခဲ့ပြီး အလျားပေ ၃၇၀၀ အထိ ကျောက်ကတ္တရာများခင်းကျင်းထားသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇန်နဝါရီ ၂၅ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေဆိပ်အနီး ဖွင့်လှစ်ထားသည့် မြန်မာ့လေကြောင်း အကယ်ဒမီ သင်တန်းကျောင်းသို့ သွားရောက်ခဲ့ပြီး သင်ကြားမှုဆိုင်ရာများကို ကြည့်ရှုခဲ့ပြီး ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ တည်ဆောက်လျက်ရှိသည့် မိုးလေဝသမုန်တိုင်းပြ ရေဒါစခန်းအဆောက်အအုံတည်ဆောက်မှုနှင့် ကျောက်ဖြူ လေယာဉ်ကွင်းတို့ကိုလည်း မာန်အောင် (စမုံတဲ) လေယာဉ်ကွင်းနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

ပြည်တွင်းသတင်း

ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံလေကြောင်းသဘောတူစာချုပ် ပြန်လည်ချုပ်ဆို

ရန်ကုန် ဇန်နဝါရီ ၂၇

၁၉၆၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်ကို ခေတ်နှင့်အညီ အသစ်ပြန်လည်ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်မူကြမ်းတစ်ရပ်ကို ယခုလဆန်းပိုင်းက ရေးဆွဲခဲ့ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"စာချုပ်က နောက်ဆုံးမူကြမ်း သဘောတူတဲ့အဆင့်ကို ရောက်နေပါပြီ။စာချုပ်ပေါ်မှာမူတည်ပြီး နှစ်ဖက်လေကြောင်းလိုင်းတွေရဲ့ ပျံသန်းခွင့်ကိုလည်း သဘောတူညီမှု ရရှိထားပြီးဖြစ်ပါတယ်။စာချုပ်ကို နှစ်ဖက်အစိုးရတွေဆီမှာ လက်မှတ်ရေးထိုးခွင့် တောင်းကြမယ်။ လက်မှတ်ရေးထိုးခွင့်ရရင် ၂၀၁၅ ခုနှစ်အတွင်း အတည်ပြုကြမယ့် အနေအထားဖြစ်ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းက ပြောသည်။

လေကြောင်းလိုင်းများတွင် ပုံမှန်ခရီးစဉ်များ ပျံသန်းခွင့်ပြုရန် လေကြောင်းသဘောတူစာချုပ်သည် မရှိမဖြစ်လိုအပ်ပြီး အစိုးရများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်ဖြစ်သည်။ နှစ်နိုင်ငံအစိုးရများအကြား ချုပ်ဆိုသည့် နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်နှင့် ဒေသအလိုက် နိုင်ငံအစုအဖွဲ့များအကြား ချုပ်ဆိုသည့် နိုင်ငံစုလေကြောင်းသဘောတူစာချုပ်ဟူ၍ လေကြောင်းသဘောတူစာချုပ်နှစ်မျိုးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်များကို အမေရိကန်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အီဂျစ်၊ ပြင်သစ် စသည့် နိုင်ငံများအပါအဝင် (၄၇) နိုင်ငံနှင့် ချုပ်ဆိုထားပြီး အသစ်ချုပ်ဆိုခြင်း၊ လိုအပ်သောအပိုင်းများ ပြန်လည်ပြင်ဆင်ခြင်းများကို နိုင်ငံအများစုနှင့် ဆောင်ရွက်ပြီးဖြစ်သည်။ ပြီးခဲ့သည့် နှစ်ကလည်း ပြင်သစ်၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ တူရကီတို့နှင့် လေကြောင်းသဘောတူစာချုပ်အသစ် မူကြမ်းများ ရေးဆွဲနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံဒေသတွင်း နိုင်ငံများအကြား ချုပ်ဆိုထားသည့် နိုင်ငံစု သဘောတူစာချုပ်တွင်လည်း ပါဝင်လက်မှတ် ရေးထိုးထားကြောင်း သိရသည်။

ယခင်က လေကြောင်းသဘောတူစာချုပ်များချုပ်ဆိုရာတွင် ပုံမှန်ခရီးစဉ်ပျံသန်းသည့် လေကြောင်းလိုင်းများနှင့် သက်ဆိုင်သည့်အချက်များကိုသာ စာချုပ်တွင် ထည့်သွင်းဖော်ပြခဲ့ပြီး အခါအားလျော်စွာ ပျံသန်းသည့် စင်းလုံးငှား လေယာဉ်ခရီးစဉ်နှင့် သက်ဆိုင်သည်များကို သီးခြားမှတ်တမ်းဖြင့်သာ သဘောတူညီသတ်မှတ်ခဲ့သည်။ ယခု ဩစတြေးလျနှင့် ချုပ်ဆိုမည့် စာချုပ်တွင် စင်းလုံးငှား လေယာဉ်များကိုပါ စာချုပ်ပါအခွင့်အရေးများ ခံစားခွင့်ရှိစေမည့် အချက်များ ထည့်သွင်းရေးဆွဲခဲ့သည်။ လေကြောင်းလိုင်းပျံသန်းခွင့်အပိုင်းတွင်လည်း နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများ၏ ခရီးသည်နှင့် ကုန်စည်တင်ဆောင်ခွင့်များအပေါ် ကန့်သတ်ချက်မရှိဘဲ ခွင့်ပြုသည့်အချက်များကို ထည့်သွင်းရေးဆွဲခဲ့သည်။

ထို့ပြင် လက်ရှိ ဩစတြေးလျ-မြန်မာနှစ်နိုင်ငံအကြားတွင် တိုက်ရိုက်ခရီးစဉ်များ ပုံမှန်ပျံသန်းပြေးဆွဲနိုင်လောက်သည့် ခရီးသွားပမာဏ ပြည့်မီမှု မရှိသေးသော်လည်း မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးသွားများ အဆင်ပြေစေရန်အတွက် လေကြောင်းလိုင်း အမှတ်တံဆိပ်ပူးတွဲပျံသန်းမှုကို ခွင့်ပြုသည့်အချက်များ အဆိုပါစာချုပ်တွင် ပါရှိကြောင်း သိရသည်။

"လေကြောင်းလိုင်းတွေ အနေနဲ့ ခရီးသည်ဦးရေပြည့်မှသာ တိုက်ရိုက်ခရီးစဉ်များ ပျံသန်းနိုင်မှာဖြစ်လို့ မြန်မာနိုင်ငံကို လာရောက်လိုတဲ့ ခရီးသွားတွေအဆင်ပြေအောင် ဒီလိုပျံသန်းမှုအစီအစဉ်မျိုးကိုလည်း ခွင့်ပြုပေးရတာ ဖြစ်ပါတယ်။ ဒါ့အပြင် စာချုပ်အတည်ပြုမှုကို စောင့်ဆိုင်းစဉ်ကာလအတွင်းမှာ စာချုပ်ပါ အခွင့်အရေးများကို နှစ်ဖက်လေကြောင်းလိုင်းများအား ယာယီခံစားခွင့်ပြုဖို့ကိုလည်း သဘောတူထားပြီး ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းတွေ ပြီးစီးဖို့အထိ စောင့်ဆိုင်းနေရင် လေကြောင်းလိုင်းတွေအနေနဲ့ ဈေးကွက်လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ နောက်ကျနိုင်တယ်"ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

"ဘေးကင်းစံနှုန်းအနေနဲ့ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်တာကြောင့် ဘေးကင်းမှုစံနှုန်းရှိ မရှိ ဆိုတာကို ၂၀၁၀ ပြည့်နှစ်မှာ စစ်ဆေးခံခဲ့ပြီးပါပြီ၊ မြန်မာနိုင်ငံက ချွတ်ယွင်းချက် အနည်းငယ်ရှိပေမယ့် ဆိုးရွားတဲ့အခြေအနေ (Significant Safety Concern)ရှိတဲ့နိုင်ငံစာရင်းမှာမပါဘူး။ ဘေးအန္တရာယ်မရှိနိုင်ဘူးဆိုပြီး သတ်မှတ်ပေးခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးဈေးကွက်တွင် မြန်မာနိုင်ငံလေကြောင်းလိုင်းများ၊ အခြားနိုင်ငံတကာ လေကြောင်းလိုင်းကြီးများနှင့် ရင်ပေါင်တန်းပါဝင်နိုင်ရေးအတွက်ရင်းနှီးမြှုပ်နှံနိုင်သည့် ပမာဏ၊ ဈေးကွက်ဝင်ရောက်မှုနှင့် ယှဉ်ပြိုင်မှု မဟာဗျူဟာတို့သည် အခြေခံကျကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း လေကြောင်းပို့ဆောင်ရေး အချက်အချာ နေရာဖြစ်လာရန် အလားအလာကောင်းများ ပိုင်ဆိုင်လျက်ရှိကြောင်း ၎င်းကဆက်လက်သုံးသပ်သည်။

ဝင်းဝင်းမော်၊ နန္ဒာဝင်း

အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ် စစ်တမ်းကောက်ယူ

အလုပ်သမားများ၏ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များ အခြေအနေစစ်တမ်းကို ၂၆-၁-၂၀၁၅ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၀၈ မြို့နယ်တွင် အိမ်ထောင်စု ၂၂,၀၃၂ စုအား စစ်တမ်းကောက်ယူမည်ဖြစ်ပါ၍ ပြည်သူအားလုံးမှ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ငါးသိုင်းချောင်းမြို့၌ ပေါ့ဆမီးကြောင့်အိမ်ခြေ ၂၈ လုံး မီးလောင်ဆုံးရှုံး

ပုသိမ် ဇန်နဝါရီ ၂၇

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်၌ ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူနေအိမ်ခြေ ၂၈ လုံး မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲက ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်နေ ဦးမျိုးလွင်သည် နေအိမ်၌ထင်းမီးဖိုဖြင့် ထမင်းအိုးတည်ပြီး အိမ်အပြင်သို့ ထွက်သွားခိုက် မီးဖိုအကာကို မီးကူးစက်ရာက သွပ်မိုးအုတ်ကာ ကွန်ကရစ်ခင်း နှစ်ထပ်အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် အနီးရှိစက်သုံးဆီဆိုင်သို့ ဆက်လက်မီးကူးစက်လောင်ကျွမ်းရာ မြို့မရပ်ကွက်အတွင်းရှိ နေအိမ်အဆောက်အအုံ ၂၈ လုံး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လူအေးနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ရဲဗလ မျိုးဝင်းတို့ဦးဆောင်၍ ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ကျုံပျော်၊ ရေကြည်၊ လေးမျက်နှာ၊ ငါးသိုင်းချောင်းမှ မီးငြိမ်းသတ်ယာဉ်များနှင့် မီးသတ်ရေယာဉ် ၄၅ စီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၉၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀၊ အမှတ် (၃၄၄) အမြောက်တပ်မ၊ တပ် မတော်သား ၅၁ ဦးနှင့် ဒေသခံလူမှုရေး အဖွဲ့အစည်းများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ပေါ့ဆစွာမီးသုံးစွဲသူ မျိုးလွင်(၃၅ နှစ်)ကို ငါးသိုင်းချောင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

သတင်း-ပုသိမ်လှကြည်၊
ဓာတ်ပုံ-မင်းဇော်ဦး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
လပွတ္တာခရိုင်နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၃

မြဝတီဘဏ်လီမိတက် **နှင့်** ၁။ ဦးခင်ရွှေ
(၎င်းဘဏ်၏အခွင့်ရကိုယ်စားလှယ်ဦးစိုးမြင့်ဦး) ၂။ ဒေါ်ခင်ဆွေမူ
တရားနိုင် **တရားရှုံးများ**

ကျိုက်ပိကျေးရွာ၊ မော်ကျွန်းမြို့ ဦးခင်ရွှေ၊ ဒေါ်ခင်ဆွေမူ အမှတ် ၃၊ ကံ့ကော်လမ်း သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မြဝတီဘဏ်လီမိတက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(အေးမူ)
ခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာလမ်း၊ အိမ်အမှတ် (၂၉၉) နေ ဦးစစ်အောင်-ဒေါ်နန်းလုံတို့၏သား စိုင်းပန်းစိန်(ခ)သားငယ်သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိသားစုဂုဏ်သိက္ခာကျဆင်းအောင် အရှက်မဲ့သည့် ကိစ္စရပ်များကို ၎င်းမှပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ စိုင်းပန်းစိန်(ခ)သားငယ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစစ်အောင် ၁၃/တကန(နိုင်)၁၂၇၀၃၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗန်းမော်ခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ မြစ်သဲ၊ ဘိလပ်မြေ(ထိုင်းဆင်)၊ သံချောင်းလုံးဆိုဒ်စုံ၊ သစ်ခွဲသား စသည့်လုပ်ငန်းသုံးပစ္စည်းမျိုးစုံအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၃)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)**

(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** ၂၈-၁-၂၀၁၅ရက်
(၂) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** ၁၀-၂-၂၀၁၅ရက်၊ ၁၇း၀၀နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** ၁၁-၂-၂၀၁၅ ရက်၊ နံနက် ၀၉း၀၀နာရီ
(၄) **တင်ဒါတင်သွင်းရမည့်နေရာ** ခရိုင်အင်ဂျင်နီယာမှူးရုံး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့၊
(၄) အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဗန်းမော်ခရိုင်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ ဗန်းမော်ခရိုင်၊ ဖုန်း-၀၇၄-၅၀၀၁၉

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများစားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၂-၂၀၁၅ရက်၊ ၁၀း၀၀နာရီဖြစ်ပါသည်။
၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၂-၂၀၁၅ရက်၊ ၁၄း၀၀ နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း)နှုန်းဖြင့် ၂၈-၁-၂၀၁၅ ရက်မှ ၃-၂-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန် ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၅၅၀၁၉၃၊ ၀၆၇-၅၅၀၂၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး

ရက်(၁၀၀)ပြည့်မွေးနေ့ဆုတောင်းလွှာ

သမီးလေးစံသစ္စာညီ

ချစ်သမီးလေး စံသစ္စာညီ၏ ၂၈-၁-၂၀၁၅ ရက်တွင်ကျရောက်သော ရက် ၁၀၀ ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ကျန်းမာပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ-

ဖေဖေ - ဦးထွန်းရွှေ
မေမေ - ဒေါက်တာလှိုင်ထိပ်ခေါင်တင်
ဘိုးဘိုး - ဦးမောင်ကျော်ဦး၊ ဦးသိန်းလွင်
ဘွားဘွား - ဒေါ်မအောင်သာ၊ ဒေါ်လူစီအော်လန်ဒို
ဘွားလေး - ဒေါ်လေးလေဖော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး
(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)မှ ၂၀၁၄-၂၀၁၅ ခုနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေမှ ပိုလျှံသောငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော-
(က) ၁၁ကေဗွီလိုင်းများ၊ ၄၀၀ ဗို့လိုင်းများနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ
(ခ) ၁၁ကေဗွီနှင့်၄၀၀ဗို့ဓာတ်အားလိုင်းဟောင်းများအား (တိုင်/တန်း/ကြိုး/ကြွေသီးများ) လဲလှယ်ခြင်းလုပ်ငန်းများအား Turn Key (ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၂-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၈၁-၂၀၁၉၀၆
ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၈၁-၂၀၅၈၄၈၊ ၀၈၁-၂၁၂၁၂၈၆၊ ၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

လမ်းလျှောက်ဆန္ဒဖော်ထုတ်သည့်အဖွဲ့နှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

တောင်သာ ဇန်နဝါရီ ၂၇

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ လမ်းလျှောက်ဆန္ဒဖော်ထုတ်လျက်ရှိသော ကျောင်းသားအဖွဲ့သည် မြင်းခြံမြို့၌ အခြေပြုလျက်ရှိရာမှ မြင်းခြံမြို့မှ ကျောင်းသားကျောင်းသူများ၊ ဒေသခံအချို့နှင့် ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီခန့်တွင် မြင်းခြံမြို့မှ တောင်သာမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

အဆိုပါအဖွဲ့အား အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့် မြင်းခြံဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာကိုကိုမြင့် တို့ပါဝင်သောအဖွဲ့က မွန်းလွဲပိုင်းတွင် မြင်းခြံ-တောင်သာကားလမ်းရှိ မိုင်တိုင် (၄၄၈/၇) ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆန္ဒပြလျက်ရှိသောကျောင်းသားအဖွဲ့တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းနေစဉ်။

ထိုသို့တွေ့ဆုံစဉ် အဆိုပါအဖွဲ့မှ နန္ဒာစစ်အောင်နှင့် အောင်မှိုင်းဆန်းတို့နှစ်ဦးက နေပြည်တော်၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ၎င်းတို့နှစ်ဦးတွေ့ဆုံမည်ဖြစ်ကြောင်း၊ လမ်းလျှောက်ဆန္ဒပြခြင်းကို တောင်သာမြို့အထိ ပြုလုပ်မည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ည ၈ နာရီခန့်တွင် တောင်သာမြို့ မုန့်ပင်ဘုန်းကြီးကျောင်းသို့ ရောက်ရှိ ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ပြည်တွင်းသတင်း

ပြည်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ပြည် ဇန်နဝါရီ ၂၇

ပြည်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ပြည်တက္ကသိုလ်လေးထပ်ဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဒေါက်တာထိပ်တင်ဟန် (ပါမောက္ခဌာနမှူး မြန်မာစာဌာန)က သီကုံးရေးသားသည့် "ရွှန်းစုဝေဖြာ ပြည်တက္ကသိုလ်ပါ" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာသက်ထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် တက္ကသိုလ်ပညာကို လေ့လာသင်ယူရန် ရောက်ရှိလာကြသည့် မောင်မယ်သစ်လွင် ကျောင်းသားကျောင်းသူများဟာ တတ်သိလိမ္မာမှုဆိုသည့် ပညာကို မှန်ကန်စွာ အသုံးပြုစေလိုကြောင်း၊ ဖွဲ့၊ လုံ့လ၊ ဝီရိယရှိရှိဖြင့် စွမ်းဆောင်ရည်မြင့်မားအောင် အားထုတ်ကြစေလိုကြောင်း၊ တာဝန်သိမှုနှင့် ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူတော်လူကောင်းများအဖြစ် နိုင်ငံနှင့် လူမျိုးဂုဏ်ကို ဖော်ဆောင်ပေးသူများဖြစ်အောင် စွမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

မင်းလွင်(ပြည်)

နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

မန္တလေး ဇန်နဝါရီ ၂၇

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့အကြား နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ဩစတြေးလျအာရှ လူကုန်ကူးတိုက်ဖျက်ရေးအစီအစဉ် Program to Combat Traffick in Passon (AAPTIP)၏ပံ့ပိုးကူညီမှုဖြင့် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ရွှေမန်းတောင်ခြေရှိ Mandalay Hill Resort Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်ထွန်း ဦးဆောင်သည့် အဖွဲ့ဝင် ၁၇ ဦးနှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Suwana Suwan-juta ဦးဆောင်သည့်အဖွဲ့ဝင် ၁၇ ဦး တို့တက်ရောက်ကြပြီး နှစ်နိုင်ငံအဖွဲ့အစည်းများဆက်သွယ်ရေး နယ်စပ်ဖြတ်ကျော်ဖြစ်ပွားခဲ့သည့် လူကုန်ကူးခံရသူများ ပြန်လည်စေလွှတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် (၁၀)ကြိမ်မြောက် အစည်းအဝေးနှင့် ဆွေးနွေးခဲ့သည့် ထိုင်းနိုင်ငံအတွင်း လူကုန်ကူးမှုများ၊ တရားစွဲဆိုသည့်အမှုများ အမြန်စီရင်ဆုံးဖြတ်ချက်ချနိုင်ရေး၊ ထိုင်းနိုင်ငံဘက်ရှိ တရားမဝင် အလုပ်ရှာဖွေပေးသည့်အေဂျင်စီများနှင့် လူကုန်ကူးမှုကျူးလွန်သည့် အေဂျင်စီများကို ထိရောက်စွာ အရေးယူရေး၊ ထိုင်း

ငါးဖမ်းလှေများပေါ်၌ လူကုန်ကူးခံရပြီး အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်၌ရောက်ရှိနေသော မြန်မာအလုပ်သမားများကို နိုင်ငံသားစိစစ်ရာတွင် ပူးပေါင်းအဖြေရှာရေး၊ အမှုစီရင်ရာတွင် မျှတမှုရှိရေး၊ မြန်မာသံရုံးမှ အသိအမှတ်ပြုနိုင်ရေး စသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူးဦးအောင်ခိုင်
ဒေါ်စန္ဒာအောင်ခိုင်
B.A (English)
Certificate in Travel & Tourism
City College of San Francisco
Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ်စကားပြော)
၂၄၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756

ကုန်အမှတ်တံဆိပ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉လမ်း(အလယ်ဘလောက်)၊ အမှတ်(၁၁၂)တွင်နေထိုင်သူ မနန္ဒာအောင် ၁၂/ဒပန(နိုင်)ဝ၅၂ဝ၈၇သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် ပြေစာအမှတ်၄/၆၄၁ ဖြင့် မှတ်ပုံတင်ထားဆဲဖြစ်ပါသည်။

CLASSIC
SPECIAL SHOES

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော "CLASSIC" SPEACIAL SHOES ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ မနန္ဒာအောင်သည် ''ဖိနပ်အမျိုးမျိုး''ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်နှင့်ပတ်သက်၍ ပြုလုပ်နေသူများရှိပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ မနန္ဒာအောင်ထံဖြစ်စေ ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ရန်ပျက်ကွက်ပါက လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်ဆွေဦး
LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၆၈၂၁)
အမှတ် (၆/၈)၊ (B/C)၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-ဝ၉-၂၅၂၅ဝဝ၁၆၁၊ ဝ၉-၉၇၄၁၉၅၇ဝ၂၊
ဝ၉-၇၉၉၆၅၄၈၁၂၊ ဝ၉-၂၅၂ဝ၇၈၅ဝဝ



အမည်ဖြည့်စွက်ခြင်း

သဃ်န်းကျွန်းမြို့နယ်၊ အထက သုဝဏ္ဏမှ ဦးအောင်ဆန်းလျှန်၏သား သူရိန်လင်းဦး (တတိယတန်း-A)အား ဂျက်ဆန်သူရိန်လင်းဦးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်း အထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၈-၁-၂၀၁၅ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂) အောင်ဇေယျတံတားဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-ဝ၁-၆၄၄၃၇ဝ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၂-၂၀၁၅ရက်၊ ၁၂:ဝဝ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၃-၂-၂၀၁၅ရက်၊ ၁၃:၃ဝ နာရီ
တင်ဒါဖွင့်မည့်နေရာ - လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ဘိုကလေးမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့(၂)
ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကြည်မြဆင့် ၁၂/အစန(နိုင်) ၁၇၁၃၃၅ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
ဒေါ်ကြည်မြဆင့် ဖုန်း-ဝ၉-၄ဝ၁၅၉၈၉၉၉

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ

73**-90000
49**-150000
86**-100000
Ph:09-252181818, 09-73000119

ကျေးဇူး ဆပ်ပါမည်

ကျွန်မ မယဉ်ယဉ်အောင် ၁၂/သကတ(နိုင်)၁၆၄ဝ၄၈၏ P.P အမှတ် ၈၈၂ဝ၄၂သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-ဝ၉-၂၅၂၂၇၃၅၃၄**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်မြင့်သန်း ၁၂/တမန(နိုင်) ဝ၇၁ဝ၁၁ ၏သား ကိုအာကာသောင်း SRM-၁၄၁ဝ၅၅ သည် မိမိဆန္ဒအလျောက်ပြုမှုသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်မြင့်သန်း
၁၂/တမန(နိုင်)ဝ၇၁ဝ၁၁

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သင်းကြည် ၁၂/မဂတ(နိုင်) ဝ၅၉၈ဝ၉ အမည်ဖြင့် တင်သွင်းလာသော Nissan (AD VAN) 2009 M သွင်းကုန်ပါမစ်အမှတ် (ISP IDV8 14-15 11844 05/06/14)သွင်းကုန်ပါမစ်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၇၃၂၄ဝ၉၂၈၊ ဝ၉-၂၅၆၃၂၃၅၇၃

အမြန်ပြန်လာပါ

ကျွန်တော် မောင်အောင်မျိုးတင့် ၁၃/လရန(နိုင်)၁ဝ၅၇၈၄၏ဇနီး တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ မမီမီစောမိုးသည် နေအိမ်မှထွက်သွားပါသဖြင့် အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူများအားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
မောင်အောင်မျိုးတင့်
၁၃/လရန(နိုင်)၁ဝ၅၇၈၄

အမည်ပြောင်း

အိမ်မဲမြို့နယ် အထက ရွာသစ်ပဥ္စမတန်း(က)မှ စလောပန်အား စပြည့်စုံဝင်းဟု ပြောင်းလဲခေါ်ပါရန်။
စပြည့်စုံဝင်း

သွေးသည် အသက်

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 Residence
We Define Lifestyle
Developed By: UNITED GP
Development by GOLDEN PALACE
SOMERSET SERVICED RESIDENCE ပါရှိသော
More than 84% Sold Out
Lucky Draw Program & Special Promotion Package
(5 % Discount+Interior Decoration Package)
(5th February - 10th March, 2015)
*Terms & Conditions
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
OrangeTee
777
1st Prize
2nd Prize
3rd Prize
CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft

ဆောင်းပါး

အလုပ်ဖြင့် ကင်းထောက်ရန်ပုံငွေရှာဖွေခြင်း (Kyat-a-Job)

ကင်းထောက်ကြီး ခင်ဇော်

ကျွန်တော် ကင်းထောက်လူငယ် (Boy Scout)ဖြစ်ခဲ့စဉ်က ၁၉၅၉-၁၉၆၄ ခုနှစ်များအတွင်း နှစ်စဉ် ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ကင်းထောက်ရန်ပုံငွေရှာဖွေခြင်း လှုပ်ရှားမှုများ ပြုလုပ်ခဲ့ရပါသည်။

ထိုစဉ်က ဒီဇင်ဘာ ကျောင်းပိတ်ရက်သည် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်)မှ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) အထိ ၁၀ ရက်ခန့် ဖြစ်ပါသည်။ ထိုဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကင်းထောက်လုလင်များသည် ခြောက်ဦးမှ ရှစ်ဦးအထိ ပါဝင်သော ကင်းစိတ်အလိုက် မိမိတို့တက်ရောက်ရာ ကျောင်းပတ်ဝန်းကျင်ရပ်ကွက်တွင်းရှိ အိမ်များသို့သွားရောက်၍ အလုပ်တောင်းပြီး ဗာဟီရအလုပ်ကလေးများ လုပ်ကြရပါသည်။ ထိုအစီအစဉ်ကို အလုပ်တစ်ခုလျှင် တစ်ကျပ် (kyat-a-Job)ဟု ခေါ်ပါသည်။

အိမ်တစ်အိမ်သို့ရောက်လျှင် အိမ်ရှင်အကြီးအကဲအား ရိုသေလေးစားစွာ နှုတ်ဆက်၍ "မိမိတို့မှာ ( ) ကျောင်းမှ ကင်းထောက်လုလင်များဖြစ်ပါကြောင်း၊ ကင်းထောက်ရန်ပုံငွေအတွက် အလုပ်ရှာထွက်ခြင်းဖြစ်ကြောင်း၊ ရောက်ရှိနေသောအိမ်တွင် သန့်ရှင်းရေးမှအစ အလုပ်ကလေးများရှိပါလျှင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုအတွက် အလုပ်တစ်ခုလျှင် တစ်ကျပ်ချီးမြှင့်ပါရန်ဖြစ်ပါကြောင်း" ယဉ်ကျေးသိမ်မွေ့စွာ ပြောရပါသည်။

အိမ်ရှင်က လုပ်စရာမရှိပါဟုပြောချင်လည်း ပြောလွှတ်ပါမည်။ တံမြက်စည်းလှဲ၊ ကြမ်းတိုက်၊ ပန်းကန်ဆေး၊ ထင်းပုံရွှေ့၊ အမှိုက်မီးရှို့၊ ပြတင်းမှန်သုတ်စသည့် အလုပ်ကလေးများထဲမှ တစ်ခု သို့မဟုတ် နှစ်ခုလုပ်ပေးမလားဟုမေးပြီး ခိုင်းချင်လည်း ခိုင်းပါမည်။ အလုပ်ပြီးသည့်အခါ လုပ်အားခငွေကို အလုပ်တစ်ခုလျှင် တစ်ကျပ်ပေးပါသည်။ အလုပ်သုံးလေးခုခိုင်း၍ လေးကျပ်ပေးသည့်အခါရှိသကဲ့သို့ အလုပ်တစ်မျိုးတည်း များများခိုင်းပြီး တစ်ကျပ်တည်းပေးသည့်အခါလည်း ရှိတတ်ပါသည်။

အလုပ်တစ်ခု တစ်ကျပ်ကို လက်ခံရန် ကင်းထောက်လုလင်များတွင် တစ်ကျပ်ကွက် ဆယ်ကွက်ပါသည့် ကတ်ပြားတစ်ခု ပါလာရပါသည်။ အိမ်ရှင်က တစ်ကွက်တစ်ကျပ်နှုန်းဖြင့် အကွက်များဖြည့်ပေးလိုက်ပြီး ငွေကိုကင်းစိတ်ဦးစီး သို့မဟုတ် ခေါင်းဆောင်ကို ပေးလိုက်ပါသည်။ သို့နှင့် တစ်အိမ်ပြီးတစ်အိမ်ဝင်၍ အလုပ်တောင်း၊ အလုပ်လုပ်ငွေလက်ခံပြီး ရန်ပုံငွေရှာပါသည်။ အလုပ်ကတ်ပြားများကို ကင်းထောက်ကောင်စီမှ သက်ဆိုင်ရာကျောင်းကင်းထောက်ဆရာကို ထုတ်ပေးထားပါသည်။ ကင်းထောက်ဆရာက ကင်းစိတ်အလိုက် ထုတ်ပေးပြီး (၁၀)ကွက်ပြည့်သောကတ်များကို ငွေ ၁၀ ကျပ်နှင့်အတူ ပြန်သိမ်းလျက် ကင်းထောက်ကောင်စီသို့ Kyat-a-Job ရာသီပြီးလျှင် ပြန်အပ်ရပါသည်။ ကင်းစိတ်များကို ကတ်ထုတ်ပေးသည့်အခါ တစ်ကတ်ချင်းကုန်လျှင် နောက်ထပ်တစ်ကတ်ထပ်ထုတ်ပေးခြင်းဖြင့် ကင်းစိတ်အလိုက်ကတ်များလျှင်၊ အကွက်များလျှင်များသလို ရန်ပုံငွေရရှိပါသည်။ အများဆုံးရှာနိုင်သောကင်းစိတ်ကို ဂုဏ်ပြုမှတ်တမ်းပေးပါသည်။ ရန်ပုံငွေကို ကင်းထောက်ကောင်စီက ကင်းထောက်လုပ်ငန်းများအတွက် လိုအပ်သလို စီမံခန့်ခွဲသုံးစွဲပါသည်။

ကင်းထောက်လုလင်များ အလုပ်ဖြင့် ရန်ပုံငွေရှာထွက်လျှင် ကင်းထောက်ဝတ်စုံအပြည့်ဝတ်စားသွားရပါသည်။အလုပ်လုပ်သည့်အိမ်တွင် အလုပ်သဘောသဘာဝအရ ဦးထုပ်၊ ဖိနပ်၊ ရှပ်အင်္ကျီချွတ်၍ သပ်သပ်ရပ်ရပ်ပုံထား၊ ချိတ်ထားပြီး အလုပ်လုပ်နိုင်ပါသည်။ ပြီးလျှင် ဝတ်စုံပြည့် ပြန်ဝတ်၍ အိမ်မှထွက်ခွာရပါသည်။ ကင်းထောက်တိုင်းတွင် ဓာတ်ပုံပါကင်းထောက်မှတ်ပုံတင်ကတ်ပြားပါရန်လည်းလိုအပ်ပါသည်။ လိုအပ်လျှင်အိမ်ရှင်က စစ်ဆေးနိုင်ရန်ဖြစ်ပါသည်။

ကျွန်တော် ကင်းထောက်ဖြစ်ခဲ့သည့်ကျောင်းမှာ ယခုအထက(၁)လမ်းမတော်၊ ထိုစဉ်က စိန့်ဂျွန်းဒိုင်အိုစီဇင် ယောက်ျားကလေးများကျောင်းဖြစ်ပါသည်။ ကျောင်းပတ်ဝန်းကျင်ရပ်ကွက်မှာ နိုင်ငံခြားသံရုံးအိမ်များ၊ ငွေကြေးချမ်းသာသူ ခြံဝင်းများနှင့် အိမ်ကြီးများဖြစ်၍ မွန်မွန်ရည်ရည်ပြောဆိုရပါသည်။ သံတမန်အိမ်များဆိုလျှင် အင်္ဂလိပ်လိုပြောရပါသည်။

ရန်ပုံငွေရှာ ရာသီမှာ ဒီဇင်ဘာဆောင်းတွင်းရာသီ ရက်သတ္တနှစ်ပတ်မျှဖြစ်ပြီးချမ်းအေးသောရာသီဖြစ်၍အလုပ်လုပ်ရတာမပင်ပန်းပါ။ အချို့အိမ်များက ရန်ပုံငွေပေးသည့်အပြင် မုန့်များ၊ အချိုရည်များဖြင့် ပျူငှာစွာ ဧည့်ခံကြပါသည်။

ရှာဖွေရရှိသည့် ရန်ပုံငွေမှာ ရှာဖွေသည့်ကင်းထောက်များ မရရှိပါ။ ကင်းထောက်ကောင်စီက ဒေသန္တရအလိုက် တစ်နိုင်ငံလုံးအလိုက် ရန်ပုံငွေများ စုဆောင်း၍ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် သုံးစွဲပါသည်။ အလုပ်ရှာလုပ်သော ကင်းထောက်များက ငွေရှာသည်ဟု သဘောမပိုက်ဘဲ ကင်းထောက်ကတိသစ္စာပါ အများသူငါကို အမြဲကူညီပါမည်ဟူသည့် စိတ်ဆန္ဒဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ပုံငွေထည့်ဝင်ပေးသည့် အလုပ်ပေးအိမ်ရှင်များကလည်း ကင်းထောက်များကို ငွေပေးသည်ဟု သဘောမထားဘဲ ကင်းထောက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထုမှ ပါဝင်ကူညီသည့် သဘောပိုက်ရခြင်းသည် Kyat-a-Job ၏ အနှစ်သာရဖြစ်သည်။

မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းကို လက်ရှိနိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ခွင့်ပြုချက်ဖြင့် ၂၀၁၂ ခုနှစ်တွင် ပြန်လည်စတင် အသက်ဝင်ဆောင်ရွက်လျက်ရှိရာ နှစ်နှစ်ကာလအတွင်း ကင်းထောက်မောင်မယ်ဦးရေ ၁၀၀၀၀ ကျော်ရှိလာပြီဖြစ်ပါသည်။ ကင်းထောက်လှုပ်ရှားမှုတစ်ခုဖြစ်သော အလုပ်တစ်ခု တစ်ကျပ်ဖြင့် ရန်ပုံငွေရှာခြင်း (Kyat-a-Job) လုပ်ငန်းကို ပြန်လည်စတင်ဆောင်ရွက်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ယာယီကော်မတီ နာယကကြီးများ၏ လမ်းညွှန်ချက်အရ ကော်မတီတွင် ဆွေးနွေးလျက်ရှိသည်။

၉-၁၂-၂၀၁၄ နေ့က အထက(၁)လမ်းမတော်ကျောင်းတွင် ဆွေးနွေးချက်များ၌ ၁၉၆၀ ပြည့်နှစ်က ငွေတစ်ကျပ်၏ တန်ဖိုးနှင့် ယခုတန်ဖိုးကွာခြားသဖြင့် အလုပ်တစ်ခုကျပ်တစ်ရာ သတ်မှတ်ရန် (တစ်လုပ် တစ်ရာဝင်ငွေရှာ Hundred Kyat-a-Job)၊ ရန်ပုံငွေကတ်ပြားများ တီထွင်ရိုက်နှိပ်၍ ကျောင်းအလိုက် ဖြန့်ဖြူးရန်၊ ခရိုင်၊ မြို့နယ်ကင်းထောက်ကောင်စီများက ကျောင်းကင်းထောက်ဆရာများမှတစ်ဆင့် ရရှိရန်ပုံငွေများ စနစ်တကျစုစည်းရန်၊ ဤလုပ်ငန်းကို အများပြည်သူသိရှိရန် ပညာပေးအသိပေး ကြေညာရန်၊ မသမာမှုများအယောင်ဆောင်မှုများ မရှိစေရန်အတွက် စည်းကမ်းများသေချာစွာ သတ်မှတ်ရန် စသည်များ ပါဝင်ပါသည်။

> **အလုပ်ရှာလုပ်သော ကင်းထောက်များက ငွေရှာသည်ဟု သဘောမပိုက်ဘဲ ကင်းထောက် ကတိသစ္စာပါ အများသူငါကို အမြဲကူညီပါမည်ဟူသည့် စိတ်ဆန္ဒဖြင့်ဆောင်ရွက်ခြင်းဖြစ်။**

မြန်မာနိုင်ငံတွင် ယခင်က ဒီဇင်ဘာလတွင် ပုံမှန်လှုပ်ရှားခဲ့သော်လည်း ယခုပြန်စသည့်အခါ လာမည့်မတ်လ နွေရာသီကျောင်းပိတ်ရက်တွင် စမ်းသပ်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

အလုပ်ဖြင့် ရန်ပုံငွေရှာလုပ်ငန်းအတွက် အောက်ပါလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်-

- "တစ်လုပ် တစ်ရာ (Hundred Kyat-a-Job) စီမံကိန်းအတွက် မြန်မာနိုင်ငံ ကင်းထောက်ယာယီကောင်စီမှ ဦးစီး၍ ကင်းထောက်လုလင်များရှိသည့် ကျောင်းများမှ ကင်းထောက်သင်တန်းဆင်းပြီး ကျောင်းအုပ်များပါဝင်သည့် "အလုပ်ဖြင့် ကင်းထောက်ရန်ပုံငွေ ရှာဖွေရေး" အလုပ်အဖွဲ့ဖွဲ့သင့်ပါသည်။
- အဖွဲ့မှ ကင်းထောက်များ လုပ်အားပေးမည့် နယ်မြေများကို ကျောင်းပတ်ဝန်းကျင်နယ်မြေများတွင် သတ်မှတ်သင့်ပါသည်။ နယ်မြေအတွင်းရှိ ကျောင်းကင်းထောက်အဖွဲ့နှင့် ရပ်ကွက်မထပ်ရန်စီစဉ်သင့်ပါသည်။
- "အလုပ်ဖြင့် ကင်းထောက်ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်း" အစီအစဉ်အကျဉ်းချုပ်ကို သက်ဆိုင်ရာကင်းထောက်မိဘများ၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အများပြည်သူများသိရှိရန် စာနယ်ဇင်းနှင့် ရုပ်သံမီဒီယာများမှ အသိပေးကြေညာသင့်ပါသည်။ စီမံချက်တွင် လုပ်ငန်းကာလအပိုင်းအခြား ဖော်ပြပါရှိသင့်ပါသည်။
- "တစ်လုပ် တစ်ရာ (အလုပ်တစ်ခု ကျပ်တစ်ရာ)"လုပ်ငန်းအတွက် တစ်ကတ်လျှင် ကျပ်တစ်ရာကွက် ၁၀ ကွက်ပါသည့် အလုပ်ကတ်ပြားများ ရိုက်နှိပ်သင့်ပါသည်။ တစ်ကွက်ချင်းတွင် အိမ်ရှင်(အိမ်သား)အမည်နှင့် လက်မှတ်တိုထိုးရန်မှတ်သားပေးထားသင့်ပါသည်။ ကတ်ပြားတွင် ကင်းထောက်ယာယီကော်မတီ တံဆိပ်တုံးပါရပါမည်။
- ကျောင်းအလိုက် ကျောင်းအုပ်ကြီးများက ကင်းထောက်ဆရာများမှတစ်ဆင့် ကျောင်းကင်းထောက်ကင်းစိတ်များသို့ ကတ်ပြားများထုတ်ပေးသင့်ပါသည်။
- အိမ်ရှင်များက အလုပ်မပေးဘဲ ကတ်ပြားပေါ် လက်မှတ်ထိုးပြီး ငွေပေးလိုက်ခြင်းမျိုးမရှိရန် ကင်းထောက်များနှင့် အိမ်ရှင်များသို့ ကြိုတင်အသိပေးနှိုးဆော်ထားရပါမည်။
- သတ်မှတ်ရက်အတွင်း ကင်းထောက်လုလင်များက ကင်းစိတ်အလိုက် သတ်မှတ်နယ်မြေရပ်ကွက်အတွင်းသို့ဆင်း၍ လုပ်အားပေးရန် ဖြစ်ပါသည်။ ရပ်ကွက်/နယ်မြေအတွင်းရှိ ကင်းထောက်များကို အခြေမခံဘဲ ကျောင်းရှိရာနယ်မြေတွင် သက်ဆိုင်ရာကျောင်းမှ ကင်းထောက်များကလှုပ်ရှားရန် ဖြစ်ပါသည်။ ဥပမာ- မင်္ဂလာတောင်ညွန့်နေ ကျောင်းသားသည် ဒဂုံ(၁)အထကတွင် ကျောင်းနေလျှင် ထိုကျောင်းနယ်မြေ ဒဂုံမြို့နယ်အတွင်းသာ ကျောင်းကင်းထောက် ကင်းစိတ်များနှင့်အတူ လှုပ်ရှားရန် ဖြစ်ပါသည်။ နေထိုင်ရာရပ်ကွက်ရှိ ကျောင်းမျိုးစုံမှ ကင်းထောက်များ စု၍ မလှုပ်ရှားသင့်ပါ။ ကျောင်းအခြေခံဖြင့် ဆောင်ရွက်လျှင် စည်းကမ်းထိန်းချုပ်ရန် လွယ်ကူ၍ လုပ်အားခရန်ပုံငွေရရှိမှုလည်း ကျောင်းအလိုက် ယှဉ်ပြိုင်နိုင်ပါသည်။
- "အလုပ်ဖြင့် ကင်းထောက်ရန်ပုံငွေရှာဖွေရေးလုပ်ငန်း"ကာလ (ရက်သတ္တနှစ်ပတ်ခန့်) ပြီးဆုံးသည့်အခါ ငွေရရှိပြီးသည့် အလုပ်ကတ်ပြားများကို ကင်းထောက်ဆရာမှတစ်ဆင့် ကျောင်းအုပ်ကြီး/ရန်ပုံငွေရှာဖွေစီမံခန့်ခွဲရေးအဖွဲ့သို့ ပြန်အပ်ရပါမည်။

စာမျက်နှာ ၁၆ သို့

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အမှတ်စဉ်(၁-၄/၂၀၁၅)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)၊ မန္တလေးမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် JICA(ODA) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ မူးမြစ်ကူးတံတား(သမရိုး) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ၁/၄"~၃/၄" ခွဲကျောက် (Chipping)၊ မြစ်သဲ၊ သစ်အခြားသား၊ ဒီဇယ်ဆီ၊ ဘိလပ်မြေ(ထိုင်းဆင်)နှင့် မြေဖယောင်း (Bentonite)များကို မြန်မာကျပ်ငွေဖြင့် တံတားလုပ်ငန်းခွင်အရောက် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၂၆-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၆-၂-၂၀၁၅ ရက်၊ ၁၂:၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၆-၂-၂၀၁၅ ရက်၊ ၁၃:၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)၊ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံးနှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ရွှေဘိုမြို့တို့တွင် ၂၆-၁-၂၀၁၅ ရက်မှစ၍ လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ဖုန်းနံပါတ်-၀၂-၃၉၁၁၇ သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
စစ်ကိုင်းခရိုင်တရားမရုံး၌
၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် ၂
ကွယ်လွန်သူ ဦးခင်မောင်(ခ)ဆရာတော်ဦးကောဝိဒ၌ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဦးကျော်နိုး **လျှောက်သူ**

ဆားလင်းကြီးမြို့နယ်၊ ရွာဟောင်းရပ်ကွက်၊ ဆားထုံကျေးရွာအုပ်စုနေ ဦးကျော်နိုးက ကွယ်လွန်သူ ဦးခင်မောင်(ခ)ဦးကောဝိဒ၏ညီအရင်းဖြစ်သည်ဟူ၍ စစ်ကိုင်းမြို့၊ ထုံးဖိုရပ်နေ ၄င်းကွယ်လွန်သူ ဦးခင်မောင်(ခ)ဦးကောဝိဒမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှ ၄င်းကွယ်လွန်သူ ဦးခင်မောင်(ခ)ဦးကောဝိဒမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၆ခုနှစ် တပို့တွဲလကွယ်နေ့)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးကျော်နိုး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်စိုးဟန်)
ခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၂

ဦးကျင်းတောင် **နှင့်** ဗိုလ်ကြီးဇော်ဝင်း
အမှတ်(၃၅-ခ)၊ ဥဩလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။ **တရားနိုင်**
အမှတ်၁၃၊ (၆)ရပ်ကွက်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့။ **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဗိုလ်ကြီးဇော်ဝင်း အမှတ် ၁၃၊ အမှတ် ၆ ရပ်ကွက်၊ အေးသာယာမြို့နေ (ယခုနေထိုင်သည့်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၆၈တွင် ချရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဦးကျင်းတောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

ပြည်တွင်းသတင်း

ပဲခူးမြို့ရှောင်လမ်းပြီးစီးပါက ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက Max Myanmar ကုမ္ပဏီမှ B.O.Tစနစ်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ရန်ကုန်-ပဲခူး) လမ်းအပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးမြို့ရှောင်လမ်း လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။

ပဲခူးမြို့ရှောင်လမ်း အရှည် ၁၁ မိုင် ၃ ဖာလုံကို လမ်းတာပေါင် အကျယ် ပေ ၄၀၊ ကတ္တရာလမ်း အကျယ် ၂၄ ပေ အဆင့်ထိ ဆောင်ရွက်နေမှု၊ ပထမအဆင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကွန်ကရစ်ရေပြွန်နှင့် တံတားငယ်များ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယခုဖောက်လုပ်နေသည့် ပဲခူးမြို့ရှောင်လမ်းသည် အရှည် ၁၁ မိုင် ၃ ဖာလုံရှိပြီး လမ်းတာပေါင်အကျယ် ပေ ၄၀၊ ကတ္တရာလမ်းအကျယ် ၂၄ ပေနှင့် အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်ရေပြွန်နှင့် တံတားငယ် ၅၆ စင်း၊ ပေ ၁၈၀ နှင့်အထက် ပဲခူးမြစ်ကူးတံတားနှင့် ကလိချောင်းတံတား စုစုပေါင်း နှစ်စင်းပါရှိကာ ပဲခူးမြို့ရှောင်လမ်းပြီးစီးပါက ပဲခူးမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်မည့်အပြင် ယာဉ်အန္တရာယ် ကင်းရှင်း၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှောင်လမ်းပေါ်ရှိ အရှည် ပေ ၄၈၀ ၊ ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး (A_1)နှင့် (A_2) ကမ်းကပ်ခုံနှစ်ဖက် ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် (P_1), (P_4) နှင့် (P_5) ဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိသည့် (P_2) နှင့် (P_3) ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူကူးခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ပင်မလုပ်ငန်းများ၊ လှေကား၊ လက်ရန်းနှင့် အမိုးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် လူကူးခုံးကျော်တံတားသည် ပဲခူးမြို့တွင်းအမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် တည်ရှိ၍ လုပ်ငန်းတစ်ခုလုံး ၆၀ ရာခိုင်နှုန်း ပြီးစီးလျက် သတ်မှတ်အချိန်အတွင်း ကျန်လုပ်ငန်းများပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လူကူးခုံးကျော်တံတားကြီး ပြီးစီးသွားပါက ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာဖြင့် ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

သတင်းတိုများ

ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ဆဋ္ဌမအကြိမ်မြောက်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် ညနေက အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park Ruby ၌ကျင်းပရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး အသင်းဥက္ကဋ္ဌသစ် ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။ထို့နောက် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြောက်ထားသော ၂၀၁၅/၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌဦးမျိုးမြင့် ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ကြေညာပေးခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်မှူးရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ထားပြီး မြို့နယ်လျှပ်စစ်မှူးရုံးအတွင်းတွင် ၃၃/၁၁ ကေဗွီ 5MVA ဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိရာ ခွဲရုံပြီးစီးပါက မြို့ပေါ်တွင် လျှပ်စစ်ဗို့အား ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်မည့်အပြင် ကျေးရွာများသို့ ဓာတ်အားတိုးချဲ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

မိုင်းတုံ၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

(၆၈) ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ မြို့မကွက်သစ်ရပ်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများတက်ရောက်သည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် မြို့မကွက်သစ်ရပ်မှ ပြည်သူ့ဆေးရုံထိအရှည် ပေ ၃၄၈၀ ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ကတ္တရာ ၁၂ ဒသမ ၄ တန်နှင့် အလှူရှင်ဦးအိုက်ဆန်းနှင့်ဇနီးဒေါ်နာလောဘို မိသားစုက လှူဒါန်းငွေကျပ်သိန်း ၃၃၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ယဉ်ဝင်း(iprd)**

တာမွေမြို့နယ် မလွကုန်းဌေးကြွယ်(က)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၂ ရက်က အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက ဇန်နဝါရီလမှ ဇွန်လအထိ မိုးပွင့်(အထူး)စီမံချက်နှင့် ပတ်သက်၍ ပြည်သူများအား နယ်မြေကွင်းဆင်းပြီး ရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်စဉ်။ လှလှ

စာမျက်နှာ ၁၅ မှ

- အကယ်၍ သတ်မှတ်ကာလအတွင်း ကင်းစိတ်အလိုက် အလုပ်များများရ၍ကတ်ပြားရှိအကွက်များပြည့်သွားလျှင် ကင်းထောက်ဆရာထံမှ ကတ်ပြားအသစ်ထုတ်ယူ၍ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရပါမည်။
- ရှာဖွေရရှိသည့် ရန်ပုံငွေကို ကင်းထောက်များ တိုက်ရိုက်သုံးစွဲခွင့်မရှိဘဲ ကျောင်းအလိုက်၊ မြို့နယ်အလိုက် ကင်းထောက်လုပ်ငန်းများအတွက် လိုအပ်ချက်ရှိသည့်အခါ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့၏ အစီအမံဖြင့် ခွဲဝေချထားသုံးစွဲစေသင့်ပါသည်။
- အလုပ်ဖြင့် ရန်ပုံငွေရှာဖွေရေးကင်းထောက်ကလေးများသည် ကင်းထောက်ဝတ်စုံအပြည့်ဝတ်ရပါမည်။ အလုပ်လုပ်၍ ရှပ်အင်္ကျီကိုချွတ်ထားပြီး အတွင်းခံတီရှပ်၊ စွပ်ကျယ်ဖြင့်လုပ်၍ အလုပ်ပြီးသည့်အခါ အိမ်မှပြန်ထွက်လျှင် ဝတ်စုံသပ်ရပ်စွာ ပြန်ဝတ်ရပါမည်။ ချွေးအေးမမိစေရန် အတွင်းခံတီရှပ်၊ စွပ်ကျယ်အပိုထည့်ယူသွားနိုင်ပါသည်။

အထက်ပါလုပ်ငန်း (campaign) စတင်နိုင်ရန်အတွက် တစ်လမျှကြိုတင်ပြင်ဆင်ချိန် ရှိသင့်ပါသည်။ အဖွဲ့ဖွဲ့ခြင်း၊ ကတ်ပြားရိုက်ခြင်း၊ သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးအဖွဲ့များ၊ မိဘများအား အသိပေးခြင်း(ခွင့်ပြုမိန့်တောင်းခံခြင်း မဟုတ်စေသင့်ပါ။ မိဘခွင့်ပြုချက်တော့ လိုပါမည်။) မီဒီယာမှ ကြော်ငြာခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

ညီနိူင်းဆွေးနွေးပွဲ၌ အမျိုးသမီးကင်းထောက် (Girl Guides)များမှ အမျိုးသမီးငယ်များဖြစ်သောကြောင့် လုံခြုံစိတ်ချရမှုရှိစေရန် အလုပ်ဖြင့်ရန်ပုံငွေရှာအစီအစဉ်တွင် မပါဝင်သင့်ကြောင်း သဘောတူကြပါသည်။ အမျိုးသမီးကင်းထောက်များအနေနှင့် အလုပ်ဖြင့်ရန်ပုံငွေ မရှာသော်လည်း နှစ်စဉ်ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့စဉ်းစားဆင်ခြင်နေ့ (World Thinking Day) တွင် အလှူရန်ပုံငွေရှာဖွေရေး ဈေးရောင်းပွဲ၊ အမှတ်တရပစ္စည်းရောင်းချပွဲ များပြုလုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ လော့ဒ်ဘေဒင်ပါဝဲလ်နှင့် ၎င်း၏ဇနီး အိုလေ့ဗ်ဘေဒင်ပါဝဲလ်တို့၏ တစ်ထပ်တည်းကျသော မွေးနေ့ဖြစ်ပါသည်။

နွေစပါး ကောက်စိုက်စက်နှင့် စိုက်ပျိုးသရုပ်ပြ

သာယာဝတီ ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးကောက်စိုက်စက်နှင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ကျွဲသတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၀၁)ရှိ တောင်သူ ဦးထွန်းဝေ၏ လယ်၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်က လယ်ယာလုပ်သားများ တစ်နှစ်ထက်တစ်နှစ် ရှားပါးလာမှုကိုဖြေရှင်းရန်အတွက် ကောက်စိုက်စက်များကို လယ်ယာလုပ်ငန်းခွင်၌ အစားထိုးသုံးစွဲလာကြရန် လိုအပ်ကြောင်း၊ ဤသို့သုံးစွဲခြင်းဖြင့် ကောက်စိုက်သမ အခက်အခဲပြဿနာကိုဖြေရှင်းနိုင်ရုံသာမက အချိန်ကုန်သက်သာခြင်း၊ ပျိုးသက်နုနုဖြင့်စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်းရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်စက်မှုလယ်ယာ ဦးစီးမှူးက ကောက်စိုက်စက်နှင့် ပတ်သက်၍ သုံးစွဲပုံနည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဗန်းဖြင့်ပျိုးထောင်ထားသော ပျိုးသက် ၁၅ ရက်သား ပုလဲသွယ်ပျိုးများကို တောင်သူ ဦးထွန်းဝေ၏ နွေစပါးသုံးဧက စိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပြသရာ တက်ရောက်လာသူများက စိတ်ဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)

တောင်ကြီးမြို့နယ်တရားရုံး၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၈ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၀

ဒေါ်ကော်ဟောက်ဟွမ်	နှင့်	ဒေါ်တင်တင်ဝေ
အကွက်ကြီးအမှတ် ၄၅၊ နယ်မြေ(၁)၊		အမှတ် ၄၅/၁၀၅၊
ရာအိမ်စု၊ အမှတ်(၂)ရပ်ကွက်၊အေးသာယာမြို့		အမှတ်(၃)ရပ်ကွက်၊
		အေးသာယာမြို့
တရားနိုင်		**တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဒေါ်တင်တင်ဝေ(အမှတ်၄၅/၁၀၅)၊ အမှတ်(၃)ရပ်ကွက်၊ အေးသာယာမြို့နေ (ယခုနေထိုင်သည့်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကော်ဟောက်ဟွမ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၉

ကွယ်လွန်သူ ဦးစောပေါလ်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်တိုင်တန်းနီးယား **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊အမှတ် ၁၀ နေ ဒေါ်တိုင်တန်းနီးယားက ကွယ်လွန်သူ ဦးစောပေါလ်၏ အစ်မအရင်းဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးစောပေါလ်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစောပေါလ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် ၁၀:၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်တိုင်တန်းနီးယား၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးသန့်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သန်လျင်မြို့နယ်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇၂

ဒေါ်ခင်ဦး	နှင့်	ဦးသိန်းမောင်
တရားလို		**တရားပြိုင်**

အမှတ်(၁)၊ မြို့ပတ်လမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမြတ်နွယ်)
တွဲဖက်မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

မြင်းခြံခရိုင်၊ တောင်သားမြို့နယ် အမှတ်(၁) သံမဏိကျောင်း အဋ္ဌမတန်းမှ မဥမ္မာကျော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ထွန်း ဖြစ်ပါကြောင်း။

ဦးကျော်နိုင်ထွန်း ၁၂/အစန(နိုင်)၀၁၅၁၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၈၁၄၁၊ King In Asia L/T (SAL.04) P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဆွေဦးမောင် ၅/ရဥန(နိုင်)၀၀၀၈၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ယင်းမာပင်ခရိုင်တွင် တောင်သူများ လက်တွန်းထွန်စက်အသုံးပြုမှု ပိုမိုတွင်ကျယ်လာ

ယင်းမာပင် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လက်ယာသုံး စက်ကိရိယာပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရောင်းချပေးလျက်ရှိရာ ဒေသခံ တောင်သူများ အကြိုက်တွေ့ကာ ဝယ်ယူအသုံးပြုမှု များပြားလျက်ရှိကြောင်း သိရသည်။

"ခရိုင်အတွင်း တောင်သူများက ၂၀၁၄ ခုနှစ် ဧပြီလမှစတင်ကာ ဒီဇင်ဘာလကုန်အထိ ၅၅ စီးအပြင် ထပ်မံဝယ်ယူ ၁၅ စီး စုစုပေါင်း လက်တွန်းထွန်စက် ၇၀ ကို ဌာနနှင့် ဆက်သွယ်ပြီး ယခုအချိန်ထိ လက်တွန်းထွန်စက် ၇၃ စီးကိုလည်း ဝယ်ယူခဲ့ကြပြီးပါပြီ။ တောင်သူများအနေနဲ့ မိမိတို့ဌာနအပြင် အခြားလယ်ယာသုံး စက်ကိရိယာ အရောင်းဆိုင်များဖြစ်သော ပုလဲမြို့၊ မုံရွာမြို့၊ မန္တလေးမြို့တို့မှ အရောင်းဆိုင်များမှလည်း တိုက်ရိုက် ဝယ်ယူမှုများရှိပါတယ်။ ခရိုင်အတွင်း တောင်သူပိုင်လက်တွန်းထွန်စက်များနဲ့ ရိတ်သိမ်းခြွေလှေ့စက်များမှာ ယင်းမာပင်မြို့နယ်တွင် ၈၄၂ စီး၊ ပုလဲမြို့နယ်တွင် ၄၉၉ စီး၊ ဆားလင်းကြီးမြို့နယ်တွင် ၄၆၄ စီးနဲ့ ကနီ မြို့နယ်တွင် ၃၉၄ စီး စုစုပေါင်း ၂၁၉၉ စီးရှိပါပြီ "ဟု တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"တောင်သူများအနေနဲ့ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာမှာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသလို နိုင်ငံတော်နှင့် သက်ဆိုင်ရာဌာနတို့ကလည်း အသိပညာပေးဟောပြောပွဲများ၊ စံကွက်ရိတ်သိမ်းပွဲများ၊ နည်းပညာများ၊ စိုက်စနစ်များ၊ စက်ပြင် စက်မောင်းကိုင်တွယ်အသုံးပြုခြင်း သင်တန်းများကိုလည်း စဉ်ဆက်မပြတ် အခမဲ့သင်ကြားပို့ချပေးလျက်ရှိတဲ့အတွက်ကြောင့် တောင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှုများကို နိုင်ငံ အနှံ့အပြား အောင်မြင်မှုများရှိလာတာ မြင်တွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်/မြို့နယ် အဆင့်တာဝန်ရှိသူများက ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်မှ ဆင်တဲ၊ ဆင်စွယ်၊ ရင်ပေါင်တိုင်၊ လာပို့၊ ကုန်းရွာ၊ အင်းမောက်လုပ်စသည့်ကျေးရွာအုပ်စုတို့နှင့် ပုလဲမြို့နယ်မှ မုံသွင်၊ ကံကြီး၊ မင်းမ၊ ကျေးသများ၊ ကျေးနင်းစေတီယျို၊ ကုက္ကိုစု၊ ပုလဲ(မ)လက်တောင်ကြီး စသည့်ကျေးရွာအုပ်စုတို့မှ ဒေသခံ တောင်သူ ၃၀၀၈ ဦးအတွက် စနစ်ကျလယ်ယာမြေဧရိယာ ဧက ၆၂၀၀ ကို အကျိုးပြုမည့် မြောက်ယမားတိုးချဲ့လက်ဝဲလက်ယာမြောင်းအကောင်အထည်ဖော် လုပ်ငန်းများကို သက်ဆိုင်ရာဌာနမှ ၂၀၁၅-၂၀၁၆ တွင် သတ်မှတ်ချိန်အပြီးဦးစားပေးကာ အိန္ဒိယနိုင်ငံမှ ချေးငွေများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင်က မြောက်ယမားဆည်မှ အကျိုးပြု ဆည်ရေသောက်ဧရိယာများအနေဖြင့် ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်တို့တွင် ဧက ၁၀၀၀၀ စီတို့ကို လျာထားကာ ရာသီမရွေး ရေပေးဝေနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ယခု ထပ်မံတိုးချဲ့ လက်ဝဲလက်ယာမြောင်း ဧရိယာအတွင်း ယင်းမာပင်မြို့နယ် တောင်သူ ၁၁၈၇ ဦး ဧကပေါင်း ၂၂၀၀ နှင့် ပုလဲမြို့နယ် တောင်သူ ၁၈၂၁ ဦး ဧကပေါင်း ၄၀၀၀၊ စုစုပေါင်း တောင်သူ ၃၀၀၈ ဦး စုစုပေါင်း ဧကပေါင်း ၆၂၀၀ ကို အကျိုးပြုဆည်ရေများ သောက်သုံးပြီး လုပ်ငန်းများအရှိန်အဟုန်မြင့် တွင်ကျယ်စွာလုပ်ကိုင် ဆောင်ရွက်နိုင်အောင် စနစ်ကျလယ်ယာမြေများကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ထွန်းကိုကို

အခမဲ့တီဘီရောဂါရှာဖွေကုသ ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဓာတ်မှန်ကားဖြင့် Mobile Team အစီအစဉ်ဖြင့် အခမဲ့တီဘီရောဂါရှာဖွေကုသပေးမှုကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းများနေထိုင်ရာ(သဇင်ဆောင်)တွင် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်(ရောဂါနှိမ်နင်းရေး)နှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်၊ ပျဉ်းမနားတီဘီရောဂါ တိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာထွန်းကျော်စိုးနှင့် ဝန်ထမ်းများသည် သဇင်ဆောင်ရှိ ဝန်ထမ်း အမျိုးသားနှင့်အမျိုးသမီးများကို ရောဂါရှာဖွေစမ်းသပ်၍ အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သတင်းတို

ပြန်/ဆက်ဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က စစ်တွေမြို့ လမ်းမကြီးရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက ဌာန၏ရှေ့ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၁၄ ခုနှစ်အတွင်း ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ပြန်/ ဆက်ဝန်ထမ်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ကိုကြီးစော

သီပေါနယ် မန်ပြစ်-နားမွန်းလမ်းနှင့် တံတားဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဆွတ်လန်းရွာနေ စဝ်ဆိုင်ချိုဦးဆောင်သော အလှူရှင်များ၏ ကိုယ့်အားကိုယ်ကိုး ဖာဖိတ်တံတားနှင့် မန်ပြစ်- နားမွန်းကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က တံတားနှင့်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မန်ပြစ်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးခင်မောင်ဝင်း နှင့် အလှူရှင် စဝ်ဆိုင်ချိုတို့က တံတားနှင့်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စိုင်း(သီပေါ)

မြစိမ်းရောင်စီမံကိန်းများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သန့်ဇင်က မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၀ နှင့် ပတ်သက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော ကျေးရွာမြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များနှင့် အန်ဂျီအိုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သူ(အိုင်ပီ)

ဆင်းရဲနွမ်းပါး မိခင်နှင့်ကလေးများအား ထောက်ပံ့

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပြည်သူ့ဗဟိုပြုဖွဲ့စည်းထားသော ဆင်းရဲနွမ်းပါးမိခင်နှင့်ကလေးများ၏ ကျန်းမာရေးကိစ္စများကို ကူညီထောက်ပံ့နိုင်ရန် ဖွဲ့စည်းထားသော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ဇန်နဝါရီလအတွင်း ဆေးရုံတက်ရောက်ကုသသော နွမ်းပါးမိခင်နှင့် ကလေးကိုးဦးကို တစ်ရက်လျှင် လူနာတစ်ဦး ငွေကျပ် ၃၅၀၀၊ လူနာစောင့်တစ်ဦးလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ခုနစ်သိန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဘုရား၊တန်ဆောင်း၊ကျောင်းကန်ဇရပ်၊ရွှေထီးနှင့်ရွှေပြာသာဒ်များ တင်လှူပူဇော်ခြင်းအခမ်းအနား

ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းလမ်းဆုံ၊ တေဇိန္ဒာရာမကျောင်း (ပရိယတ္တိစာသင်တိုက်)၌ ဘုရား၊ တန်ဆောင်း၊ ကျောင်းကန်ဇရပ်၊ ရွှေထီးတော်တင်နှင့် ရွှေပြာသာဒ်များ တင်လှူပူဇော်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်လျက် စွမ်းအားရှိသလောက် ပါဝင်ပူဇော်လှူဒါန်းလျက် မိမိ၏ကိုယ်ပိုင်ဥစ္စာအစစ်အမှန် ကုသိုလ်ကံကို ရယူနိုင်ကြပါစေရန် အကျိုးမျှော်ကာ နှီးဆော်ဖိတ်ကြားအပ်ပါသည်။

ဒေါက်တာအရှင်ဥတ္တရာဘိဝံသ
ဦးစီးပဓာနနာယက
အစိုးရပထမကျော်၊ သာသနဓဇဓမ္မာစရိယ
ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ(ဘီအေ)

အလှူတော်မင်္ဂလာအစီအစဉ်

အလှူတော်မင်္ဂလာနေ့ရက်
၁၃၇၆ ခုနှစ် တပို့တွဲလပြည့်နေ့ (၃-၂-၂၀၁၅)ရက် (အင်္ဂါနေ့)

အလှူတော်မင်္ဂလာအချိန်
နံနက် ၈း၀၀နာရီမှ နံနက် ၁၀း၀၀နာရီအထိ

အလှူတော်မင်္ဂလာနေရာ
တေဇိန္ဒာရာမပရိယတ္တိစာသင်တိုက်
ကုက္ကိုင်းလမ်းဆုံ၊ ကမ္ဘာအေးစေတီလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ထမနဲထိုးလောင်းလှူပွဲဖိတ်ကြားလွှာ

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေး ကူညီမှုအသင်း၏ ဒုတိယအကြိမ်မြောက် ထမနဲထိုးလောင်းလှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ အသင်းမဝင်ရောက်ရသေးသူများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပြုလုပ်လိုပါက လှူဒါန်းနိုင်ပါသည်။

နေ့ရက် - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)
အချိန် - နံနက် (၉း၃၀)နာရီမှစတင်၍ ထမနဲထိုးပါမည်။
နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာနဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်၊ ဖိတ်စာသီးခြားမပို့ပါ)

ဖြစ်မြောက်ရေးကော်မတီ

အများသိသာရန်အသိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးကျော်ဝင်းဋ္ဌေး ၁၂/ပဇတ(နိုင်)၀၂၈၈၇၅ ၏ ဇနီးဖြစ်သူ ဒေါ်ယုလဲ့ဝေ ၃/မဝတ(နိုင်)၀၀၇၁၇၆သည် ခင်ပွန်း ဦးကျော်ဝင်းဋ္ဌေးအား အသိမပေးဘဲ ၄င်း၏စိတ်ဆန္ဒသဘောအလျောက် နှစ်ဦးပိုင် အရစ်ကျဝယ်နေဆဲဖြစ်သော 3I/7539 IPSUM အဖြူရောင်ကားနှင့် လက်ဝတ်လက်စားများကိုယူဆောင်၍ အိမ်ပေါ်မှဆင်းသွားသည်မှာ ယနေ့တိုင် အိမ်သို့ပြန်လာခြင်းမရှိသည့်အပြင် ကျွန်ုပ်အမှုသည် နိုင်ငံခြားတွင်အလုပ်လုပ်ကိုင်၍ ရရှိလာသောဝင်ငွေများထဲမှ ဝယ်ယူထားသော ဦးကျော်ဝင်းဋ္ဌေး ပိုင်တိုက်ခန်းကိုလည်း ဒေါ်ယုလဲ့ဝေ နာမည်ဖြင့် ဝယ်ယူခြင်းမရှိဘဲ ဒေါ်ယုလဲ့ဝေ၏မိခင် ဒေါ်ခင်ဝေအမည်ခံ(ဘီနာမီ)ဖြင့် ဝယ်ယူထားသည်ကို ဒေါ်ယုလဲ့ဝေမှ စာချုပ်ပြသသည်ကိုတွေ့ရှိခဲ့ရ၍ ကျွန်ုပ်အမှုသည်လည်း ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကစံလမ်းမကြီး၊ အမှတ် ၄၅၃၊ ခေါင်းရင်းခန်း တိုက်ခန်းခုနစ်လွှာ အခန်းနှင့် 3I/7539 IPSUM အဖြူရောင်ကားတို့ကို ကျွန်ုပ်အမှုသည် မသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်းအပြင် အခြားနည်းတစ်နည်းနည်းဖြင့် မပြုလုပ်ကြပါရန်နှင့် ဒေါ်ယုလဲ့ဝေအား လက်ခံထားသူများကိုလည်း ကျွန်ုပ်အမှုသည်မှ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၂၅၄၂၁၄၄၂၉၊ ၀၉-၄၉၃၀၅၅၀၃

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၅၆)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၁၉၈)နေ ဦးလှညွှန့် ၁၂/တမန(နိုင်)၀၆၈၂၉၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၅၆)ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၈/က)၊ ဧရိယာ (အလျားပေ ၂၀×အနံပေ ၆၀)မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၅၆)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၁၉၈)ဟု ခေါ်တွင်သောအိမ်သည် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အိမ်နှင့်မြေစာချုပ်စာတမ်းများကို မြေးဖြစ်သူ မမိုမိုလွင်သည် ကျွန်ုပ်၏မိတ်ဆွေအား အသိမပေးဘဲယူဆောင်ကာ အခြားသူတစ်ဦးထံပေါင်နှံထားသည်ဟု သိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အိမ်နှင့်မြေစာချုပ်စာတမ်းများကို လက်ခံထားသူသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ထိုအိမ်နှင့်မြေစာချုပ်စာတမ်းများကို ယူဆောင်လာပြီး ကျွန်ုပ်၏မိတ်ဆွေနှင့် လာရောက်တွေ့ဆုံပြီး ဖြေရှင်းရန်ဖိတ်ခေါ်ပါသည်။ အကယ်၍ လာရောက်တွေ့ဆုံခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်စိုး BA, HGP, DBL အထက်တန်းရှေ့နေ
အမှတ်-၈၃/၁၅၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၁၅၆ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် ၁၉၈နေ ဒေါ်ခင်မြင့်ဝေ ၁၂/တမန(နိုင်)၀၁၆၈၂၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၁၅၇ရပ်ကွက်၊ မြေကွက်အမှတ် ၅၅၉၊ မြေအကျယ် (အလျားပေ၄၀×အနံပေ၆၀)မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် ထိုမြေကွက်၏ မြေချပါမစ်ကို တူမ မမိုမိုလွင်သည် ကျွန်ုပ်၏မိတ်ဆွေအား အသိမပေးဘဲယူဆောင်ကာ အခြားသူတစ်ဦးထံ ပေါင်နှံထားသည်ဟု သိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော မြေချပါမစ်ကို လက်ခံထားသူသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ထိုမြေချပါမစ်ကို ယူဆောင်လာပြီး ကျွန်ုပ်မိတ်ဆွေနှင့် လာရောက်တွေ့ဆုံဖြေရှင်းရန် ဖိတ်ခေါ်ပါသည်။ အကယ်၍ လာရောက်တွေ့ဆုံခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်စိုး (BA,HGP,DBL) အထက်တန်းရှေ့နေ
အမှတ် ၈၃/၁၅၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်ဇေယျာရပ်ကွက်၊ အိမ်အမှတ်(၅၄)၊ နယ်မြေ(၅)နေ ဖခင် ဦးဂျိုဝမ်း ၅/ကလထ(နိုင်)၀၆၉၉၆၂နှင့် မိခင် ဒေါ်စီးသား ၁/မကန(နိုင်)၀၂၇၉၇၆၏သား မောင်ညီညီလွင် ၅/ကလထ(နိုင်)၁၅၈၁၈၇ သည် မိဘများ၏ ဆိုဆုံးမစကားကို အကြိမ်ကြိမ်နားမထောင်ခြင်းတို့ကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးဂျိုဝမ်း-ဒေါ်စီးသား**

ပြည်တွင်းသတင်း

ရာဇဂြိုဟ်ဆည် ပင်မတမံချောင်းပိတ်ခြင်းနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများစတင်

ကလေး ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြောက်ဘက်တွင် တည်ဆောက်နေသော ရာဇဂြိုဟ်ဆည်၏ နောက်ဆုံးလုပ်ငန်းများဖြစ်သော ပင်မတမံချောင်းပိတ်ခြင်း လုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံ သံပိုက်လုံးသွယ်တန်းခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးရေးအတွက် ၂၄ နာရီ တွဲဆိုင်းများဖြင့် ဒီဇင်ဘာလမှ စတင်ကာ ဆောင်ရွက်နေကြောင်း သိရသည်။

"ပင်မတမံချောင်းပိတ်ခြင်းလုပ်ငန်းနဲ့ ကုန်းကျောတမံ (၁) ပိတ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပါပြီ။ လုပ်ငန်းကတော့ နှစ်လအတွင်းပြီးစီးမှာ ဖြစ်ပါတယ်။ လုပ်ငန်းတွေကို တစ်ပြိုင်တည်း ပြည်တွင်းကုမ္ပဏီ ရှစ်ခုနဲ့ ပူးပေါင်းပြီးတော့စက်ယန္တယား စုစုပေါင်း ၂၀၀ နီးပါးနဲ့ ဆောင်ရွက်နေပါတယ်။ ချောင်းပိတ်တဲ့လုပ်ငန်းကတော့ ဖေဖော်ဝါရီလအတွင်းမှာ ပိတ်သွားမှာပါ"ဟု တည်ဆောက်ရေးလုပ်ငန်းမှ ဦးဗညားစိုးက ပြောသည်။

ပင်မတမံချောင်းပိတ်သည့်အခါ ဒေသခံတောင်သူများ အခက်အခဲမရှိစေရန် ကြိုတင်ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ "ချောင်းပိတ်တဲ့အခါမှာ အနီးအနားမှာရှိတဲ့ တောင်သူတွေကို ကြိုတင်ပြီးတော့ အသိပေးထားပြီးသားပါ။ တာဝန် ရှိသူတွေဆီကိုလည်း စာပို့ထားပြီး ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီ အချိန် ချောင်းပိတ်တဲ့အခါလေးမှာ ရေသိပ်မလိုတဲ့ သီးနှံတွေကိုစိုက်ဖို့ နှိုးဆော်ထားပြီးပါပြီ။ ချောင်းရေပိတ်တယ်ဆိုပေမယ့် ချောင်းကလုံးဝရေမရှိဖြစ် သွားမှာမဟုတ်ပါဘူး။ ဒီနေရာရာချောင်းထဲကို ချောင်းမကြီးတွေဖြစ်တဲ့ နန်းစစ်ပေါက်ချောင်း၊ နန်းစစ်ပက်ချောင်း၊ နတ်မြောင်းချောင်းနဲ့ မန်လုံ ချောင်းတွေ စီးဝင်ပါတယ်။ ဆည်ရေစုပြီးလို့ ဇူလိုင်၊ ဩဂုတ်ဆိုရင် ရေကို ပုံမှန်စီးဝင်တဲ့ စီးဆင်းနှုန်းအတိုင်း ပြန်လည်လွှတ်ပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၈၀၀၀ ရှိမည်ဖြစ်ကာ ကန်ရေပြည့်ရေပြင်အကျယ် ဧရိယာဧက ၉၈၀ ရှိမည်ဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့် ၁၆၅ ပေ၊ ပင်မတမံ ၄၇၄၅ ပေနှင့် ကုန်းကျောတမံသုံးခု ၈၉၁၅ ပေ စုစုပေါင်း အလျားပေ ၁၃၆၆၀ ရှိမည်ဖြစ်သည်။ ဆည်၏ရေသောက်စနစ်တွင် တူးမြောင်းမကြီးအနေဖြင့် ၉ မိုင်နှင့် လက်တံမြောင်းများ ၈ ဒသမ ၂၅ မိုင်ရှိမည်ဖြစ်ပြီး ရေပေးဝေနိုင်မည့်ဧရိယာဧက ၈၅၀၀ ရှိမည်ဖြစ်သည်။ ရေလှောင်တမံပြီးစီးပါ က ရေအားလျှပ်စစ်တပ်ဆင်ပြီး ဓာတ်အား ၂ မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် စုစုပေါင်းဓာတ်အား ၄ မဂ္ဂါဝပ် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာဇဂြိုဟ်ဆည်ပေါ်ရှိ ကုန်းကျောတမံ(၁)နေရာတွင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွက် တရုတ်နိုင်ငံ CGGC ကုမ္ပဏီနှင့် ကန်ထရိုက် စာချုပ်ချုပ်ဆိုပြီး ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ် ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

သတင်းတို

ငါးသိုင်းချောင်းမြို့နယ်ခွဲ၌ စာအုပ်စာစောင်များလှူဒါန်း

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ ရေနံ့သာကျေးရွာအုပ်စု ကျောက်ချောင်းကျေးရွာ ဘဝရှေ့ဆောင် အလင်းရောင်စာကြည့်တိုက်၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြို့နယ်ခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်များက သုတရသ စာအုပ်ပေါင်း ၁၀၅၀ ကို စာကြည့်တိုက်ဦးစီးနာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စိုးမင်းဦး**

တရားဥပဒေစိုးမိုးရေးအလုပ်ရုံဆွေးနွေးပွဲ ဖျာပုံမြို့၌ကျင်းပ

မြန်မာဥပဒေအထောက်အကူပြုကွန်ရက်၏ အဖွဲ့ဝင်ဖြစ်သည့် Justice For All Law Firm မှ ဦးစီးကျင်းပသည့် တရားဥပဒေစိုးမိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပရာ နိုင်ငံသားများ သိသင့် သိထိုက်သည့် ဥပဒေဆိုင်ရာ သိကောင်စရာများကို ဆွေးနွေးခဲ့ကြပြီး ဖျာပုံမြို့ ပေါ်ရှိ ပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရှေ့နေများ နှင့် ပြည်သူများစိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သူစာနွယ်(ဖျာပုံ)

ဒေသဆိုင်ရာညှော်လမ်းညွှန် အခြေခံသင်တန်းဆင်း

ညောင်ရွှေ ဇန်နဝါရီ ၂၇

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ဒေသဆိုင်ရာညှော်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၁၁/၂၀၁၅) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၃ ရက်က ညောင်ရွှေမြို့ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန် ဆုရရှိသူများကို ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် အင်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးဝင်းမြင့်တို့က ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၁၈ ဦးတက်ရောက်ခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် အတတ်ပညာများ စနစ်တကျတိုးတက်မြင့်မား လာစေရန်ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ ညှော့လမ်း ညွှန်အခြေခံသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသဆိုင်ရာညှော့လမ်း ညွှန်အခြေခံသင်တန်းများကို ဒေသအသီးသီးတွင် (၁၀)ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၁၀၇၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြို့နယ်တရားရုံး၊ မြိတ်မြို့
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၈

၁။ ဦးဖေထွေး **နှင့်** ၁။ ဦးဆန်းဦး ၂။ ဒေါ်စန်းငွေး
၂။ ဒေါ်အေးရီ ၃။ ဦးတင်ရွှေ ၄။ ဒေါ်ခင်စော
တရားလိုများ **တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ထုံးဖိုလမ်းသွယ်(၃)၊ ကန်ဖျားရပ်နေ (၃)တရားပြိုင် ဦးတင်ရွှေနှင့် (၄)တရားပြိုင် ဒေါ်ခင်စော (ယခုနေရပ်လိပ်စာမသိ)သူအား သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိမ့်သိမ့်အေး)
တွဲဖက်မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ဝွေးကုန်းကျေးရွာ၊ သရက်ရိုးဘုရားကွင်း ကွင်းအမှတ် ၁၂၃၁ ဦးပိုင်အမှတ် ၂၃၉-က၊ ယာမြေဧရိယာ ၂ ဒသမ ၉၃ ဧကအား မူလပိုင်ရှင်များထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ကြိုင် ၉/တတဥ(နိုင်)၀၇၀၉၀၇က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တံတားဦးမြို့နယ် မြေစာရင်းဦးစီးဌာနမှလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေသစ်အရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) တရားဝင်ထုတ်ပေးထားပြီးဖြစ်ပါသည်။ အဆိုပါယာမြေ ၂ ဒသမ ၉၃ ဧကအား ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်သောကြောင့် အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်တစ်စုံတစ်ရာကို ခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာထုတ်ပြန်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်စိန်
(တရားလွှတ်တော်ရှေ့နေ) (၄၀၉၁)
သာဂေါင်ရပ်၊ အမှတ်(၁)နယ်မြေ၊ တံတားဦးမြို့၊ ဖုန်း-၀၉-၄၃၁၇၇၅၂၃

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၆၀၂၄) ဧရိယာ ၀ ဒသမ ၁၄၇ဧကရှိ ဦးသန်းဝင်း အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးသန်းဝင်း ၂/လကန(နိုင်)၀၅၁၁၁၈ (ဘ)ဦးတင်ဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းအုပ်စု၊ ဝါ/သု တိုးချဲ့ရပ်ကွက်ရှိ ဦးပိုင်အမှတ် ၈၇ (မြေဧက ၁ ဒသမ ၄၆)၊ ဦးပိုင်အမှတ် ၉၂/၁ (မြေဧက ဒသမ ၅၃)၊ ဦးပိုင်အမှတ် ၉၃ (မြေဧက ဒသမ ၇၂)၊ ဦးပိုင်အမှတ် ၉၄ (မြေဧက ၁ ဒသမ ၄၃) စုစုပေါင်းမြေ (၄ ဒသမ ၁၄)ဧကအတွင်းရှိ မြေကွက်များအား အောက်ဖော်ပြပါပုဂ္ဂိုလ် အသီးသီးမှ ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ဦးစန်းလွင် - မြေကွက်အမှတ် (၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁)
ဒေါ်ကြည်မာမြင့် - မြေကွက်အမှတ် (၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၉၊ ၁၅၀)
ဒေါ်သဇင်စန်းလွင် - မြေကွက်အမှတ် (၁၈၄၊ ၁၉၀)
ဦးသက်ပိုင်စန်းလွင် - မြေကွက်အမှတ် (၁၄၈)
ဦးဖြိုးပိုင်စန်းလွင် - မြေကွက်အမှတ် (၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉)

အထက်ပါပုဂ္ဂိုလ်များ၏ မြေငှားဂရန်များမှာ အလုပ်တာဝန်ဖြင့် တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့စဉ်ကာလအတွင်း ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူရရှိရေးအတွက် မြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာမြို့နယ်
(၅-၁-၂၀၁၅)

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွာရှည်(မ) အထက၊ န၀မတန်း(B)မှ မောင်မျိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင် ၅/တဆန(နိုင်)၁၀၂၇၉၂ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၁၃-က၊ ဦးပိုင်အမှတ် ၈၀၊ မြေကွက်အမှတ် ၈၈၊ ဧရိယာ ၀ ဒသမ ၀၄၅ဧကရှိ မြောက်လားသော် ဒူးလမ်း၊ အရှေ့လားသော် မြေကွက်အမှတ် ၈၇၊ တောင်လားသော် လမ်း၊ အနောက်လားသော် လမ်း အလားလေးရပ်အတွင်းရှိ မြေကွက်ကို ဦးကျော်နိုင်(ကွယ်လွန်) DV-၀၂၀၃၀၇ အမည်ဖြင့် (၁၀)နှစ်ဂရန်ရရှိထားရာ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးကျော်နိုင်၏ဇနီး ဒေါ်လှလှ ၉/မထလ (နိုင်)၁၄၄၀၆၂က သက်ဆိုင်ရာတွင် ဂရန်မိတ္တူလျှောက်ထားရယူမည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်လှလှ (ဘ)ဦးမြင့်ဦး ၉/မထလ(နိုင်)၁၄၄၀၆၂
နယ်မြေ(၃)၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့

အနုပညာသတင်း

ရုပ်ရှင်သစ်မိတ်ဆက်

လူငယ်တွေအကြားရေပန်းစားနေတဲ့ အွန်လိုင်းပေါ်ကဝိညာဉ်

ရန်ကုန် ဇန်နဝါရီ ၂၇

သေဆုံးသွားတဲ့ချစ်သူကို သုံးနှစ်ပြည့်သွားသော်လည်း လွမ်းဆွတ်တမ်းတစိတ်နဲ့ သစ္စာရှိစွာနေထိုင်တဲ့ စိုးရှိန်သာတစ်ယောက် ချစ်သူရဲ့ အုတ်ဂူကအပြန် လိပ်စာကတ်လေးထွက်ကျခဲ့ပါတယ်။ ဝိညာဉ်ကို လုံးဝအယုံအကြည်မရှိတဲ့ စိုးရှိန်သာတစ်ယောက် အွန်လိုင်းကနေတစ်ဆင့် ဝိညာဉ်ကောင်မလေး ရှင်မင်းဆက်ကြောင့် ပဟေဠိတွေ အများကြီးဖြစ်ခဲ့ရတယ်။

တစ်ဖက်မှာလည်း ချစ်သူကို အမြတ်တနိုးချစ်သော်လည်း ကွယ်ရာမှာ အခြားမိန်းမပျိုတစ်ယောက်နဲ့ ပျော်ရွှင်စွာသွားလာတဲ့ ခန့်လူကို မြင်တယ်။ ဝမ်းနည်းခံပြင်းတဲ့စိတ်နဲ့ နောက်ကလိုက်ရင်း မတော်တဆဖြစ်မှုတစ်ခုကြုံပြီး သေဆုံးခဲ့ရတဲ့ ဝိညာဉ်ကောင်မလေး ရှင်မင်းဆက်အတွက် စွဲလမ်းစိတ်နဲ့ နာကြည်းစိတ်ကြောင့် မကျွတ်မလွတ် ဖြစ်နေခဲ့တာပါ။

သူမကြုံဖူးခဲ့တဲ့ သစ္စာရှိတဲ့ စိုးရှိန်သာကိုမြင်ရတော့ ထွက်ကျခဲ့တဲ့ လိပ်စာကတ်လေးထဲက အီးမေးလ်ကနေ သူလုံးဝဆက်သွယ်လို့မရတဲ့ ခန့်လူအစား ဆက်သွယ်ခဲ့မိတော့ ထူးဆန်းစွာပဲ လူသားနဲ့ ဝိညာဉ်ပတ်သက်မှုကို ပရိသတ်ကြီးမြင်တွေ့ရမှာပါ။

လူ့ဘဝက ကွန်ပျူတာကို လျှုခဲ့ဖူးတဲ့အတွက် ထူးဆန်းစွာနဲ့ ဝိညာဉ်ဘဝမှာလည်း ကိုင်တွယ်အသုံးပြုခွင့်ကိုရရှိခဲ့သလို ခန့်လူကို မုန်းတီးတဲ့စိတ်ကြမ်းတွေအားလုံးဟာ စိုးရှိန်သာနဲ့တွေ့ပြီးတဲ့အချိန်မှာ အထိုက်အလျောက် လျော့ပါး သက်သာသွားခဲ့တာကို ရှင်မင်းဆက်က ဝိညာဉ်ဘဝမှာ ကြုံတွေ့ရတယ်။

မိသားစုဝင်တွေရဲ့အမျှဝေသံကို ကြားနာခွင့်မရဘဲ ဝိညာဉ်လောကမှာ ကျင်လည်နေခဲ့ရသူလေး ရှင်မင်းဆက်အတွက် အခက်အခဲတွေနဲ့ ဝိညာဉ်တစ်ဦးကို အွန်လိုင်းကနေ ဆုံခဲ့ရတဲ့အတွက် ထူးဆန်းအံ့သြမှုတွေနဲ့ စိုးရှိန်သာတို့ရဲ့ ဆက်လက်ကြုံတွေ့ရမယ့် အကြောင်းတွေကိုတော့ ဇာတ်ကားထဲမှာ ဇန်နဝါရီ ၃၀ ရက်ကနေ စတင်ပြီး သွားရောက်ကြည့်ရှုနိုင်ပါပြီ။

စိုးရှိန်သာအဖြစ် အကယ်ဒမီနေတိုး၊ ရှင်မင်းဆက်အဖြစ် အကယ်ဒမီဖွေးဖွေးတို့က အဓိကသရုပ်ဆောင်ထားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးကာ လာဗင်ဒါထုတ်လုပ်ရေးက ထုတ်လုပ်ခြင်းဖြစ်ပါတယ်။ ခန့်လူအဖြစ် ဇေရဲထက်နဲ့ အနုပညာရှင်များစွာ အားဖြည့်ထားပါတယ်။ အထူးပွဲကို ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၃၀ ရက်မှာ ပြသမှာဖြစ်ပြီး ပွဲအပြီးမှာ နေတိုး၊ ဖွေးဖွေးနဲ့ သရုပ်ဆောင်တွေက ပရိသတ်တွေကို ကိုယ်တိုင်လက်မှတ်ရေးထိုးပေးသွားမယ်လို့ သိရပါတယ်။ လူငယ်ကြိုက် အချစ်ဇာတ်ကားကို ပရိသတ်စိတ်ဝင်စားမယ့် ဝိညာဉ်လောကအကြောင်းအရာ၊ အွန်လိုင်းချိတ်ဆက်မှုအကြောင်းအရာတွေ အားဖြည့်ထားတဲ့အပြင် ကင်မရာဖန်တီးချက်တွေအတော်များများ အသုံးပြုထားတဲ့အတွက် ပရိသတ်ကြီး နှစ်ခြိုက်နိုင်တယ်လို့ ယူဆပါတယ်။

သတင်း – သွန်းဝသန်၊ ဓာတ်ပုံ – မေဦးမိုး

သူတို့ဘာလုပ်နေလဲ.....

Alison စုစည်းသည်။

ကြည်ဖြူသျှင်

ရုပ်ရှင်လုပ်ငန်း အဆင့်မြင့်မွမ်းမံသင်တန်းတွေ ဖွင့်နိုင်အောင် ကြိုးစားနေတယ်။ သရုပ်ဆောင်၊ တည်းဖြတ်၊ ဇာတ်ညွှန်း၊ နည်းပညာအပိုင်းတွေအားလုံးမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်တာရှိတယ်။

ပက်ထရစ်ရှာ

ရာဇဝင်ရိုင်းသူများ ဇာတ်ကားကို ရိုက်ကူးနေပါတယ်။ အခုဇာတ်ကားမှာ ပြေတီဦးနဲ့ မြင့်မြတ်တို့လို ဝါရင့်အနုပညာရှင်တွေ၊ ဆရာမိုက်တီးရဲ့ သင်ပြမှုတွေကြောင့် အတွေ့အကြုံတွေ အများကြီးရတယ်။ အနုပညာသက်တမ်းနုပေမယ့် အားပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။

နန်းခင်ဇေယျာ

ဇာတ်ကားတွေတော့ များလာပြီ။ သရုပ်ဆောင်ပိုင်းကတော့ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းမကျဘူးဖြစ်နေတယ်။ အလှမယ်တွေ အများကြီးထပ်ပေါ်လာတာ အတိုင်းမသိ ဝမ်းသာတယ်။ ချစ်လို့ မိုက်တယ်ဇာတ်ကားရိုက်ကွင်းမှာ ရောက်ရှိနေပါတယ်။



ဝတ်မှုန်ရွှေရည်

အကယ်ဒမီရထားလို့ ပိုပြီးတာဝန်တွေပိတာပေါ့။ (ရယ်လျက်) ဇာတ်ကားတွေ ပြန်ရိုက်နေပါတယ်။ နှစ်ဦးတစ်လလုံး နိုင်ငံခြားခရီးတွေများနေပြီး လကုန်မှာ ကစ်ကစ်ရဲ့ Fun Friend တွေနဲ့အတူတူ အလှူလေးတစ်ခုလုပ်ဖို့ ပြင်ဆင်နေတယ်။

လရိပ်ပြာ

ကိုရီးယားနိုင်ငံမှာ Asia New Star မော်ဒယ်ပြိုင်ပွဲဝင်ရောက်ခွင့်ရပြီမို့ ရင်ခုန်နေပါတယ်။ ဇန်နဝါရီ ၂၅ ရက်က ပြိုင်ပွဲမှာ Face of Myanmar, Grand Prize ရမယ်လို့ မျှော်လင့်မထားပါဘူး။ ဆုချီးမြှင့်တဲ့ ငွေကျပ်သိန်း ၁၀၀ ကို ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်ဖို့ စိတ်ကူးထားတယ်။

မိဘမဲ့ကလေးများအား ရှင်ပြုပေးရန် ရွှေစင်ရည်ရွယ်ထား

ရန်ကုန် ဇန်နဝါရီ ၂၇

မိဘမဲ့ကလေးများအတွက် ရှင်ပြုပွဲတစ်ခုပြုလုပ်ပေးနိုင်ရန် သရုပ်ဆောင် ရွှေစင်က ရည်ရွယ်ထားပြီး ဆက်သွယ်ပြောကြားသူ နည်းပါးသည့်အတွက် အလှူမပြီးမြောက်ခြင်းကြောင့် မည်သူမဆို ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

“ကျွန်မရဲ့ရည်ရွယ်ချက်က ကလေးတွေကို ရှင်ပြုနားသ အလှူနဲ့ ပဥ္စင်းတက်တာတွေ လုပ်ပေးချင်တယ်။ နှစ်ဦးကုသိုလ်အဖြစ်လည်း ရည်ရွယ်ပါတယ်။ ကျွန်မရဲ့ ချွေးနဲစာနဲ့ ကျန်တဲ့အနုပညာ မောင်နှမတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ စုပေါင်းလှူဒါန်းသွားကြဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိမှာ ရွှေစင်ကိုးကွယ်တဲ့ ဆရာတော်ကြီးတွေလှူဒါန်းပူဇော်ကြမယ့် ဘုရားငါးထောင်ဆီမီး၊ ပန်းပူဇော်ပွဲကို ပုဂံမှာ လကုန်ကျရင်ကျင်းပမှာရှိပါတယ်။ ရွှေစင့်ရဲ့ အလှူကိုလည်း ဘယ်သူမဆို ဆက်သွယ်စာရင်းပေးကြပါ။ ကုသိုလ်ပြုပေးဖို့အတွက် ဘုန်းကြီးကျောင်းကိုတော့ ရွေးချယ်နေဆဲဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ် Shwe Sin ကို ဆက်သွယ်ပြီး စာရင်းပေးနိုင်ပါတယ်”ဟု သရုပ်ဆောင်ရွှေစင်က ပြောကြားသည်။

သွန်းဝသန်

အာဆီယံအဆင့် ဇာတ်ညွှန်းအလုပ်ရုံဆွေးနွေးပွဲ ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၂၇

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မတ် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် အာဆီယံဇာတ်ညွှန်းရေးသားခြင်းဆိုင်ရာ အလုပ်ရုံအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် ဇာတ်ညွှန်းဆရာတစ်ဦး တက်ရောက်ခွင့်ရရှိရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

“ အာဆီယံ ရုပ်ရှင်ကော်မတီက တာဝန်ယူကျင်းပပါတယ်။ ဇာတ်ညွှန်းရေးသားခြင်းဆိုင်ရာနဲ့ ပတ်သတ်ပြီး အာဆီယံနိုင်ငံတွေက ပညာရှင်တွေ စုပေါင်းဆွေးနွေးကြဖို့ဖြစ်ပါတယ်။ လက်ရှိမှာတော့ အစည်းအရုံးဝင်တွေကို ဖြန့်ဝေထားပြီး လူရွေးချယ်မယ့်အစီအစဉ် မပြုလုပ်ရသေးပါဘူး”ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကတစ်ဦးဖြစ်သူ ဒါရိုက်တာ ဦးနှင်းမိုးက ပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအတွင်း အာဆီယံအဆင့်မီ ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးနိုင်မည့် ဇာတ်ညွှန်းရေးဆရာတစ်ဦးကို အာဆီယံနိုင်ငံအသီးသီးမှ ဖိတ်ကြားထားခြင်းဖြစ်ပြီး လျှောက်ထားရန် အဆိုပြုလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်ပြောကြားနိုင်ကြောင်း သိရသည်။

မောင်သဲဦး

ရောင်းရန်ရှိသည်

ရွှေပြည်သာဇုန်(၂)၊ ကမ်းနားလမ်းနှင့် ဒေါ်ဖွားရှင်လမ်းထောင့်ကွက်၊ ၃ ဒသမ ၇၃၇ ဧက အလျား ၆၆၀ပေ× အနံ ၂၄၅ပေ ရောင်းရန်ရှိသည်။ ခြံစည်းရိုးခတ်ပြီး၊ မြေဖို့ပြီး။ (အရှေ့ဘက်တွင် လှိုင်မြစ်ကမ်းရှိသည်။)

ဖုန်း-၀၉-၈၃၀၃၉၉၉၊ ၀၉-၈၃၀၂၆၆၆၊ ၀၉-၈၃၀၃၈၈၈

တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်၏ ၂၂-၁-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၅ ပါ သတိပေးကြေညာချက်အပေါ် ပြန်လည်ဖြေရှင်းချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုးမြင့် MTNT-၀၂၉၈၄၇၊ ဒေါ်ဇင်မာအေး MTNT-၀၂၉၈၄၈၊ ဦးဇေယျာထွန်း MTNT-၀၂၉၈၄၉ တို့သည် ကွယ်လွန်သူ ဦးကျော်မြင့်၏ သားသမီးရင်းများဖြစ်ကြပြီး ဦးကျော်မြင့်နှင့်အတူ အမှတ်-၂၅၈၊ ဦးဘဟန်လမ်း၊ င/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်တွင် သန်းခေါင်စာရင်းနှင့်တကွ အတူနေထိုင်ကြပါသည်။ အသီးသီးအိမ်ထောင်ကျပြီးနောက် ခွဲခြားနေထိုင်သွားကြပါသည်။ ဦးကျော်မြင့် ကွယ်လွန်သည့်အခါ မရွှေ့မပြောင်းနိုင်သည့် အမွေပုံပစ္စည်းအနေနှင့် အဆိုပါတိုက်ခန်းတစ်ခုသာရှိပါသည်။ ၎င်းတိုက်ခန်းကို သေတမ်းစာနှင့်ပေးခဲ့သည်ဆိုရာတွင်

(က) သက်ဆိုင်သူများသည် စွန့်မွတ်(စ်)လင်(မ်)များဖြစ်ခြင်း

(ခ) အမွေပုံပစ္စည်းအနေနှင့် အဆိုပါတိုက်ခန်းတစ်ခုသာရှိခြင်း

(ဂ) ဒေါ်ခင်ခင်လှသည်လည်း အမွေဆိုင်တစ်ဦးသာဖြစ်ခြင်း

စသည့်အချက်များကြောင့် အဆိုပါသေတမ်းစာသည် အစ္စလာမ်ဥပဒေအရ တရားမဝင်ကြောင်း ပြန်လည်ဖြေရှင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းသန်း B.Sc, H.G.P, R.L (အထက်တန်းရှေ့နေ) (စဉ်-၂၀၃၃၀)

၁၆/၃၊ပြည်တော်သာလမ်း၊(ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၃၁၀၅၂၅၂၂

အများသိစေရန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် (၇၃၇)၊ ဦးပိုင်အမှတ်(၇၆) ဂရန်မြေကွက်မှာ ကျွန်တော် ဦးငြိမ်းမောင် မြေကွက်ဖြစ်ပြီး ကျွန်တော် ဦးငြိမ်းမောင် လက်ရှိပိုင်ဆိုင်နေထိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ပိုင်ဆိုင်မှု ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ဂရန်မူရင်းခွဲရေးဆွဲပေးပါရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၈-၁၂-၂၀၁၄ ရက်တွင် လျှောက်ထားခဲ့ပါသည်။ အဆိုပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငြိမ်းမောင် ၉/မရမ(နိုင်)၀၃၀၇၃၄

အကွက်(၇၃၇)၊ ဦးပိုင်အမှတ်(၇၆)၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/အို၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၅၁ မြေကွက်တည်နေရာအမှတ် (၁၆)၊ ၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ဦးအောင်မြင့်(ခ)ဦးမြင့်အောင်(ခ)တီဂျာဂါနတ်သ်အမည်ပေါက် နှစ် ၉၀ ဂရန် (သက်ကုန်)မြေအား အမည်ပေါက် ဦးအောင်မြင့်(ခ)ဦးမြင့်အောင်(ခ) တီဂျာဂါနတ်သ်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြင့်ရီ ၁၂/မဂတ(နိုင်)၀၁၅၅၅၀မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၃၇၈၊ မြေကွက်တည်နေရာအမှတ် (၁၀)၊ ဗိုလ်ချုပ် ၁ လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ် (ဦးတင်ဦး SBO-၀၉၈၉၈၄) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဦးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် ၂၅-၁၂-၀၅ အရ ပေ(၂၀×၆၀)ထပ်ယူထားသူ ဒေါ်မြနန္ဒာ ၁၂/ဒလန(နိုင်)၀၀၀၀၃၄ နှင့် ဦးတင်ဦး ၃-၈-၁၄ရက် ကွယ်လွန်၍ ဇနီးဒေါ်တင်မေ BY-၀၁၅၂၂၇ ပေ(၂၀×၆၀) ပိုင်ဆိုင်သူတို့ပူးတွဲ၍ ဂရန်သစ်လျှောက်ထားရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၅-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၂၆)ပါ ရန်ကုန်ဂေါက်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ဖိတ်ကြားသည့်ကြော်ငြာတွင် “၂၀၁၄-၂၀၁၅ ခုနှစ်များအတွက် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲ”အစား “၂၀၁၅-၂၀၁၆ ခုနှစ်များအတွက် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲ”ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z³၊ မြေကွက်အမှတ် V Class ၄၇၊ မြေကွက်တည်နေရာအမှတ် ၈၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ် ဒေါ်တီစွမ်တီ ၁၂/လမတ(နိုင်)၀၂၇၂၁၂ အမည်ပေါက် နှစ်၆၀ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တီစွမ်တီ(ခ)ဒေါ်စွမ်တီသည် ၁၂-၈-၂၀၁၁ ရက်တွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးကျင်(ခ)ဦးမောင်ကျင်(ခ)တန်ရှန်ချိန်သည် ၂၄-၅-၂၀၀၂ ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် (၁)ဒေါ်ခင်ခင်ဝင်း(ခ)တန်ရှုခင် ၁၂/သဃက(နိုင်)၁၃၃၆၇၄၊ (၂) ဒေါ်ခင်ဝင်း(ခ)တန်ရှုဟွာ ၁၂/ရကန(နိုင်)၀၄၃၅၅၄၊ (၃) ဦးသန်းအောင် ၁၂/ဗဟန(နိုင်)၀၈၀၄၄၅၊ (၄) ဒေါ်ရှုကင်း(ခ)ဒေါ်ရှုခင် ၁၂/ လမတ(နိုင်)၀၁၈၈၃၇၊ ဒေါ်ရှုအိန် ၁၂/လမတ(နိုင်)၀၁၉၅၀၇၊ (၆) ဦးသန်းစိန် ၁၂/လမတ(နိုင်) ၀၁၈၈၃၅၊ (၇)ဒေါ်ရှုကြူ(ခ)ဒေါ်ခင်နုဝင်း ၁၂/လမတ(နိုင်)၀၂၄၈၃၀၊ (၈)ဒေါ်ရှုလွမ်(ခ)ဒေါ်ခင်စန်းဝင်း ၁၂/လမတ(နိုင်)၀၁၈၈၄၁၊ (၉)ဦးသန်းထွန်း ၁၂/လမတ(နိုင်)၀၁၈၈၃၉၊ (၁၀)ဒေါ်အေးအေးဝင်း၁၂/လမတ(နိုင်)၀၂၄၈၂၇၊(၁၁)ဒေါ်နီနီဝင်း ၁၂/လမတ(နိုင်)၀၁၈၈၃၈ တို့က သားသမီးများတော်စပ်ကြောင်း သေစာရင်းများ၊ ကျမ်းကျိန်လွှာများနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြိတ်မြို့အနီး၌ ကုန်တင်စက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွား

မြိတ် ဇန်နဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မီးပြတိုက်အနီးရေပြင်တွင် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ကုန်တင်စက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

မြိတ်မြို့ မီးပြတိုက်အနီးရေပြင်တွင် ကျောက်ချရပ်နားထားသော အောင်ပြည့်မိုးအမည်ရှိ အလျား ၉၁ ပေ၊ အနံ ၂၂ ပေ၊ ဇောက် ၁၂ ပေ၊ သစ်သားခွံ၊ HINO EK-100 အင်ဂျင် နှစ်လုံးတပ် ကုန်တင်စက်လှေသည် ရေထုတ်ပေါက် အဆို့ပွင့်၍ ရေများဝင်ကာ စက်လှေ နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စက်လှေ နစ်မြုပ်ချိန်တွင် လှေပေါ်တွင် လှေလုပ်သား ၁၀ ဦးရှိသော်လည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း မရှိကြောင်း၊ ကုန်တင်စက်လှေနစ်မြုပ်ရာတွင် ခရုသံကြမ်း အိတ် ၈၀၀၊ မီးသွေး ၅၅ ကုဗတန်နှင့် အခြားကုန်ပစ္စည်းများ အပါအဝင် တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ရာသီပေါ်သီးနှံများ လှိုင်လှိုင်ထွက်ချိန်ဖြစ်၍ ပြင်ဦးလွင်၌ ဝိုင်နှင့် ယိုလုပ်ငန်းများ စတင်လုပ်ကိုင်

ပြင်ဦးလွင် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ရာသီပေါ်သီးနှံများဖြစ်သည့် စတော်ဘယ်ရီနှင့် လိမ္မော်သီးများ လှိုင်လှိုင်ထွက်ပေါ်လာချိန်ဖြစ်သဖြင့် သီးနှံရှားပါးချိန်က ခေတ္တရပ်နားထားသော ဝိုင်နှင့် ယိုလုပ်ငန်းများ ပြန်လည်စတင်လာပြီး ဒေသနေပြည်သူများအတွက် အလုပ်အကိုင်များလည်း ပေါ်များလာကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်မြို့ရှိ သီးစုံလုပ်ငန်းများသည် နေကြာစေ့၊ ဆားရည်စိမ်မက်မန်းသီးတို့ကဲ့သို့ ကြာရှည်အထားခံသော သီးနှံများကို တစ်နှစ်ပတ်လုံး ထုတ်လုပ်ရောင်းချသော်လည်း စတော်ဘယ်ရီနှင့် လိမ္မော်သီးများမှာ ရာသီချိန်အတွင်း၌သာ ဝယ်ယူစုဆောင်းပြီး ထုတ်လုပ်ရသော သီးနှံများဖြစ်ကြောင်း သိရသည်။

စတော်ဘယ်ရီနှင့် လိမ္မော်ကို အဓိကထုတ်ကုန်အဖြစ် ဝိုင်နှင့် ယို၊ တော်ဖီစသည့် စားသောက်ကုန်များအဖြစ် အဓိကထုတ်လုပ်ပြီး အခြားသီးနှံများနှင့် သီးစုံယိုအဖြစ် ပေါင်း၍လည်းထုတ်လုပ်ပြီး မြန်မာနိုင်ငံအနှံ့ ဖြန့်ချိရောင်းချကြသည်။

ပြင်ဦးလွင်မြို့၌ နေကြာနှင့် သီးစုံလုပ်ငန်း စက်ရုံအလုပ်ရုံပေါင်း ၃၀ ခန့်ရှိကာ အချို့စက်ရုံ အလုပ်ရုံများမှာ အလုပ်သမား ရာနှင့်ချီ၍ရှိသည်။ ယခုကဲ့သို့ သီးနှံထွက်ပေါ်ချိန်တွင် လုပ်ငန်းများပိုမိုကောင်းမွန်လာသဖြင့် ဒေသခံများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများလည်း များပြားလာလျက်ရှိကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

အဋ္ဌမတန်း အတန်းတင်အကြိုစာမေးပွဲ ၄၀ ရာခိုင်နှုန်းကျော်သာအောင်မြင်

မြိတ် ဇန်နဝါရီ ၂၇

နိုင်ငံတော်အစိုးရက လက်ရှိ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပြောင်းလဲလိုက်သည့် ပညာရေးစနစ်သစ်ကြောင့် မြိတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအား အတန်းတင်အကြို စာမေးပွဲဖြေဆိုစေခဲ့ရာ အောင်မြင်သူ ၄၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း မြို့နယ်ပညာရေးမှူး၏ပြောပြချက်အရ သိရသည်။

မြိတ်မြို့နယ်ရှိ စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ၏ အတန်းတင် အကြို စာမေးပွဲကို ၂၀၁၄ ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ စတုတ္ထတန်းစာစစ်ဌာန ၃၈ ခုနှင့် အဋ္ဌမတန်းစာစစ်ဌာန ၂၁ ခု စုစုပေါင်း စာစစ်ဌာန ၅၉ ခု၌ ကျင်းပခဲ့ရာ စတုတ္ထတန်း စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၆၆၈၀ ရှိသည့်အနက် ၆၅၈၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၃၁၇၂ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၄၈ ရာခိုင်နှုန်းရှိခဲ့သည်။ အဋ္ဌမတန်းစာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၄၂၃၄ ဦးရှိသည့်အနက် ၄၁၆၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၆၇၆ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၄၀ ဒသမ ၂၈ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူး၏ ပြောပြချက်အရ သိရသည်။

မြိတ်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၁၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၁၀ ကျောင်းနှင့် အထက်တန်းကျောင်း ၁၀ ကျောင်း စုစုပေါင်း ၁၄၁ ကျောင်းရှိကာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၅၆၂၇၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ အခြေခံပညာအဆင့်ဖြစ်သော စတုတ္ထတန်းနှင့် အဋ္ဌမတန်းကို အစိုးရစစ်စာမေးပွဲအဖြစ် ပြောင်းလဲခြင်းကို ကျောင်းသားမိဘများ သဘောကျလျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ကနီ ဇန်နဝါရီ ၂၇

ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ် နှစ်ခုကြား နယ်စပ် ကနီ-မင်းကင်းကားလမ်းဘေးရှိ ကင်းကျေးရွာတွင် တည်ဆောက်ထားသည့် (၁၆)ခုတင်ဆံ့ ကင်းတိုက်နယ်ဆေးရုံ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ကင်းတိုက်နယ်ဆေးရုံမှူးခ်ဦးကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ကင်းတိုက်နယ်ဆေးရုံပင်မဆောင်၊ ခွဲစိတ်ဆောင်၊ သံဃာဆောင်၊ ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ်၊ ဆေးရုံအဝင်မုခ်ဦး၊ ဓာတ်မှန်နှင့်ဓာတ်မှန်ပစ္စည်း၊ ဆေးပဒေသာပင်နှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်းကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ကင်းတိုက်နယ်ဆေးရုံသည် ကနီမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်ခုမှ ကျေးရွာ ၂၆ ရွာ၊ မင်းကင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုသုံးခုမှ ကျေးရွာခြောက်ရွာ စုစုပေါင်း ကျေးရွာ ၃၂ ရွာမှ ဒေသခံပြည်သူ ၂၀၀၀၀ ကျော်တို့၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်ပေးနိုင်မည့် ဆေးရုံဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

ဒီပင်္ကရာစေတီတော်မြတ် (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

မော်လူး ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသကိုးတိုက်နယ်၊ ၁၀ အုပ်စု၏ သမိုင်းဝင်ဒီပင်္ကရာ စေတီတော်မြတ်ကြီး (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်မှစတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒီပင်္ကရာ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်နေ့(ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ရက်) အထိ ကျင်းပမည်ဖြစ်ပြီး တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် ဒေသတွင်းရဟန်းသံဃာတော်များ၊ ပင့်သံဃာတော်များကို ဆွမ်းဆန်လောင်းလှူကြမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် မန္တလေးဆန်းလင်းဇာတ်အဖွဲ့က ဖျော်ဖြေမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၈၀၀ ကျော်ဖြင့် အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ကလေးကစားစရာပစ္စည်း အစရှိသည့်တို့ကို စုံလင်စွာရောင်းချမည်ဖြစ်ကြောင်း၊ ဒီပင်္ကရာစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ မန္တလေးမြို့၊ မြစ်ကြီးနားမြို့များမှ ဈေးသည်များ လာရောက်ရောင်းချကြသကဲ့သို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးများ စည်ကားသိုက်မြိုက်စွာ လာရောက်ကြသည့် နှစ်စဉ်ကျင်းပမြဲပွဲတော်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

ဒေါ်ချောစုလှိုင် ၁၄/မမက(နိုင်)၁၉၃၇၄၁ သိရှိရန် အကြောင်းကြားခြင်း

မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက် ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဒေါ်ချောစုလှိုင်(ဘ)ဦးမြင့်လှိုင် ၁၄/မမက(နိုင်)၁၉၃၇၄၁ သရက်ချောင်းကျေးရွာ၊ မမွေးကျွန်းအုပ်စု၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)ဘုတ်ဆုံမ အမှတ်တံဆိပ် အရောင်းတာဝန်ခံသည် နယ်မြို့များတွင် ရောင်းချရရှိသော ကုန်ရောင်းရငွေများကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းခြင်းမရှိဘဲ ၂၂-၁၁-၂၀၁၄ ရက်မှစ၍ တိမ်းရှောင်သွားခဲ့ရာ ၎င်း၏နေရပ်သို့ စာရင်းလာရောက်ရှင်းလင်းရန် အကြောင်းကြားသော်လည်း ပြန်လည်ဆက်သွယ်ခြင်းမရှိခဲ့သည့်အတွက် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကုမ္ပဏီသို့ စာရင်းလာရောက်ရှင်းလင်းရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်
ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေးလုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်စိုက်ပျိုးရေးရပ်ကွက်၊ ဆန်းသစ်ဦးလမ်းသွယ်(၂)၊ မြေကွက်အမှတ်(က/၁၄)ရှိ တရားဝင်မခွဲမစိတ်ရသေးသော အလျား (၇၁)ပေ×အနံ(၂၆-၄၃)ပေ မြို့တော်ဂေါက်ကွင်းကို မျက်နှာမူလျက် [ယခင် အင်းစိန်အမှတ်(၁)နယ်မြေစိုက်ပျိုးမွေးမြူရေးခြံ၊ မြေကွက်အမှတ် ၂၃/၂၅]နှင့်ပတ်သက်၍

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၄၁ နေ ဦးအေးလွင် ၁၂/အစန(နိုင်)၂၁၄၃၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

အထက်ဖော်ပြပါ ခြံမြေသည် ဦးအေးလွင်၏မိဘများဖြစ်သော ဦးစံထွေး၊ ဒေါ်ခင်ထွေးတို့မှ ပိုင်ဆိုင်ပြီး ဖခင်ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူမှ ဦးအေးလွင်အပါအဝင် ကျန်ညီအစ်ကိုမောင်နှမများဖြစ်သော ဦးမြစိုး၊ ဦးငွေးလွင်၊ ဒေါ်သီသီထွေး၊ မမော်လီထွေးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဝေစုအဖြစ် အညီအမျှခွဲဝေပေးခဲ့ရာ ဦးအေးလွင်ရရှိခဲ့သော အမွေဝေစုဖြစ်ပါသည်။ ဦးအေးလွင် အမွေဝေစုအဖြစ်ရရှိကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော အထက်ပါမြေကွက်အား ဦးအေးလွင် သိရှိသဘောတူညီချက်မရှိဘဲအခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်ထားခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စုစုလှိုင် LL.B ဒေါ်တင်လဲ့လဲ့ဝင်း LL.B ဦးဖေယျာဌေးတင့် LL.B
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၀၉၀၉၂

အများသိသာရန် တားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၄ လမ်း(လမ်းတို)၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်း(၁၀၅/ဘီ) လေးလွှာနေ ဒေါ်တင်ရွှေ ၃/ဘအန(နိုင်)၀၂၂၀၈၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိသာရန် တားမြစ်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဒေါ်တင်ရွှေသည် ၁၀-၁-၂၀၁၅ရက်က ကွယ်လွန်သွားခဲ့သော ဒေါက်တာဦးစောဝင်း၏ တရားဝင် ပထမဇနီးကြီးဖြစ်ပါသည်။

ဒေါက်တာဦးစောဝင်းနှင့်ဇနီး ဒေါ်တင်ရွှေတို့သည် မြန်မာ၊ ဗုဒ္ဓဘာသာ အကြင်လင်မယားဖြစ်သဖြင့် ဒေါက်တာဦးစောဝင်း ကွယ်လွန်စဉ် ၎င်းပိုင်ဆိုင်ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါ ပစ္စည်းများသည် ကျွန်ုပ်တို့အမှုသည် ဒေါ်တင်ရွှေ အမွေဆက်ခံခွင့်ရှိသော ပစ္စည်းများဖြစ်ခြင်းကြောင့် ဒေါ်တင်ရွှေ၏စာဖြင့်ရေးသားသော ခွင့်ပြုသဘောတူချက်၊ တစ်စုံတစ်ရာမရရှိဘဲ မည်သည့်လွှဲပြောင်းစီမံဆောင်ရွက်ခြင်းများကိုမျှ အလျှင်းမပြုလုပ်ကြရန်နှင့် အကယ်၍ မလိုက်နာပါက ပြုလုပ်သူနှင့်တကွ လက်ခံဆောင်ရွက်သူကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း တားမြစ်အသိပေးကြေညာအပ်ပါသည်။

ကွယ်လွန်သူဒေါက်တာဦးစောဝင်း၏ ကျန်ရစ်ပစ္စည်းစာရင်း

(၁) လူကြီးမင်းနေထိုင်လျက်ရှိသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ (၁၅၅)လမ်း၊ တိုက်အမှတ်(၁၀၆) ပထမထပ်၊ အခန်းအမှတ်(၂-အေ) တိုက်ခန်း။

(၂) ဒေါက်တာဦးစောဝင်း ပိုင်ဆိုင်ပြီး အိမ်ငှားတင်ထားသော လူကြီးမင်းမှ တာဝန်ယူထိန်းသိမ်းထားသည့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၅၇/၄၅၉)၊ အခန်းအမှတ်(၀၀၄) မြေညီထပ်တိုက်ခန်း။

(၃) ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ည-ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ် (၁၀၃၀/ခ)ဟု လိပ်စာခေါ်တွင်သည့် ပျဉ်ထောင်နှစ်ထပ်အိမ်နှင့် ယင်းအိမ်တည်ရှိရာ ပေ(၂၀×၆၀)ဂရန်မြေကွက်တို့၏ ဂရန်စာချုပ်အပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ။

(၄) Toyota Surf 1996 Model ယာဉ်အမှတ် 6D/4717 မော်တော်ယာဉ်တစ်စီး။

ဒေါ်တင်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးမျိုးဟန်)	(ဒေါ်တင်တင်ဌေး)	(ဒေါ်စောယုဇာ)
စဥ်-၁၇၅၁	စဥ်-၈၂၉၅	စဥ်-၉၉၀၀

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၉၆) ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မတရားကျူးကျော်ခြင်းအား ကန့်ကွက်ကြောင်းကြေညာခြင်း

ကျွန်မဒေါ်မီမီစံ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ရာမနီကွင်း၊ ၆၆၃/က၊ ဦးပိုင်အမှတ်၃၁၊ ဧရိယာ ၀ ဒသမ ၅၃ (၂၀၁၂-၂၀၁၃)အား ရောင်းချထားခြင်းမရှိဘဲ (၂၀၁၃-၂၀၁၄)တွင် (၃၁/က) ဧရိယာ ၀ ဒသမ ၄၄ သို့ ပြောင်းထားခြင်း (၃၁/ခ) ဒေါ်နီနီလွင်အမည်ပြောင်းခြင်းနှင့် ဦးပိုင်အမှတ် ၃၁အတွင်း မတရားကျူးကျော်ထားမှုများအား တစ်ပတ်အတွင်း လာရောက်ဆွေးနွေးပါရန်နှင့် မဟုတ်ပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မီမီစံ
တိုက် ၆၉၊ အခန်း ၅၀၃၊ ဗိုလ်တထောင်ကွန်ဒို၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၅၄၇၂၆၈

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၉၊ သံလွင်လမ်း၊ အမှတ် ၆၅ ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးထွန်းအောင်ကျော်ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားပြီး တရားဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ဇော်ဦး ၇/ဒဥန(နိုင်)၀၂၅၀၂၀ ထံမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ အထက်ပါမြေမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ပေ (၂၀×၆၀)ထောင့်ကွက်အား ဝယ်ယူရန် ကျွန်ုပ်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်သိန်းစိုး
၄၄၈၊ မင်းရဲကျော်စွာလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံအရှေ့
ဖုန်း-၀၉-၇၃၀၈၉၀၇၆၊ ၀၉-၄၃၀၉၅၄၆၀၊ ၀၉-၇၃၀၀၁၂၅၀

နိုင်ငံတကာအားကစား

ဟာနန်ဒက်ဇ် မန်ယူကို ပြန်လာမှာလား

မိုးမြင့်လင်းလက်

ရီးရဲမက်ဒရစ်အသင်းမှာ တစ်နှစ်တာအငှားချထားတဲ့ မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ်ကတော့ ဘာနေဗျူးမှာ ကစားခွင့်ပုံမှန်မရလို့ စိတ်ဓာတ်ကျဆင်းနေပြီး မန်ယူအသင်းကို ပြန်လာတော့မယ်လို့ ဆိုနေပါတယ်။

အသက် ၂၆ နှစ်ရှိတဲ့ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို မန်ယူနည်းပြ ဗန်ဟားလ်ကတော့ စိတ်အားထက်သန်စွာနဲ့ ပြန်ခေါ်ချင်ပုံတော့မရပါဘူး။ လောလောဆယ်မှာ မန်ယူတိုက်စစ်ဟာ အကောင်းဆုံးပုံစံမရသေးမယ့် အလုပ်တော့ဖြစ်နေတယ်လို့ ယုံကြည်နေသူဖြစ်ပါတယ်။

ဟာနန်ဒက်ဇ်အတွက်ကတော့ ရီရဲမက်ဒရစ်မှာ မကစားခင်ကတည်းက ပုံမှန်နေရာရရှိဖို့နဲ့ ပုံမှန်ပွဲထွက်ခွင့်ရဖို့ခက်ခဲမယ်ဆိုတာ ကြိုတင်သိရှိထားပါတယ်လို့ ဆိုပါတယ်။ တကယ်တော့ ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒို၊ ဂါရက်ဘေးလ်၊ ဘင်ဇီမာနဲ့ ဂျိမ်းရိုဒရီဂွက်ဇ်တို့ကို ကျော်ပြီး နေရာရရှိဖို့ ခက်ခဲလွန်းတဲ့ အနေအထားဆိုတာ သဘောပေါက်သွားခဲ့ပြီဖြစ်ပါတယ်။

တကယ်တမ်းမှာတော့ ရီးရဲမက်ဒရစ်အသင်းမှာ ပါဝင်ကစားနိုင်ဖို့ရုန်းကန်ခဲ့ရပြီး ခြေစွမ်းလည်း မပြနိုင်ဘူးဖြစ်ခဲ့ရပါတယ်။ စပိန်လာလီဂါရဲ့ ရီးရဲမက်ဒရစ်အသင်းမှာ ဟာနန်ဒက်ဇ်အနေနဲ့ အခုအချိန်အထိ ပွဲကစားချိန် မိနစ်ပေါင်း ၁၇၀ သာ ရှိသေးတာ တွေ့ရပါတယ်။

ဟာနန်ဒက်ဇ်အနေနဲ့ ရီးရဲမက်ဒရစ်မှာ အခုအချိန်အထိစုစုပေါင်း ရှစ်ပွဲကစားခဲ့ပြီး သုံးဂိုးသွင်းယူထားနိုင်ပေမယ့် နည်းပြအန်ဆယ်လော့တီရဲ့ စိတ်တိုင်းကျကစားသမားအဖြစ် ရောက်မလာသေးတာမို့ ပုံမှန်ပွဲထွက်ခွင့်မရဘဲဖြစ်နေတာကြောင့် စာချုပ်သက်တမ်းကုန်ရင် ဘယ်အသင်းမှ မပြောင်းဘဲ မန်ယူကိုပဲ ပြန်လည်ကစားဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

တစ်ပတ်လုပ်ခလစာ ပေါင် ၇၅၀၀၀ ရရှိနေတဲ့ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ရီးရဲမက်ဒရစ်အသင်း ဒါရိုက်တာတစ်ဦးဖြစ်တဲ့ အီမီလီရိုကစာချုပ်သက်တမ်း ပြည့်ပြီးရင်လည်း ရီးရဲမက်ဒရစ်မှာ ဆက်ကစားဖို့ ပြောဆိုခဲ့ပေမယ့် ပုံမှန်ပွဲထွက်ခွင့်မရတဲ့ ဟာနန်ဒက်ဇ်ကတော့ မန်ယူမှာ ပြန်လည်ကစားဖို့ပဲ အာရုံရှိနေတယ်လို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့် နည်းပြအန်ဆယ်လော့တီက ရီးရဲမက်ဒရစ်အသင်းမှာပဲ ဆက်လက်ခေါ်ထားမယ်ဆိုရင်တော့ သူရဲ့ဆုံးဖြတ်ချက်နဲ့ သူရဲ့နေရာပေးမှုအပေါ်မှာ မူတည်ပါတယ်လို့ ဆိုပါတယ်။ တကယ်တော့ မန်ယူအသင်းမှာလည်း တောင့်တင်းထက်မြက်တဲ့ တိုက်စစ်မှူးကောင်းတွေ လိုအပ်နေဆဲဖြစ်တာမို့ မန်ယူနည်းပြ ဗန်ဟားလ်က စဉ်းစားနေတယ်လို့ဆိုပါတယ်။

ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုကလပ် ဂွါဒါလာဂျာရာကနေပြီး ၂၀၁၀ ပြည့်နှစ်မှာ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်ယူအတွက်ပွဲပေါင်း ၁၀၂ ပွဲ ကစားပေးခဲ့ကာ ဂိုးပေါင်း ၃၇ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ဟာနန်ဒက်ဇ်ရဲ့ အပြောင်းအရွှေ့ကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

စီးရီးအေမှာ ခြေစွမ်းပြနေတဲ့ ပေါလ်ပေါ့ဘာ

အီတလီစီးရီးအေမှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူးကတော့ ဂျူဗင်တပ်စ်မှ ပေါလ်ပေါ့ဘာဖြစ်ပါတယ်။ ပေါ့လ်ပေါ့ဘာဟာ စီးရီးအေပွဲစဉ် ၂၀ အဖြစ် ချီယေဗိုနဲ့ကစားရာမှာ ကိုယ်တိုင်တစ်ဂိုး သွင်းယူပေးနိုင်တဲ့အပြင် တစ်ဂိုးကိုလည်း ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ပြင်သစ်တိုက်စစ်မှူး ပေါလ်ပေါ့ဘာဟာ ပြီးခဲ့တဲ့လေးပွဲမှာ တစ်ဂိုးစီသွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်က ချီယေဗိုကို ပွဲစဉ် ၂၀ မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တာဖြစ်တာကြောင့် ဇယားထိပ်မှာ ခုနစ်မှတ်အသာနဲ့ ဒုတိယနေရာမှ ရိုးမားကို ဦးဆောင်နေပါတယ်။

စီးရီးအေမှာ ခြေစွမ်းပြလာတဲ့ ပေါလ်ပေါ့ဘာကို ယခုဆိုရင် ဥရောပအသင်းကြီးတွေက ခေါ်ယူဖို့ ပစ်မှတ်ထားနေကြပါပြီ။ ဒီအထဲမှာ ရီးရဲမက်ဒရစ်လည်း ပါဝင်ပါတယ်။ ပေါလ်ပေါ့ဘာရဲ့ ခြေစွမ်းပြလာမှုကြောင့် အနာဂတ်မှာ အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးလိမ့်မယ်လို့ ဘောလုံးအသိုင်းအဝိုင်းက ပြောဆိုနေကြပါတယ်။ မန်ယူကစားသမားဟောင်း ပေါလ်ပေါ့ဘာဟာ မန်ယူမှာတုန်းက နေရာမရဖြစ်ခဲ့ပေမယ့် စီးရီးအေမှာတော့ ဂျူဗင်တပ်စ်အသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် ခြေစွမ်းပြခွင့်ရလာတာကြောင့် လာမယ့်နှစ်မှာ အကောင်းဆုံး ဘောလုံးသမားဆုကို မျှော်မှန်းနိုင်တဲ့ တိုက်စစ်မှူးကောင်းအဖြစ် တွေ့မြင်နေရပါတယ်။

အက်ဖ်အေမှာ အခြေအနေကောင်းနေတဲ့ အာဆင်နယ်

အက်ဖ်အေဖလား ပြိုင်ပွဲမှာ အသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ အသင်းငယ်တွေကို ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပေမယ့် လက်ရှိ ချန်ပီယံ အာဆင်နယ်ကတော့ အောင်လံလွှင့်ထူထားဆဲပါပဲ။စတုတ္ထအဆင့်မှာ ဘရိုက်တန်ကို သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပြီး ပဉ္စမဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဝေါလ်ကော့၊ အိုဇေးလ်နဲ့ ရိုဆစ္စကီးတို့ဟာအာဆင်နယ်အတွက် အနိုင်ဂိုးတွေသွင်းယူပေးခဲ့ကြတာပါ။ နည်းပြ အာဆင်ဝင်းဂါးက ဒီပွဲမှာ တိုက်စစ်မှူးပြောင်းပေးနိုင်ခဲ့လို့ အနိုင်ပွဲရလိုက်တယ်လို့ဆိုနိုင်ပါတယ်။ ပွဲအစမှာဝေါလ်ကော့နဲ့ အိုဇေးလ်တို့ကို ပွဲထုတ်ခဲ့ပေမယ့် သူတို့နေရာမှာ ဆန်ချက်ဇ်နဲ့ ကာဇိုလာတို့ကို လူလဲကစားနိုင်ခဲ့တာကြောင့် တိုက်စစ်အားကောင်းပြီး အနိုင်ရခဲ့တယ်လို့ ဆိုပါတယ်။

အာဖရိကဖလားမှာ အလားအလာကောင်းနေတဲ့ အီကွေတိုရီရယ်ဂီနီ

အာဖရိကဖလား ပြိုင်ပွဲများ ကျင်းပလျက်ရှိရာမှာ လက်ရှိအိမ်ရှင်ဖြစ်တဲ့ အီကွေတိုရီရယ်ဂီနီကတော့ အလားအလာ ကောင်းနေတယ်လို့ ဆိုရမှာပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်က အိမ်ရှင်အနေဖြင့် ဂါဘွန်ကိုနှစ်ဂိုးပြတ်နဲ့နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာပါတယ်။ ခြေစွမ်းအနေနဲ့ အနိမ့်ဆုံးဖြစ်တဲ့ အီကွေတိုရီရယ်ဂီနီဟာ အုပ်စု(A)နဲ့ ဒုတိယနေရာကနေ ကွာတားတက်ခဲ့တာပါ။ အိမ်ရှင် အီကွေတိုရီရယ်ဂီနီနဲ့အတူ အုပ်စု(A)အနေ ကွာတားတက်ခဲ့တဲ့ အသင်းကတော့ ကွန်ဂိုဖြစ်ပါတယ်။ ကွန်ဂိုအသင်းဟာ ဘာကီနာဖာဆိုအသင်းကို နှစ်ဂိုး- တစ်ဂိုးနဲ့အနိုင်ရပြီး ကွာတားရောက်ခဲ့ပါတယ်။ အုပ်စု(A)က ဘာကီနာဖာဆိုနဲ့ ဂါဘွန်တို့ထွက်ခဲ့ရပြီး ကွန်ဂိုက ရမှတ် ခုနစ်မှတ်နှင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်တက်ခဲ့ပါတယ်။ သူ့နောက်မှာ အီကွေတိုရီရယ်ဂီနီ တက်ရောက်ခဲ့ပါတယ်။ ကွန်ဂိုအသင်းဟာ ၁၉၉၂ ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ်သို့ ပထမဆုံး တက်ရောက်နိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်က ဗိုလ်လုပွဲအထိ တက်နိုင်ခဲ့တဲ့ ဘာကီနာဖာဆိုအသင်းဟာ နိုင်ပွဲတစ်ပွဲလိုနေတာကြောင့် ကွာတားနဲ့လွဲချော်ခဲ့ရပါတယ်။ လက်ရှိအခြေအနေမှာတော့ အိမ်ရှင် အီကွေတိုရီရယ်ဂီနီဟာ မမျှော်လင့်ဘဲ ရလဒ်ကောင်းတွေနဲ့ အောင်မြင်မှုတွေ ရှိနေပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

ကျောက်မျက်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ ကျောက်မျက်သယံဇာတဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန် အများပိုင် ဘဏ်တစ်ခုတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက်"ကနဦးမတည်ရင်းနှီးငွေထည့်ဝင်ရန် အဆိုပြုသူများ"ညှိနှိုင်းအစည်းအဝေးကို ၁၉-၁-၂၀၁၅ ရက်တွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် အများသဘောတူညှိနှိုင်းဆုံးဖြတ်ချက်အရ ကနဦးမတည်ရင်းနှီးငွေထည့်ဝင်သူ တစ်ဦးလျှင် ကျပ်သိန်း ၄၀၀၀ဖြင့် အဆိုပြုသူ (၅၀)ဦးနှင့် အထက်အား လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ကနဦးမတည်ရင်းနှီးငွေထည့်ဝင်ရန် အဆိုပြုလိုသူများကို သတင်းစာများတွင်ကြော်ငြာပါဝင်သည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည်အထိ နောက်ဆုံးထား၍ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ကျောက်မျက်နှင့် သတ္တုသယံဇာတဖွံ့ဖြိုးရေးဘဏ်တွင် ကနဦးမတည်ရင်းနှီးငွေ ထည့်ဝင်လိုသူ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ထပ်မံအဆိုပြုတင်ပြနိုင်ပါရန် ဆန္ဒပြုလွှာပုံစံများကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ရုံးနှင့် အသင်းခွဲရုံးများ(မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား) တို့တွင်ရယူ၍ သတ်မှတ်ရက်အတွင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ ပေးပို့နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အများပိုင်ဘဏ်ဖြစ်မြောက်ရေးကော်မတီ

ဆက်သွယ် ဖုန်း-၀၁-၆၆၃၁၁၉၊ ၆၆၃၀၈၀၊ ၈၅၅၁၄၈၊ ၆၅၈၁၄၉၊ ၆၅၈၁၅၀

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၅၈၁)နေ ဦးချစ်မော်၏သားဖြစ်သူ ဦးအောင်အောင်ထွဋ် ၁၂/ဥကတ(နိုင်)၁၂၈၅၄၆နှင့်

အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်ဇီးကုန်းနေ ကျွန်ုပ်၏အမှုသည် ဦးမင်းထွန်း ၅/ကဘလ(နိုင်)၁၃၀၀၄၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမင်းထွန်းသည် လူကြီးမင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာမှ ခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်ပါသည်။ မန္တလေးမြို့၊ ၆၂လမ်း၊ ၂၂×၂၃ လမ်းကြား၊ ယခင်စစ်ကိုင်း ပညာရေးတက္ကသိုလ်ဌာနခွဲ (မန္တလေး)ဝင်းအတွင်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကျွန်ုပ်၏အမှုသည် ဦးမင်းထွန်းသည် လူကြီးမင်းထံမှ လုပ်ငန်းများကို ပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်ခဲ့ရာ ကျွန်ုပ်၏အမှုသည်သည် ဦးအောင်အောင်ထွဋ်ထံမှ လုပ်အားခအဖြစ် ငွေကျပ်သိန်း ၇၀ ရရန် ကျန်ရှိနေပါသည်။ အဆိုပါငွေကျပ်သိန်း ၇၀နှင့်ပတ်သက်၍ ဦးအောင်အောင်ထွဋ်ကိုယ်တိုင် ၅-၄-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်ပြုလုပ်ပြီး အဆိုပါလုပ်အားခငွေကျပ်သိန်း ၇၀ ကို ၇-၅-၂၀၁၄ ရက်တွင် ၃၅ သိန်းနှင့် ၇-၆-၂၀၁၄ ရက်တွင် ငွေကျပ် ၃၅ သိန်းကို မပျက်မကွက်ပေးဆပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။ သို့သော် ဦးအောင်အောင်ထွဋ်သည် ၅-၄-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ ဝန်ခံကတိပြုစာချုပ်ပါအချက်များကို လိုက်နာခြင်းမရှိသည့်အပြင် ကျွန်ုပ်၏အမှုသည် ဦးမင်းထွန်းအားလည်း ယနေ့အချိန်အထိ ငွေကြေးတစ်ပြားတစ်ချပ်မှ ပြန်လည်ပေးဆပ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏အမှုသည်အနေဖြင့် အဆိုပါငွေကျပ်သိန်း ၇၀အပေါ်တွင် များစွာနစ်နာလျက်ရှိပါသည်။

သို့ဖြစ်ပါသောကြောင့် လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏အမှုသည် ဦးမင်းထွန်းအား လုပ်အားခအဖြစ်ပေးဆပ်ရန်ကျန်ရှိနေသော ငွေကျပ်သိန်း ၇၀ ကို ခုနစ်ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏အမှုသည် ဦးမင်းထွန်းထံဖြစ်စေ တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးဆပ်စေလိုပါသည်။ အကယ်၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာစာအား လိုက်နာဆောင်ရွက်ခဲ့ခြင်းမပြုခဲ့လျှင် သက်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမင်းထွန်း ၅/ကဘလ(နိုင်)၁၃၀၀၄၉
ဖုန်း-၀၉-၂၅၆၃၁၂၈၆၃

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးနိုင်ဦး (စဉ်-၃၆၃၃၇)
အထက်တန်းရှေ့နေ
နန်းရှေ့ပြည်တော်သာတိုက်တန်း၊
အောင်မြေသာစံမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၄၈၀၄၉

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၃၆

၁။ ဒေါ်ငွေငွေလှိုင် **နှင့်** ၁။ ဒေါ်စိုးစိုးကြည်
၂။ ဒေါ်ခင်ခင်စိုး ၂။ ဦးကျော်စိန်
၃။ ဦးကျော်ဆန်း
၄။ ဦးပြည့်
မိကျောင်းတက်ကျေးရွာ၊ အမရပူရမြို့နယ်

တရားလိုများ **တရားပြိုင်များ**

(၂) ဦးကျော်စိန် မိကျောင်းတက်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးခရိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ငွေငွေလှိုင်၊ ဒေါ်ခင်ခင်စိုးတို့က "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

ဆောင်းပါး

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ်ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် ' The Straight Lines of Mandalay ' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရ မည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ဂန္ထဝင်အသစ် လမ်း (၈၀)

ဆူးငှက်

မန္တလေးတောင်ဆုတောင်းပြည့်ဘုရားရင်ပြင်တော်မှ ပတ်ဝန်းကျင်တစ်ခွင် လှမ်းမျှော်ကြည့်လိုက်လျှင် မန္တလေးသည် မြူထဲ၌ လူးလွန့်နေသည်။ တစ်ခါတစ်ရံ အဆောက်အအုံသစ်တချို့၏ သွပ်မိုးပြောင်ပြောင်သည် မှန်ထိုးပြနေသည့်နှယ် တဖျပ်ဖျပ်. . .။ မန္တလေးကိုပတ်လည်ဝန်းရံနေတာက ရေရိပ်၊ လယ်ရိပ်များသာဖြစ်ခဲ့ကြောင်း၊ အစွန်းအထင်း အစအနတွေ တွေ့နေရပါသေးသည်။ အရင်ကတော့ အောင်ပင်လယ်ကန်၊ နန္ဒာကန်တွေမှာ ရေရိပ်သမ်းခဲ့မှာပေါ့။ အရင်ကတော့ ငွေတော်ကြည်ကုန်း၊ သင်ပန်းကုန်း၊ ထွန်တုံး၊ ရဲမွန်တောင်နှင့် ကံကောက်နယ်တစ်ကြောမှာ လယ်ရိပ်စိမ်းမြမြပင်လယ်ပြင်ကြီးဖြစ်မှာပေါ့။

အခုတော့ ထိုရေရိပ်၊ လယ်ရိပ်များဆီမှ သွပ်မိုးပြောင်ပြောင်များ တဖျပ်ဖျပ်မှန်ရိပ်ထိုးပြနေပြန်သည်။ ကုန်လွန်ခဲ့သောကာလများဆီကတော့ သစ်ရိပ်ဝါးရိပ်တွေအောက်က ဣန္ဒြေကြီးသော မန္တလေး။ ဒီကနေ့တော့ နိုင်လွန်ကတ္တရာလမ်းနှင့် ကွန်ကရစ်တောမှာ လျှပ်ပေါ်လော်လီသော မန္တလေး။ မန္တလေးမှာ သစ်၊ ဝါးအတွေ့အထိတွေ ချည့်နဲ့ပါးလျားစပြုလာသည်။ သစ်၊ ဝါးသည် ဧည့်ခန်းဆောင်ကြမ်းခင်းပါးကေးများအဖြစ် ပေါလစ်ရောင်အောက်မှာပဲ ပွတ်သပ်ကြည့်ရတော့မည်။ တန်ဖိုးမြင့်တက်သွားတာလား။ ရှားပါးသွားတာလား မသိ။ မန္တလေးတောင်ထိပ် ဆုတောင်းပြည့်ရင်ပြင်မှာပင် ကွန်ကရစ်ရိပ်၊ မှန်ရိပ်၊ ကြွေရိပ်များနှင့် ခေတ်ပေါ်များကို ဆင်မြန်းထားခြေပေါ့။ ရင်ပြင်တော်ပေါ်မှာ မှန်ရိပ်ကိုနောက်ခံပြု၊ ကြွေရိပ်ပေါ်မှာ ခြေစုံရပ်ကာ သံမဏိပိုက်ဝရန်တာမှတစ်ဆင့် မန္တလေး၏အပြောင်းအလဲတွေကို ဆင်ခြင်မိရင်းပေါ့. . အနောက်ဘက် မင်းဝံတောင်ရိုးဆီ လှမ်းမျှော်ကြည့်မိသည်။ မင်းဝံတောင်ရိုး၊ ဧရာဝတီ၊ ဟောဟိုအုပ်အုပ်က ရှင်အရဟံသိမ်ဖြစ်မှာပေါ့။ အဲဒီဘေးက ကူကြီးကုန်းဖြစ်မှာပေါ့။ တောင်ဘက်နားက ထီးတစောင်းဘုရား၊ ဒီဘက်မှာက ပြည်တိုက်။ ဟိုဟာ ညောင်ကွဲ။

တောင်ပေါ်မှသည် အောက်ခြေကနေရာတွေကို အခုလို မှန်းဆလက်ညှိုးထိုးရတာ ပျော်စရာကောင်းသောအလုပ်ဖြစ်သည်။ ဆုတောင်းပြည့်ရင်ပြင်ကို မက်မောရတာကလည်း အခုလိုလက်ညှိုးထိုးချင်လို့ ဖြစ်ပါသည်။ ထိုအခါ အဝေးဘုရားဖူးများဖြစ်စေ၊ မိမိနှင့်အတူပါလာသူကဖြစ်စေ နေရာတစ်နေရာကို ညွှန်ကာ"အဲဒါ ဘာလဲဟင်" ဟုမေးမှာ သေချာပေါက်ဖြစ်ပါသည်။ ထိုအရာသည် ညောင်ကွဲရပ်၊ ကွင်းပြင်ကြီးတွေ၊ ငါးကန်ကြီးတွေ ကလနားသတ်မှာပဲဖြစ်သည်။ အုတ်နီရောင်ရှေးဟောင်း ခေါင်းတိုင်မြင့်မြင့်ကြီးမှ မီးခိုးတွေအူထွက်နေတာဖြစ်ပါသည်။ ထိုအခါ အဲဒါ "ဖြစ်စက်ပေါ့"ဟု အငမ်းမရ ဖြေရတာက အရသာရှိလှသည်။ ဒါနဲ့မပြီး။

"ဖြစ်စက်ဆိုတာ ဘာလဲ" ဟုသေချာပေါက်မေးခွန်းတစ်ခု လည်းလာချေဦးမည်။ "ဘီယာစက်ရုံလေ" ဟု ဖြေလိုက်လျှင် မေးခွန်းရှင်ကကျေနပ်သွားကြမည်။ ဒါပါပဲလေ။ တောင်ပေါ်က စီးကြည့်ရတဲ့ အရသာ။

တကယ်တော့ မန္တလေးသားတွေက"ဖြစ်စက်"ဟု နှုတ်ကျိုးနေကြသည့် ဘီယာနှင့်အရက်ချက်စက်ရုံသည် မန္တလေးမြို့၏ လမ်းမကြီးတစ်ခုဖြစ်သော လမ်း ၈၀ ၏ အစလို့လည်း ပြောလို့ရသည်။ မန္တလေးမြို့၏ ဘတ်စ်ကားလိုင်းတစ်လိုင်းဖြစ်သော အမှတ် ၁၀ လိုင်းချက်ပလက်ကားကြီးတွေမှာ "ဖြစ်စက်လေယာဉ်ကွင်း"ဟု ရေးထားကြသည်။ ထိုဘတ်စ်ကားလိုင်းက လမ်း ၈၀ နှင့် ပူးတုံ့ခွာတုံ့။

"ဖြစ်စက်"ဟု ခေါ်သော ဘီယာစက်ရုံသည် ယခင်က အရက်ချက်စက်ရုံမဟုတ်။ ရတနာပုံခေတ်ကတည်းက မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံတစ်ခုဖြစ်မြောက်ရေးကို ရှေးရှုလျက် ငွေကြေးများစွာအကုန်အကျခံ၊ မြေစမ်းခရမ်းပျိုးတည်ထောင်ခဲ့သည့် မြန်မာ့စက်ရုံ၊ အလုပ်ရုံ များအနက် 'လက်နက်'စက်ရုံတစ်ရုံအဖြစ် ကနဦးတည်ထောင်ခဲ့သည်။

"ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး ပုံရိုက်လုပ်ဆောင်ရသော ဒင်္ဂါးစက်ရုံတော်၊ ထည်မျိုးအုပ်မျိုး ရက်လုပ်သော ရက်ကန်းရုံတော်၊ စပါးအမျိုးမျိုးကြိတ်လုပ်သော ဆန်ကြိတ်စက်ရုံတော်၊ အမြောက်ကြီးငယ် လုံခြားအမျိုးမျိုး၊ ဗုံးဆန်၊ အမြောက်ဆန်၊ တူဆန်အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကို တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သော စက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုး ဦးရေ ၅၀ ကျော်. . ."ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ရေးသားခဲ့သော စက်ရုံများတွင် အပါအဝင်ဖြစ်သည်။

ရက်ကန်းစက်ရုံ၊ သင်္ဘောစက်ရုံ၊ လွှစက်၊ သကြားစက်၊ သံရည်ကျိုစက်၊ ဒင်္ဂါးစက်၊ မဲနယ်စက်၊ စစ်ကိုင်းသံဖိုစက်ရုံတို့ကဲ့သို့ ထင်ရှားလုပ်အားကောင်းခဲ့သော စက်ရုံတစ်ရုံလည်းဖြစ်ပါသည်။ ရတနာပုံခေတ်က စက်ရုံများကို ခရစ်နှစ် ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ထိုအချိန်က အောက်မြန်မာပြည်ကို သိမ်းပိုက်ထားရှိသော ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်တွင် မြန်မာရှင်ဘုရင်က ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ ထူထောင်ခြင်းကို လိုလားလှသည်မဟုတ်၊ အထက်မြန်မာပြည်ကို ကုန်ကြမ်းများ လွတ်လပ်စွာဝယ်ယူခွင့်ရရှိရေး၊ ကုန်ချောများကို ဗြိတိသျှထံမှပဲ လုံးဝမှီခိုရေးဆိုသည့် ဗြိတိသျှပိုင်စျေးကွက်တစ်ခုအဖြစ်သာ လိုလားသည်။ ထို့ကြောင့် စက်ရုံများတည်ဆောက်ရေးကို အောက်မြန်မာပြည်က အမျိုးမျိုးနှောင့်ယှက်သည်။ အရည်အသွေးကို သတိပြုသည်။ စက်ရုံများရှိ နိုင်ငံခြားသား အတတ်ပညာရှင်များထံမှလည်း စက်ရုံများသတင်းထောက်လှမ်းသည်။ ယခုကဲ့သို့ စက်ရုံကြီးများထူထောင်ကြသောအခါ မြန်မာတို့၏ တစ်ပွဲတိုးကောက်ရိုးမီးစိတ်ဓာတ်နှင့်မို့ အောင်မြင်မှာမဟုတ်ဟုလည်း အထင်သေးသည်။

လက်နက်နှင့်စစ်ပစ္စည်းဝယ်ယူခွင့်ကို ဗြိတိသျှအစိုးရက ပိတ်ပင်ထားသဖြင့် မခံချင်စိတ်နှင့်လုပ်ကြခြင်းပဲဟု ကောက်ချက်ချသည်။ ဤကဲ့သို့ နဂိုကတည်းက ရတနာပုံစက်ရုံကြီးများအပေါ် အမြင်မကြည်လင်ရှိခဲ့သော ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီးသောအခါ မူလစက်ရုံများ၏ထုတ်လုပ်မှုကိုရပ်ဆိုင်းပြီး သံတိုသံစဘာဝ လျှောကျသွားအောင် လုပ်ဆောင်တော့သည်။

၁၈၈၆ ခုနှစ်တွင် မန္တလေးရှိ စက်ရုံများကို အသုံးပြုလိုသူ၊ ဝယ်ယူလိုသူများထံ ငှားရမ်းရောင်းချရန် စီစဉ်ထားတော့သည်။ ထို့ကြောင့် မန္တလေးမြို့မြောက်ပြင် အမရစံခေါ်ရပ်ရွှေတချောင်းမြောင်းဘေးရှိ အမြောက်လက်နက်စက်ရုံကို ဗြိတိသျှအစိုးရက ၉၄၁ ပေါင်စတာလင် (မြန်မာငွေ ၁၂၈၆ ကျပ်၁၀ပဲ ၈ပိုင်) အဖိုးဖြတ်သည်။ ထို့ကြောင့် တန်ဖိုးငွေကျပ် ၁၃၀၀၀ နှင့် ရောင်းချမည့်အကြောင်း ကြေညာသည်။ အမြောက်စက်ရုံအနီးရှိ သေနတ်စက်ရုံက စက်ပစ္စည်းကိရိယာများကိုလည်း ၈၂၉ ပေါင်စတာလင်(၁၁၀၅၃ ကျပ် ၅ ပဲ ၄ ပိုင်)တန်ဖိုးဖြတ်ကာ ငွေကျပ် ၁၀၀၀၀ နှင့်ရောင်းမည်ဟု ကြော်ငြာသည်။

ထို့နောက်ဗြိတိသျှအစိုးရသည် အမြောက်သေနတ်စက်ရုံများကို ဆင်မလာမြို့မှ ဖြစ်ချက်သမား မစ္စတာဒိုင်ယာ (E.J.R.Dyer)သို့ဖြစ်ချက်စက်ရုံအဖြစ် အသုံးပြုရန်အတွက် ၁၈၈၆ ခုနှစ် စက်တင်ဘာလတွင်ငှားရမ်းလိုက်တော့သည်။ လေးဧကကျယ်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိဆောက်ပြီး ဆောက်ဆဲအဆောက်အအုံများကို ဒိုင်ယာကုမ္ပဏီက အလိုရှိရာ ပြုပြင်အသုံးပြုခွင့်ပေးသည်။ စက်များကိုမူ တန်ဖိုးပေးမှသာ သုံးရမည်ဟု စာချုပ်ချုပ်သည်။ စာချုပ်သည် နှစ် ၂၀ စာချုပ်ဖြစ်သည်။ ၁၈၈၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ နှစ် ၂၀ အတွက် ကုမ္ပဏီက အစိုးရသို့ အရစ်ကျငွေပေးသွင်းရသည်။ ပထမငါးနှစ်အတွက်နှစ်စဉ်ငွေ ကျပ်၁၀၀၀၊ ဒုတိယငါးနှစ်အတွက် နှစ်စဉ်ငွေကျပ် ၂၅၀၀။ ကျန်တစ်နှစ်အတွက် နှစ်စဉ်ငွေကျပ် ၄၀၀၀ဖြစ်သည်။ စာချုပ်သက်တမ်းနှစ် ၂၀ ပြည့်သွား၍ ထပ်မံကာ အသစ်ချုပ်ဆိုလိုသော် တစ်နှစ်လျှင် ငှားရမ်းခငွေကျပ် ၇၀၀၀ထက်မပိုသော ငှားရမ်းနှုန်းဖြင့်သာ ငှားရမ်းနိုင်ကြောင်း သဘောတူညီကြသည်။

ဤသို့ဖြင့် ရတနာပုံခေတ် လက်နက်စက်ရုံတော်ကြီးကား ဖြစ်စက်ရုံအဖြစ် ပြောင်းလဲခဲ့သည်။ ကုန်လွန်သောခေတ်များက ဘီယာနှင့်အရက်စက်ရုံအမည်ဖြင့် နာမည်ကျော်မန္တလေးရမ်နှင့် မန္တလေးဘီယာများကိုထုတ်လုပ်ခဲ့သည်။ ထိုအချိန်က မန္တလေး ရမ်တစ်ပုလင်းသည် ရွှေပြားစက္ကူကပ်၊ ဖဲပွင့်ပတ်ကာ လက်ဆောင်ပေးရသည့် ရှားပါးတန်းဝင်ပစ္စည်းဖြစ်သည်။ ပါမစ်စာရွက်ဖြင့်သာ ခက်ခက်ခဲခဲဝယ်ယူနိုင်သည့် ပစ္စည်းများဖြစ်သည်။ ယခုတော့ စျေးကွက်စီးပွားရေးစနစ်အရ မန္တလေးဘီယာနှင့်အရက်ချက်စက်ရုံသည် မြန်မာရောင်ခြည်ဦးကုမ္ပဏီနှင့်ဖက်စပ်ပူးပေါင်းကာ ရမ်နှင့်ဘီယာများ လွတ်လပ်ဖောသီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

အမရဌာနီ၊ အမရ စံခေါ်အရပ်များသည် လက်မှုလုပ်ငန်းထွန်းကားသောအရပ်များဖြစ်သည်။ လမ်း(၈၀)၏ဝဲယာတွင် အထူးသဖြင့် ပန်းတိမ်ဖိုများ ဖိုချင်းဆက်နေသည်။ မိန်းကလေး အများစုက ပန်းတိမ်ဖိုများတွင် ကြိုးထိုးကြသည်။ ကြိုးထိုးကြသည်ဆိုသည်မှာ ရွှေနန်းကြိုးမျှင်လေးများကို အရွယ်တူ ဆစ်ပိုင်းကာ ကွင်းကလေးများလုပ်ပြီး ဆွဲကြိုးများအဖြစ် တပ်ဆင်ကြခြင်းဖြစ်သည်။ ခဲတံမှ ခဲဆန်အရွယ်သံတန်တွင်ရွှေနန်းမျှင်ကို စေ့နေအောင်ပတ်သည်။ ထို့နောက် သံတန်ကိုဖြတ်ကာ ရွှေနန်းမျှင်ဘူးနွယ်ထိ တစ်ထစ်ချင်းဖြတ်သည်။

ထိုအခါ ကွေးနေသည့် ရွှေကွင်းလေးတွေရသည်။ ထိုကွင်းလေးတွေကို ဇာဂနာနှင့်ကောက်ကာ တစ်ကွင်းနှင့်တစ်ကွင်းဆက်သည်။ ဇာဂနာနှင့် အနားချင်းဆက်ရန် ဖိသည်။ ဂဟေသားတင်သည်။ မှုတ်ပြောင်းတန်လေး အသုံးပြုကာ ရေနံမီးဖြင့် ဂဟေဆော်သည်။ ဤသို့ဖြင့် ဆွဲကြိုးလေးတွေ ပြုလုပ်ကြခြင်းဖြစ်သည်။

နောက်တော့ လမ်း(၈၀)နံဘေးက ရွှေပန်းတိမ်ဖိုတွေ နည်းနည်းသွားသည်။ ပန်းတိမ်ဆရာတချို့သည် မြို့လယ်ရှိ အသစ်ဖွင့်လာသော တရုတ်ရွှေဆိုင်ကြီးများမှာ ရောက်ကုန်သည်။ အခုတော့ တရုတ်ရွှေဆိုင်ကြီးများက နိုင်ငံခြားဖြစ်စက်ကြီးများဖြင့် ဆွဲကြိုးအပါအဝင် ရွှေထည်ပစ္စည်းများစွာကို အသစ် ပြုလုပ်ရောင်းချနေကြသည်။ "အီတလီလုပ်စက်သစ်ကြီးများဖြင့်. . ."ဟု ကြော်ငြာကြသည်။

လမ်း(၈၀)နှင့် (၁၂)လမ်းထောင့်သည် အနောက်မြောက်ကျုံးထောင့်ဖြစ်သည်။ အနောက်ကျုံးထောင့်မှ အရှေ့သို့လားသော် မိုးကုတ်လမ်း၊ မန္တလေးတောင်တို့သို့ ရောက်သည်။ လမ်း(၈၀)အတိုင်း တောင်သို့ ဆက်လျှင် မြို့ထဲရောက်မည်။ လမ်း(၈၀)အတိုင်း တောင်ဘက်ဆက်လျှောက်ကြတာပေါ့။

ကုန်လွန်သောခေတ်များက ဘီယာနှင့် အရက်စက်ရုံ အမည်ဖြင့် နာမည်ကျော် မန္တလေးရမ်နှင့် မန္တလေး ဘီယာများကို ထုတ်လုပ်ခဲ့သည်

(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။

ပြည်တွင်းသတင်း

ကိုရီးယားဘာသာစကားပြောသင်တန်းဆရာ မကွေးမြို့၌ ဓာတ်လိုက်သေဆုံး

မကွေး ဇန်နဝါရီ ၂၇

မကွေးမြို့ ကန်သာရပ်ကွက် မေတ္တာလမ်းနှင့် တောင်တွင်းကြီးလမ်းထောင့်ရှိ ဆောက်လုပ်ရေးတိုက်တန်းတွင် ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီက အမျိုးသားတစ်ဦး ဓာတ်လိုက်၍ မကွေးပြည်သူ့ဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ မကွေးမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူး တင်မောင်လွင်နှင့်အဖွဲ့သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦး၏ အလောင်းအား ဒဏ်ရာအနည်းငယ်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါသေဆုံးသူမှာ မကွေးမြို့ ကန်သာရပ်ကွက် မေတ္တာလမ်းနှင့် တောင်တွင်းကြီးလမ်းထောင့်ရှိ ဆောက်လုပ်ရေးတိုက်တန်း အခန်းအမှတ်(၁၃)နေ ဦးဇော်လင်း(၃၅ နှစ်) ကိုရီးယားဘာသာစကားပြော သင်တန်းဆရာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နေသူဖြစ်သည်။ အဆိုပါတိုက်ခန်းကို လွန်ခဲ့ သောနှစ်ရက်ခန့်က Angel ဓာတ်ပုံ လုပ်ငန်းပိုင်ရှင်ထံမှငှားရမ်းခဲ့ပြီး စကား ပြောသင်တန်းဖွင့်ရန်အတွက် တိုက်ခန်း ခေါင်မိုးသွပ်ပေါ်သို့တက်၍ Angel ဓာတ်ပုံလုပ်ငန်းဆိုင်းဘုတ်အား ဖုံးအုပ် ပြုပြင်ခဲ့စဉ် ခေါင်မိုးနှင့်ငါးပေခန့်အကွာရှိဗို့အား ၁၁၀၀၀ ရှိ မဟာဓာတ်အား လိုင်းကြိုးအား လက်ဖြင့်ရိုက်မိခဲ့သဖြင့် ဓာတ်လိုက်ကာ ခေါင်မိုးပေါ်လဲကျခဲ့ခြင်းဖြစ်သည်။ အနီးဝန်းကျင်ရှိလူအများမှ တက်ရောက်ဆွဲချခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသေဆုံးမှုနှင့် ပတ်သက်၍ မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

ကာလတန်ဖိုးငွေကျပ် ၃၆ သိန်းကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အင်းတော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကမ်းနီကျေးရွာအနီး နေအိမ်လယ်တဲကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သောင်းစိန်ထွန်းနှင့်အဖွဲ့သည် မူးယစ်တပ်စု (၆)ကသာမှ ရဲအုပ်ရောင်နီဝင်းနှင့်အဖွဲ့၊ ကသာခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ကြပ် ကျော်မင်းထိုက်တို့ ပူးပေါင်းပြီး သတင်းအရ သက်သေများနှင့်အတူ ရဲစခန်းတောင်ဘက် ခြောက်မိုင်ခန့်အကွာ အင်းတော်မြို့နယ် ကမ်းနီကျေးရွာအနီး နန်းဝင်း၏ နေအိမ်လယ်တဲကို မူးယစ်ဆေးဝါး ဝင်ရောက်ရှာဖွေရာ နန်းဝင်း၊ ဟန်စော၊ တင်ထွန်းတို့သုံးဦးကိုတွေ့ရှိရပြီး ၎င်းတို့အနီးမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များထည့်ထားသည့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး၊ ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့်များထည့်ထားသည့် အလေးချိန် ၂ ဒသမ ၅ဂရမ်ခန့်ပါ ပလတ်စတစ်ဘူးအဖြူတစ်ဘူး၊ မူးယစ်ဆေးဝါးရောင်းချရငွေဟုယူဆရသော ငွေစက္ကူရေရာ ငွေကျပ် ၂၄၃၀၀၀၊ နန်းဝင်းပိုင် စိုက်ခင်းအတွင်းရှိ ချုံပုတ်ထဲမှ ၎င်းကိုယ်တိုင်လိုက်ပြသည့် Love is Flower တံဆိပ်ပါ ဆပ်ပြာခွက်အနီရောင်အတွင်း ပလတ်စတစ်အကြည်စဖြင့် ထည့်ထား သည့် ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်ပါတစ်ခွက် Love is Flower တံဆိပ်ပါ ဆပ်ပြာခွက်အနီရောင်အတွင်း ပလတ်စတစ်အကြည်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့်အလေးချိန် ၁၀၀ဂရမ်ပါတစ်ခွက်နှင့် လယ်တဲရှေ့ ငါးပေခန့်အကွာ ချုံပုတ်အတွင်းမှ အပြာရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်စဖြင့် ထည့်ထားသည့်ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့်အလေးချိန် ၁၂ ဂရမ်ပါ တစ်ခွက်ဘိန်းဖြူထည့်ရာတွင် အသုံးပြုသည့် Love is Flower တံဆိပ်ပါ ဆပ်ပြာခွက် အစိမ်းရောင်အလွတ်တစ်ခွက် စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၃၆ ဒသမ ၈ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၃၆၈၀၀၀၀ တို့ကို သက်သေများရှေ့တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ပြီး ဒုရဲအုပ် သောင်းစိန်ထွန်းက ဥပဒေအရအရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

တရားခံ နန်းဝင်း၏ အစစ်ခံချက်အရ အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာနေ သန်းဇော်ဆိုသူထံမှ ဇန်နဝါရီ ၁၃ ရက်က ဘိန်းဖြူဆပ်ပြာခွက် တစ်ခွက်လျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် ဆပ်ပြာခွက်ခြောက်ခွက်ကို ဝယ်ယူပြီး တောလမ်းအတိုင်း ခြေကျင်ခရီးဖြင့် လွယ်အိတ်အတွင်းဝှက်၍ ရောင်းချရန်နှင့် သုံးစွဲရန်သယ်ယူလာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့သုံးဦးကို အင်းတော်မြို့မရဲစခန်းကအမှုဖွင့် အရေးယူခဲ့ပြီး အမှုစစ်အဖြစ် ဒုရဲအုပ်ကျော်မင်းသူက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

Congratulations

စုပါမန္တလေးကုမ္ပဏီလီမိတက် ဘုရင်ဘီစကွတ်စက်ရုံသစ်ကို ၂၇-၁-၂၀၁၅ ရက်တွင် ဖွင့်လှစ်ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။ လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုခင်မောင်ထွေး-မစုမြတ်နှင့်
ဦးပုမှန့်မျိုးစုံ ရောင်းဝယ်ဖြန့်ချိရေး
ရန်ကုန်

စီးပွားရေးလုပ်ငန်း တွင်ကျယ်ရေး၊ မြန်မာ့အလင်းမှ ကြော်ငြာပေး။ အများပြည်သူ အဆင်ပြေရေး၊ နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။

တိုက်ခန်းအမြန်ရောင်းမည်
တာမွေ၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းမပေါ် ဒုတိယထပ် အသင့်နေနိုင်အောင် အထူးပြင်ဆင်ထားပါသည်။
သိန်း ၇၆၀ (ညှိနှိုင်း)
ဖုန်း-၀၉-၃၀၀၄၈၅၂၃၊ ၀၁-၅၄၄၀၀၁

မြေကွက်အမြန်ရောင်းမည်
ဂရန်ပေါက်၊ အရှုပ်အရှင်းမရှိ မြေကွက်အမှတ် (၄၉၃)၊ (၄၉၄)၊ နှစ်ကွက်တွဲ ပုလဲ(၃)အပိုင်၊ ပတ္တမြားတောင်-မင်္ဂလာဒုံ၊ နဝရတ်လမ်းမကြီးနှင့် မြစပါယ်လမ်းသွယ်ထောင့်ကွက်။
(ညှိနှိုင်းဈေး) သိန်း ၁၅၀၀
ဖုန်း-၀၁-၉၆၉၀၀၇၀၊ ၀၉-၅၁၀၇၀၆၀၊ ၀၉-၂၅၃၆၅၈၈၆၅

တိုက်ခန်းရောင်းမည် ပွဲစားမလို
၁၈ ပေ × ပေ ၆၀ - ခြောက်လွှာ ရှေ့/နောက်၊ ဝရန်တာသံပန်းပါ၊ အိပ်ခန်းနှစ်ခန်း ပြင်ဆင်ပြီး အသင့်နေနိုင် မြင့်မိုရ်လမ်း၊ စမ်းချောင်း
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၉၉၇၂၅၄၊ ၀၉-၂၅၃၂၃၈၄၅၇

ကန့်ကွက်နိုင်ပါကြောင်း
သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် ၁၅လမ်း၊ အမှတ်(H/၆၅) အမည်တွင်သည့်(ပေ၄၀×ပေ၆၀)ရှိ ဒေါ်ချဲလယ်မ(ခ)ဒေါ်ဆဲလဲမ စလစ်အမည်ပေါက်ခြံမြေအား ၂၃-၁-၂၀၁၅ ရက်တွင် အမှတ်(H/၁၁၉)ဗဟို၊ ၁၃လမ်း၊ အေးသာယာနေ ဒေါ်ဝတ်ရည်ထွန်းမှ အရောင်းအဝယ်စရန်ပေးစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေခဲ့ပါသည်။ ယင်းခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက သတင်းစာပါသည့်ရက်မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်လိုသူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါသည်။ **ဒေါ်ဝတ်ရည်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်တင်တင်လှ(စဉ်/၂၉၆၆၀) အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၃၀၇၃၄၂၆

PGDMA ဝင်ခွင့် Sat, Sun ... Mon to fri ...

ကန့်ကွက်နိုင်ပါကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး-မြောက်)၊ မြေကွက်အမှတ် (၈၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၂/ခ)၊ အနော်ရထာလမ်း၊ ကြီးပွားရေးမြောက်၊ သဃ်န်းကျွန်းမြို့နယ် နှစ် ၆၀ဂရန်အမည်ပေါက် ဒေါ်ခင်တင့်-ဦးကာမာလ်ဘာချာမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်တင့် (မိခင်)၊ ဦးခင် (ဖခင်)တို့ကွယ်လွန်၍ သား၊ သမီးဖြစ်သူ ဒေါ်မြဝင်း ၁၂/သဃက(နိုင်)၁၄၉၀၇၇၊ ဦးထွန်းအေး(ခ)ဦးအေး ၁၂/စခန(နိုင်)၀၁၇၁၀၆ တို့မှ ဒေါ်ခင်တင့်၏အစုနှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကာမာလ်ဘာချာ(ကွယ်လွန်)၍ ဇနီး ဖြစ်သူ ဒေါ်မြဝင်းမှ သား/သမီးငါးဦးအနက် ဦးကိုကိုလတ်(လူပျိုဘဝဖြင့်ကွယ်လွန်)၍ ကျန် သား/သမီးဖြစ်သူ ဦးကိုကိုကြီး ၁၂/သဃက(နိုင်)၁၄၉၈၀၅၊ မနှင်းနှင်းစိုး ၁၂/သဃက(နိုင်)၁၄၉၈၁၉၊ မောင်လှမျိုး ၁၂/သဃက(နိုင်)၁၈၂၃၀၁၊ မောင်စိုးမိုးနိုင် ၁၂/သဃက(နိုင်)၁၈၂၃၀၀ တို့နှင့်အတူ ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ
ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၃၉၊ မြေကွက်တည်နေရာအမှတ် (၃၉)၊ ဘုရင့်နောင်လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအောင်ငြိမ်း) ၁၂/ဒပန(နိုင်)၀၀၅၃၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၆၃/၂၀၁၄)တရားလို ဒေါ်မိုးခိုင်က တရားပြိုင် ဦးအောင်ငြိမ်းအပေါ်စွဲဆိုရာ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးစေရန် တရားလိုတောင်းဆိုသည့်အတိုင်း တရားပြိုင်မှ တရားလိုအား ဆောင်ရွက်ပေးစေရန် ချမှတ်သည့် ၂-၁၀-၂၀၁၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၅၂/၂၀၁၄)အမိန့်တို့ တင်ပြလျက် တရားရုံး (ဦးအောင်ငြိမ်း)ကိုယ်စား ဒေါပုံမြို့နယ်တရားရုံး ဘီလစ် ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

DIAMOND
INYA PALACE
34 STOREY
အင်းယားကန်ဘေးမှာအမြင့်ဆုံးထိုးထွက်လာမည့်ရတနာ
SALES LAUNCH
SEDONA HOTEL (MANDALAY)
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၊ (၃၁)ရက်
ကမ္ဘာ့စိတ်ကူး၊ ကမ္ဘာ့အဆင့်အတန်းမီ .....ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
